# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုသိုလ်၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ကုသိုလ်ကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

**ယမကဝဂ် (ဓမ္မပဒ - ၈)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၃၄)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပနားမားသမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန် ကော့ဒ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဗလာဒီနီအေ ဂေါ်ရှင်သည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာဗီအို ဆောလ် ဆမ်မူဒီအို ဘီသန် ကော့ဒ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပဧည့်အဖွဲ့များ လက်ခံတွေ့ဆုံ မြန်မာနိုင်ငံ၏ ရှားပါးတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များထိန်းသိမ်းရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF-US Board Member) Mr. Matthew Carey Harris နှင့် WWF မှ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး Dr. Amirtharaj Christy Williams တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရှားပါးတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးမှုတိုးမြှင့်ရေး၊ ပတ်ဝန်းကျင်နှင့် သစ်တောဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် မြှင့်တင်ရေး အပါအဝင် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးစွမ်းအင်ထုတ်လုပ်ရေးကဏ္ဍများ၌ မြန်မာနိုင်ငံနှင့် WWF တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF-US Board Member) Mr. Matthew Carey Harris နှင့် WWF မှ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး Dr. Amirtharaj Christy Williams တို့နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)






# တိုင်းပြည်၏ ဒီမိုကရေစီအချိုးအကွေ့၌ ရှိရမည့် တွဲလက်များ

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက သောင်ပြိုကမ်းပြိုဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရသစ်သည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်၍ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဆိုပါစိန်ခေါ်မှုများသည်လည်း လူထုအစိုးရသစ်လက်ထက်မှ ပေါ်ပေါက်လာသော စိန်ခေါ်မှုများမဟုတ်၊ တိုင်းပြည်၌ နှစ်ပေါင်းများစွာတည်ရှိခဲ့သော စိန်ခေါ်မှုများသာဖြစ်ပါသည်။ လူထုအစိုးရသစ်က ဤစိန်ခေါ်မှုများနှင့် ပတ်သက်၍ ပြည်သူလူထုကိုရှင်းလင်းတင်ပြရန် ကိစ္စရပ်များစွာရှိပါသည်။ ကမ္ဘာ့ဘဏ်က လူထုအစိုးရသစ်အား တိုင်းပြည်စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ ယခုထက်ပိုမိုရှင်းလင်းတင်ပြရန်ကိုပင် အကြံပြုခဲ့ပါသည်။ တင်ပြလိုသည်မှာ နိုင်ငံပိုင်သတင်းစာများတွင် တိုင်းပြည်အတွက်ဆောင်ရွက်နေသော လူထုအစိုးရသစ်၏ လုပ်ဆောင်ချက်များကို ဖော်ပြနေခြင်းသည် တစ်စုံတစ်ရာ မှားယွင်းသော ကိစ္စရပ်မဟုတ်ပါ။

နိုင်ငံတော်ပိုင်သတင်းစာများက တစ်ဖက်စောင်းနင်းအခွင့်အရေးများရရှိထားသည်ဆိုသည်မှာလည်း လူထုအစိုးရသစ်က ဖန်တီးထားသော ကိစ္စရပ်မဟုတ်ပါ။ သမိုင်းအမွေအဖြစ်လူထုအစိုးရသစ်က ဆက်ခံခဲ့ရခြင်းဖြစ်ပါသည်။ လူထုအစိုးရသစ်က တိုင်းပြည်၏ ခွင့်ပြုထားသော ဘတ်ဂျက်ဘောင်အတွင်းမှ ဦးစားပေးကိစ္စရပ်များ ရွေးချယ်သတ်မှတ်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးကိုလည်း အတိုင်းအတာဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။ သို့သော် လူထုအစိုးရသစ်က နိုင်ငံတော်ပိုင်သတင်းမီဒီယာများနှင့် ပုဂ္ဂလိကပိုင် သတင်းမီဒီယာတို့ကို တစ်ပြေးညီသတင်းရယူပိုင်ခွင့်ကို အာမခံပေးအပ်ထားပြီးဖြစ်ပါသည်။ နိုင်ငံတော်ပိုင်သတင်းစာများကရရှိနေသော အကျိုးအမြတ်ဆိုသည်မှာလည်း နိုင်ငံတော်၏ ဘဏ္ဍာငွေသာဖြစ်၍ လူထုအစိုးရသစ်၏ လုပ်ဆောင်ချက်များသည်လည်း နိုင်ငံတော်အတွက် ဆောင်ရွက်နေသော လုပ်ဆောင်ချက်များသာဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းများကို နိုင်ငံတော်ပိုင်သတင်းစာများတွင် ပါဝင်ရေးသားရန် ဖိတ်ခေါ်ထားပြီး ဖြစ်ပါသည်။ ပုဂ္ဂလိကသတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သည်များကို ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်က ဆောင်ရွက်ပေးစေလိုသည်များကိုလည်း လက်တွေ့ကျကျ အကြံပြုဆောင်ရွက်နိုင်ပါသည်။ နိုင်ငံတော်၏ အရေးပါသော ဒီမိုကရေစီအချိုးအကွေ့၌ လူထုအစိုးရသစ်သည် ပြည်သူလူထုကိုယ်စား တိုင်းပြည်အတွက် ဆောင်ရွက်နေခြင်းဖြစ်၍ ပုဂ္ဂလိက သတင်းမီဒီယာများအနေဖြင့် ဝေဖန်ထောက်ပြသင့်သည်များကို ဝေဖန်ထောက်ပြ၍ လက်တွဲဆောင်ရွက်သင့်သည်များကို လက်တွဲဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းဖော်ပြအပ်ပါသည်။ ။

## ငြိမ်းချမ်းချစ်ကြည်၊ တွဲလက်ညီ ပြည်ထောင်စုသား သွေးချင်းများ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နှီးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




## ရာစုပင်လုံ ရင်ခွင်လှုံလှည့်

❖ အို…ညီနောင်တို့
ဟိုးရှေးစဉ်ခါ
ဘိုးဘွားတည်တေ
စုစည်းလေ၍
ပြည်ထောင်စုကြီး
ဖြစ်တည်ပြီးချေ
နေထိုင်စေခဲ့…

❖ အို…ညီနောင်တို့
ကျူးကျော်နယ်ချဲ့
အုပ်ချုပ်ခဲ့စဉ်
ပြည်မတောင်တန်း
ခွဲခြမ်းသွေးထိုး
အရောင်ဆိုးလည်း
ဒို့များညီနောင်
သွေးရောင်မကွဲ
စည်းလုံးမြဲကို
ပင်လုံအားနဲ့
ပြခဲ့ပြီ…

❖ အို…ညီနောင်တို့
နယ်ချဲ့အမွေ
တို့မြေကျန်ရစ်
ပြည်တွင်းစစ်ကို
ခုပင်မနေး
ငြိမ်းသတ်လေပြီး
ဒို့ပြည်သားတွေ
တိုးတက်စေဖို့
ရာစုပင်လုံ
ရင်ခွင်လှုံရင်း
ငြိမ်းချမ်းရေးလက်
ကမ်းဆက်ကြလေ
ညီနောင်ဆွေတို့…

မင်းမခ

## ပင်လုံညီလာခံအကြို ပုံပြင်၊ ကဗျာ၊ တေးသီချင်း ရွတ်ဆိုပြိုင်ပွဲကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူကြိုကလေးငယ်များ၏ ပုံပြင်၊ ကဗျာ၊ သီချင်းရွတ်ဆိုပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရင်သွေးငယ်လေးများ၏ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ ကဗျာပြိုင်ပွဲ၊ သီချင်းပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများ ဆက်လက်ကျင်းပပြီး ပြည်ထောင်စု၏ ထာဝရအလှသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားပိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် မူကြိုကျောင်းပေါင်း ၁၂ ကျောင်းမှ မူကြိုကလေးငယ် ကျောင်းသား ကျောင်းသူ ၁၄၀ ကျော်က ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၀-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၆ · ၂ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်






**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ “ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း” “Panglong Peace Talk” အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀မှ စတင်၍ MRTV ရုပ်သံလိုင်းနှင့် Myanmar State Counsellor Office Facebook Page တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံတက်ရောက်စဉ် စာဖတ်ခဲ့သော ညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနား(ပင်လုံ)တွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**






# လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ -ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. HaoliangXu အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNDP က မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ -ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. HaoliangXu အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲစစ်ဆေးမည့်ရက် ပြောင်းလဲထုတ်ပြန်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ခရိုင်အဆင့် စစ်ဆေးမည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲရက်အား ပြောင်းလဲပြင်ဆင်ထုတ်ပြန်ကြောင်း သိရှိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုမည့် စာမေးပွဲရက်အား မူလက ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်အတွင်း စစ်ဆေးရန်ထုတ်ပြန်ခဲ့သော်လည်းယခုအခါ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း စစ်ဆေးရန် ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဦးမြင့်ဇော်က ပြောကြားသည်။

**အချိန်နှင့်တစ်ပြေးညီပေးပို့ထား**

“ဖေဖော်ဝါရီ ၉ ရက်နေ့မှာစာမေးပွဲရက်ပြောင်းလဲပြင်ဆင်တဲ့ ညွှန်ကြားစာ ကျွန်တော်တို့ရုံးကို ရောက်လာပါတယ်။ စာမေးပွဲရက်ကို တစ်ရက်နောက်ဆုတ်လိုက်တဲ့ သဘောပါ။ သက်ဆိုင်ရာခရိုင်နဲ့ မြို့နယ်ရုံးတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားစာတွေ ပေးပို့ထားပါပြီ”ဟု ၎င်းက ပြောသည်။

ထို့အပြင် အခြေခံပညာအဆင့် ကျန်ရှိသောအတန်းများ၏ ကျောင်းအတွင်းစစ်ဆေးခြင်းများကိုလည်း မူလသတ်မှတ်ထားသည့် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အစား ၁၄ ရက်နေ့မှ ၂၀ ရက်အတွင်းစစ်ဆေးနိုင်ရန် ပြင်ဆင်သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး၌ ယခုပညာသင်နှစ်တွင် ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူစာရင်းများအနေဖြင့် ဖေဖော်ဝါရီ ၉ ရက် စာရင်းများအရ စတုတ္ထတန်းတွင် ၁၁၀၉၀၇ ဦး နှင့် အဋ္ဌမတန်းတွင် ၈၂၇၈၅ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘယ်လာရုစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗလာဒီနီအေ ဂေါ်ရှင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒမူဘောင်ရေးဆွဲဖော်ဆောင်ရေး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်　ဖေဖော်ဝါရီ　၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF-US Board Member) Mr. Matthew Carey Harris နှင့် အဖွဲ့က ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေ (Environmental Management Fund) တည်ထောင်ရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ကျားထိန်းသိမ်းရေးစီမံချက် (Tiger Action Plan) အကောင်အထည်ဖော်ရေး၊ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒမူဘောင်တို့ ရေးဆွဲအကောင်အထည်ဖော်ရေး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးနှင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော်　ဖေဖော်ဝါရီ　၁၀**

ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးနှင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်ညီလာခံ ကျင်းပ

**ရန်ကုန်　ဖေဖော်ဝါရီ　၁၀**

မြန်မာနိုင်ငံတွင် မေ့ဆေးအထူးကုဆရာဝန်ပေါင်း ၄၄၇ ဦး မွေးထုတ်ပေးခဲ့ပြီး လက်ရှိတွင် နိုင်ငံ့တာဝန်ထမ်းဆောင်သူ အရေအတွက် ၂၄၄ဦးရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံ အနေအထားအရ မေ့ဆေးဆရာဝန်ဦးရေ အလွန်နည်းပါးလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး စောင့်ရှောက်မှုပေးနိုင်သည့် အနေအထားရောက်ရှိရေး တိုးမြှင့်သင်ကြားမွေးထုတ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၈ နာရီက ရန်ကုန် မြို့ Sky Star ဟိုတယ်၌ကျင်းပသည့် (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်ညီလာခံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားခဲ့သည်။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် မေ့ဆေးအထူးကုဆရာဝန်များသည် မိမိတို့ ဆရာသမားများ လက်ဆင့်ကမ်းပေးသော ဘာသာရပ်ဆိုင်ရာ ပညာရပ်များအား ခေတ်နှင့် လျော်ညီစွာပိုမိုတိုးတက်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင်ပြုလုပ်သည့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ အသည်းအစားထိုးလဲလှယ်ခြင်း စသည့် အထူးခွဲစိတ်မှုများ ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့်အပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ဆက်လက်ပြောကြားသည်။

ယခုကျင်းပသည့်ညီလာခံတွင် ဖေဖော်ဝါရီ ၉ ရက်က အကြိုအလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်လ်ပင်)နှင့် Sky Star ဟိုတယ်တို့၌ ငါးကြိမ်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက် နှင့် ၁၁ ရက်တို့တွင် ညီလာခံနေ့များအဖြစ် ပြည်တွင်း ပြည်ပရှိ အထူးကုဆရာဝန်များ၏ လတ်တလောကုသမှုပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်မှုနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ ပြည်တွင်းရှိ မျိုးဆက်သစ်မေ့ဆေးအထူးကုဆရာဝန်များက သုတေသန စာတမ်းပေါင်း ၃၀ တင်ပြခြင်းတို့ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကြည်ကြည်စန်းက "မေ့ဆေးဘွဲ့လွန် သင်တန်းကပြီးခဲ့တဲ့နှစ်ကစပြီး နှစ်နှစ်တန်းကနေ သုံးနှစ်တန်းအထိ အရှေ့တောင်အာရှနိုင်ငံတွေနဲ့အညီဖြစ်အောင် ပြောင်းခဲ့ပါတယ်။ အဲဒီဒေသမှာရှိတဲ့ ဆရာဝန်တွေ လေ့ကျင့်သင်ကြားပေးပြီး မေ့ဆေးဆရာဝန်အရည်အတွက် ကွာဟမှုရှိတဲ့ နေရာတွေမှာ ဆောင်ရွက်နေပါတယ်။ ရှိပြီးသား မေ့ဆေးဆရာဝန်တွေရဲ့အရည်အသွေးမြှင့်တင်မှုတွေလည်းလုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်း အတွင်းရေးမှူး၊ မေ့ဆေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမြတ်စိုးက "မေ့ဆေးဆရာဝန် အရေအတွက်က လတ်တလောမှာ နိုင်ငံလူဦးရေ တစ်သိန်းရှစ်ထောင်မှာ တစ်ယောက်နှုန်းပဲ ရှိသေးတယ်၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် အများကြီးမွေးထုတ်ဖို့လိုသေးတယ်။ ဒီအတွက် အရပ်ဘက်ကရော တပ်မတော်ဘက်ကပါ ၂၀၁၅ ခုနှစ်ကစပြီး တိုးချဲ့ခေါ်ယူလျက်ရှိပါတယ်"ဟု ပြောသည်။



မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအဖွဲ့ကို ၁၉၉၃ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မေ့ဆေးဆရာဝန်များ ညီလာခံကို ၁၉၉၄ခု နှစ်မှ စတင်၍ နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ကြောင်း သိရသည်။ ယခုကျင်းပသည့် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှမေ့ဆေးဆိုင်ရာအထူးကုဆရာဝန်များ၊ ပြည်ပရောက် မြန်မာအထူးကုဆရာဝန်များ၊ တပ်မတော်မှ မေ့ဆေးအထူးကုဆရာဝန်များ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျ၊ ဗြိတိန်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နိုင်ငံတို့မှ အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။

**သတင်း - မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ - ရဲထွဋ်**

# YBS တံဆိပ်ပြည့်စုံစွာမပါသော လိုင်းကားကြီးများ ယာဉ်လိုင်းအချို့တွင် မြင်တွေ့နေရဆဲဖြစ်



**ရန်ကုန်　ဖေဖော်ဝါရီ　၁၀**

YBS တံဆိပ် နှစ်ရက်အတွင်း အပြီးမတပ်ဆင်ပါက ငွေကျပ်တစ်သိန်း ဒဏ်ရိုက်မည်ဆိုသော သတင်းဖော်ပြချက် ဖေဖော်ဝါရီ ၉ ရက်နေ့ထုတ် မီဒီယာများတွင်ဖတ်ရှုရသည်။

**ပြည့်စုံစွာကပ်ထားခြင်းမရှိ**

သို့သော် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မော်တင်(လမ်းသစ်)မှတ်တိုင် ဂိတ်ဆုံးကွေ့ကားအဖြစ်ပြေးဆွဲသောယာဉ်လိုင်းလေးလိုင်းအနက် ယာဉ်လိုင်းနှစ်လိုင်းတွင် ပြေးဆွဲနေသော ယာဉ်ကြီးများတွင် နဖူးစီးစတစ်ကာ ပြည့်စုံစွာကပ်ထားခြင်းမရှိသည်ကို မြင်တွေ့နေရသည်။

အလားတူ လှိုင်သာယာသို့ မော်တင်(လမ်းသစ်)မှတ်တိုင်မှ ပြေးဆွဲနေသော ယာဉ်လိုင်းမှ ယာဉ်ကြီးအချို့တွင် ယာဉ်နောက်ပိုင်း၌ YBS အမှတ်အသားလုံးဝမပါရှိဘဲ မောင်းနှင်နေသည်ကို နံနက် ၉ နာရီခန့်နှင့် မွန်းလွဲ ၂ နာရီခန့်တို့တွင် ဘုန်းကြီးလမ်းနှင့် အနော်ရထာမီးပွိုင့်လမ်းဆုံ စံပြရုပ်ရှင်ရုံ၏ မြို့ပြင်သွားလမ်းကြောင်းပေါ်တွင် မြင်တွေ့ရသည်ဟု မြင်တွေ့သူများက ဆိုသည်။

YBS ယာဉ်လိုင်းစနစ်သစ်တွင်ပါဝင်ပြေးဆွဲနေသောယာဉ်များတွင် သက်ဆိုင်ရာမှ ထုတ်ပြန်သောစည်းကမ်းများကို လိုက်နာမှု အားနည်းနေဆဲရှိသည်ကို မြင်တွေ့ရသည်။ နေ့ပိုင်းတွင်သာမက မော်တင်(လမ်းသစ်) ဂိတ်ဆုံးယာဉ်လိုင်းလေးလိုင်းသည် ည ၉ နာရီကျော်အထိ ပြေးဆွဲမှုမြင်တွေ့ရသည်။ သို့သော်သခင်မြပန်းခြံဂိတ်ဆုံး ယာဉ်လိုင်းများတွင်မူ လိုအပ်ချက်များရှိနေဆဲဖြစ်၍ သွားလာရေးအခက်အခဲများရှိနေဆဲ ဖြစ်သည်။

ရွှေပြည်သာ(လိန်ကုန်း)-သခင်မြပန်းခြံခရီးစဉ်တွင် နေ့ပိုင်းနာရီဝက်ကာလတွင် ငါးစီးနှုန်းဝန်းကျင်ပြေးဆွဲနေသည်ကို မြင်တွေ့ရသော်လည်း ညပိုင်းတွင် ပြေးဆွဲမှုမရှိသလောက်ဖြစ်နေရာ ဘုရင့်နောင်ပွဲရုံ-ဈေးမှတ်တိုင်မှ သခင်မြပန်းခြံသွားခရီးသည်များ ကြားကားစီးနေရဆဲဖြစ်သည်။ ယင်းလိုင်းတစ်လိုင်းတွင်သာ ပြေးဆွဲမှုမရှိသလောက်ကြုံတွေ့နေရဆဲဖြစ်သော်လည်း လှိုင်သာယာ-သခင်မြပန်းခြံသွား ခရီးစဉ်ပြေးဆွဲနေသော လိုင်းကားများမှာ ညပိုင်းပြေးဆွဲမှုရှိနေသည်ကို မြင်တွေ့ရသည်။

**ခင်ဆိုင်**

# တရားစီရင်ရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားသူကြီး The Hon. Allyson K. Duncan အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် USAID တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အမေရိကန်ပြည်ထောင်စုနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့အကြား တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေး၊ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# YRTA အောက်တွင် နည်းပညာပိုင်းဆိုင်ရာကော်မတီတစ်ခုကို တည်ထောင်ရန် တူရင်မြို့၏ ဒုတိယမြို့တော်ဝန်ဦးဆောင်သောအဖွဲ့ အကြံပြု

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုလျင်မြန်ချောမွေ့စေရန်အတွက် သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့(YRTA) အောက်တွင် နည်းပညာပိုင်းဆိုင်ရာ ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်သင့်ကြောင်း မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အီတလီနိုင်ငံ တူရင်မြို့၏ ဒုတိယမြို့တော်ဝန် ဦးဆောင်သောအဖွဲ့က သက်ဆိုင်ရာသို့ အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာဆိုရင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်တွေနဲ့ မြို့ပြစီမံကိန်းတွေမှာ ဘယ်လိုနည်းလမ်းတွေနဲ့ အစီအမံတွေကို ဖော်ဆောင်သွားနိုင်မလဲဆိုတာတွေအပြင် သယ်ယူပို့ဆောင်ရေးအတွက် ရေရှည်တည်မြဲဖို့လုပ်တဲ့အခါမှာ လုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်၊ အဓိကအားဖြင့်တော့ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့သွားဖို့ လာပြီးလုပ်ဆောင်နေတာဖြစ်ပါတယ်၊ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးတော့ ဆွေးနွေးခဲ့တယ်၊ အချိန်အနည်းငယ်အတွင်း ဆွေးနွေးခဲ့ရာမှာ လုပ်ငန်းလုပ်ဆောင်သင့်တဲ့ အကြံပြုချက်တွေကို ပေးခဲ့တယ်၊ နည်းပညာပိုင်းဆိုင်ရာမှာ ကူညီပေးမယ်လို့ပြောခဲ့ပါတယ်"ဟု အီတလီနိုင်ငံ တူရင်မြို့၏ ဒုတိယမြို့တော်ဝန် Mr. Guido Montanari က ပြောကြားသည်။




ဆက်လက်၍ "အခုမှ ပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းစဉ်တွေကို စတင်ပြီးလုပ်တာဖြစ်ပါတယ်။ အဆိုတင်ထားပြီးသား အခြေအနေဖြစ်ပါတယ်၊ ရန်ကုန်မြို့မှာဆိုရင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်ထဲမှာ အများပြည်သူအသုံးပြုနေတဲ့ ဘတ်စ်ကားစနစ်ကို ဘယ်လိုကောင်းအောင် လုပ်ငန်းတွေလုပ်ဆောင်သွားမလဲဆိုတာမျိုးတွေအပြင် ရရှိတဲ့အချက်အလက်တွေကနေ လိုအပ်ချက်တွေကို နည်းပညာအရ ရှာဖွေပြီး ကောင်းမွန်တိုးတက်အောင် ဘယ်လိုလုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

တူရင်မြို့၏ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ၂၀၁၅ ခုနှစ်က စတင်ခဲ့သည့် ဥရောပသမဂ္ဂ၏ စီမံကိန်းတစ်ခုဖြစ်သော ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှုစီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ပြီး ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင် မီဒီယာများအား ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် ပြည်သူ့ကိုယ်စားလှယ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကျွမ်းကျင်သည့်ပညာရှင်များနှင့် ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာပိုင်းဆိုင်ရာ ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် YRTA ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့်လည်း သွားရောက်တွေ့ဆုံကာ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ဆွေးနွေးခဲ့မှုနှင့်ပတ်သက်၍ အီတလီနိုင်ငံ တူရင်မြို့ Metropolitan Mobility Transport အေဂျင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Prof.Cristina က "ဒီကိုလာပြီး လေ့လာသုံးသပ်မှုအရ နည်းပညာပိုင်းဆိုင်ရာကော်မတီတစ်ခု လုပ်သင့်ပါတယ်ဆိုတာကို အကြံပြုထားတာပဲ ရှိပါတယ်။ တကယ်လုပ်တာ၊ မလုပ်တာ၊ အတည်ပြုတာ၊ မပြုတာကို သေချာဆွေးနွေးမယ်လို့ ဝန်ကြီးက ပြောတယ်"ဟု ရှင်းပြသည်။

ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှုစီမံကိန်းသည် ဥရောပသမဂ္ဂ စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ စီမံကိန်းကို တူရင်မြို့တော်ဝန်နှင့်အဖွဲ့က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရှေ့ပြေးစီမံချက်အနေဖြင့် တာမွေနှင့် သဃ်န်းကျွန်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်း၏ ဆောင်ရွက်မှုများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ပြည်သူများပါဝင်သော အသေးစားကော်မတီများဖြင့် ဘတ်စ်ကားမှတ်တိုင်များတွင် သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးဖလှယ်မှုများ ပြုလုပ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးခြင်း၊ မြို့နယ် နှစ်မြို့နယ်မှ အခြေခံပညာကျောင်းများသို့ သွားရောက်ကာ အသိပညာပေးဆွေးနွေးမှုများပြုလုပ်ခြင်း စသည်တို့ပါဝင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

❖ *ကျောဖုံးမှ*

အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနုဆူဗာနာဂျာတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကုသိုလ်ပြုကြတဲ့ ဘာသာရေးအသင်းအဖွဲ့များ စုပေါင်းပြီး ထမနဲထိုးပြိုင်ပွဲပြုလုပ်ရာက ရရှိလာတဲ့ ထမနဲများကို အလှူခံတစ်ကျိပ်လေးဦးတွင် ထိပ်ဆုံးကပါဝင်တဲ့ ဘုရားနဲ့ သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဘုရားအမှူးပြုသော သံဃာတော် ၆၂ ပါးအား ထမနဲဆွမ်းတော်ကြီးလောင်းလှူခြင်း၊ အများပြည်သူများအား ဝေငှကုသိုလ်ပြုခြင်းများကို ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် အလှည့်ကျဂေါပကဥက္ကဋ္ဌ ဦးသန်းဇော်က ပြောသည်။

ထမနဲဆွမ်းလောင်းလှူပွဲများနှင့် ပတ်သက်သည့်သမိုင်းအနေဖြင့် ဝိပဿီဘုရားရှင်လက်ထက်က အရှင်ကောဏ္ဍညလောင်းလျာ စူဠကာလအမျိုးသားသည် ကောက်ဦး (၉) ကြိမ် ကာလဒါနလှူဒါန်းခဲ့မှုကြောင့် ဘဝဆက်တိုင်း လောကီကောင်းကျိုးများ ရရှိခံစားရသည့်အပြင် ဂေါတမဘုရားရှင်လက်ထက်တော်တွင် တရားဦးဓမ္မစကြာ နာကြားရသည့် ပဉ္စဝဂ္ဂီငါးဦးတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ အဦးဆုံးသောတာပန်တည်သူ ရတ္တညူတဒဂ်ရ အညာသိကောဏ္ဍညအဖြစ် ထင်ရှားခဲ့ပြီး နိဗ္ဗာန်မျက်မှောက်ပြုရသည့် လောကုတ္တရာကောင်းကျိုးကိုလည်း ခံစားရရှိခဲ့ကြောင်း ဦးသန်းဇော်က ပြောသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် ၂၈၀၀၀၀၊ တတိယဆုငွေကျပ် ၂၆၀၀၀၀၊ စတုတ္ထဆု ငွေကျပ် ၂၄၀၀၀၀၊ ပဉ္စမဆုငွေကျပ် ၂၂၀၀၀၀ နှင့် နှစ်သိမ့်ဆု ငါးဆုတွင် ငွေကျပ် ၁၀၀၀၀၀ စီနှင့် ဆုအသီးသီးအတွက် ဆုကလပ်တစ်ခုစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရရှိလာသော ထမနဲများကို အမှတ်ပေးဒိုင်အဖွဲ့က တစ်ခုချင်းစီ အနံ့၊ အရသာ၊ အပျော့၊ အမာ အနေအထားတို့ကို အကဲဖြတ်အမှတ်ပေးကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# ရောဝတီတံတား(မကွေး)ရေလမ်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရောဝတီမြစ်ကူး ရောဝတီတံတား(မကွေး)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်( ၁၇ )နှင့် (၁၈)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့် (၁၇)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်း ပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲ၊ တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

**မကွေးတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ မကွေးတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အထူးပြုဘာသာရပ်အသီးသီးမှ ဘော်လီဘောအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သင်္ချာဌာနနှင့် ရူပဗေဒဌာနအသင်းတို့ ယှဉ်ပြိုင်ကြစဉ်**

သန်းနိုင်ဦး(ဇဖဲ)



# ညီညွတ်ဖို့ လိုပါသည်

**ထာဝရမွန်(ဂုဏ်ထူးတန်း)**

တစ်ခါက စိတ္တကုဋ်တောင်ရတနာရွှေဂူ၌ ရွှေဟင်္သာကိုးသောင်း တို့ နေထိုင်ကြပါတယ်။ ရွှေဟင်္သာများဟာ မိုးအခါမှာ ပြင်ပ ပြင်လွင် (အခြားတစ်ပါးသောအရပ်)သို့ ထွက်လေ့ထွက်စ မရှိကြပါဘူး။ သူတို့အတောင်ပံတွေမိုးစိုပြီး သမုဒ္ဒရာရေပြင် ထဲ ကျရောက်သေကျေပျက်စီးလို့ မိုးရာသီကိုရှောင်တာ ဖြစ်မှာပါ။

ဒါကြောင့် ရွှေဟင်္သာတွေဟာ မိုးရာသီမတိုင်မီကတည်း က မိုး လေးလစာအတွက် သလေးနှံများကို ရှာဖွေသိုမှီး စုဆောင်းထားရှိကြပါတယ်။ တစ်နေ့မှာ ရထားလှည်းဘီးမျှ ရှိတဲ့ ပင့်ကူကြီးတစ်ကောင် ဂူဝသို့ရောက်လာပြီး ရည်မှန်းချက် တစ်ခုဖြင့် တစ်လလျှင် နွားချည်ကြိုးပမာဏရှိတဲ့ အမြှေး ချည်မျှင်များကို ပြုလုပ်ပါတယ်။

ဂူပေါက်ဝကိုပိတ်ဆို့လိုက်ပြီး ရွှေဟင်္သာကိုးသောင်းရဲ့ စည်းလုံးညီညွတ်စွာ အေးအေးချမ်းချမ်း နေထိုင်ခြင်းကို မသင့်မမြတ်လုပ်ဖို့ အားမွေးစောင့်ဆိုင်းတယ်ထင်ပါရဲ့။ ပင့်ကူ ကြီးရဲ့အတွေးထဲမှာအကြံကောင်းတွေရှိနေတာက “အလွန် သန်မာလှတဲ့ ဟင်္သာပျိုကိုးသောင်း စည်းလုံးမှုပြိုကွဲမှသာ တစ်ကောင်ချင်းစီကို လွယ်လွယ်ကူကူ ဖမ်းယူစားသောက် နိုင်မယ်”ဆိုတာပါပဲ။

ဒီလိုနဲ့ဂူပေါက်ဝကို ပိတ်ဆို့ကာရံရင်း ဟင်္သာတွေ ညီညွတ်မှုပြိုကွဲလို့ အင်အားချည့်နဲ့ချိန်ကို အပိုင်စောင့်စား နေပါတော့တယ်။ မိုးလေးလလွန်မြောက်လို့ အပြင်ထွက်ရန် ခက်နေတဲ့ ဟင်္သာများဟာ ပင့်ကူချည်မျှင်ဖောက်ဖျက်ဖို့ ဟင်္သာပျိုတစ်ကောင်ကို နှစ်စုသောအစာပေးပြီး တာဝန် ပေးထားပါတယ်။ ဟင်္သာပျိုလည်းနှစ်စုသော အစာစားကာ ပင့်ကူမျှင်များကို ဖောက်ဖျက်ပစ်လိုက်ပါတော့တယ်။ ထိုနှစ်က ဟင်္သာတွေ လွတ်မြောက်ခဲ့ပါတယ်။

အကြံရှိတဲ့ ပင့်ကူကြီးကတော့ ဇွဲကောင်းကောင်းနဲ့ နောက်တစ်နှစ်အထိ စောင့်နေတုန်းပါ။ နောက်တစ်နှစ်လည်း ထိုနည်းတူပါပဲ။ မိုးလေးလစာ သလေးနှံကို သိုမှီးကြပြန်တယ်။ ပင့်ကူကြီးကလည်း ပျက်စီးသွားတဲ့ ပင့်ကူမျှင်များကို ပြန်ရစ် ဖွဲ့ပြီး ဂူပေါက်ဝကို ပိတ်ထားပြန်ပါတယ်။

ကံဆိုးချင်တော့လေ... အဲဒီနှစ်မှာ မိုးကဆက်တိုက်ရွာချ လိုက်တာ လေးလနဲ့ မစဲဘဲ ဖြစ်နေပါတော့တယ်။ လေးလလွန် လို့ ငါးလထဲအထိ ကူးပြောင်းလာခဲ့တာ အစာရေစာများ လည်း ကုန်ခန်းသွားပါတော့တယ်။ ကိုးသောင်းအင်အားရှိတဲ့ ရွှေဟင်္သာများက မိုးလေးလစာသလေးနှံများကို သိုလှောင် ထားပေမယ့် ကံဆိုးချင်တော့ အဲဒီနှစ်မှာ မိုးဟာလေးလနဲ့ မစဲဘဲ ဆက်တိုက်ရွာချလိုက်တာ ငါးလအထိ ရောက်လာ ခဲ့ပါတယ်။

စပြီးသိုမှီးကတည်းက လေးလစာတွက်ချက်ထားတာ မမျှော်လင့်ဘဲ မိုးကြီးတဲ့နှစ်ရောက်တော့ အစာတွေကုန်သွား ပါတော့တယ်။ အစာကုန်တော့တော်ကြပါပြီလေ..။ ငတ်တော့ ကိုယ့်ဥကိုပြန်ပြီး စားကြပါတယ်။

ဥကုန်ပြန်တော့ ဟင်္သာငယ်လေးများကို ပြုစုစောင့် ရှောက်ရမယ့် တာဝန်ရှိလည်း ထိုတာဝန်ကို လျစ်လျူပြုကာ ဟင်္သာငယ်တွေကို သတ်ဖြတ်စားသောက်ပစ်ကြပါတယ်။

ဟင်္သာငယ်လေးတွေ ကုန်ပြန်တော့လေ။ ဟင်္သာအိုကြီး တွေကို စားပြန်ပါတယ်။ သူတို့စိတ်ထဲမှာ ဂါရဝတရားဆိုတာ နတ္ထိပေါ့လေ...။ အဲဒီလိုနဲ့ ဟင်္သာတွေ တစ်ကောင်နဲ့တစ်ကောင် သတ်ဖြတ်စားသောက်လာခဲ့တာ ဟင်္သာတွေ ပြုတ်ပြုတ်ပြုန်း လာပါတော့တယ်။ ယခင်က ကိုးသောင်းအင်အား ဟင်္သာ များဟာ အခုဘယ်မှာ ကိုးသောင်းအားမရှိတော့ဘဲ အင်အား လျော့နည်း ပြုန်းတီးသွားပါတယ်။

> **နိုင်ငံစည်းလုံးညီညွတ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ရှေ့ရေးကို တွေးတတ်တဲ့ နိုင်ငံခေါင်းဆောင်များ၏ စေတနာလုပ်ရပ်ကြောင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ဖြစ်ပေါ်လာခဲ့ပါပြီ။ (၂၁)ရာစုပင်လုံညီလာခံမှာ ကျွန်တော်တို့ တစ်တွေ ညီညွတ်စွာပေါင်းစည်းဖို့ အချိန်တန်ပြီဖြစ်**

အစာနှစ်စုရထားတဲ့ ဟင်္သာပျိုတစ်ကောင်လည်း အင်အားချည့်နဲ့ပြီး ပင့်ကူမျှင်လေးမျှင်သာ ဖြတ်တောက် နိုင်တယ်။ နောက်ဆုံးမဖြတ်နိုင်တဲ့ တစ်မျှင်မှာ ကပ်ငြိတွယ်စဉ် မှာပဲ ပင့်ကူကြီးက လွယ်ကူစွာ ဖမ်းယူစားသောက်ပစ်လိုက် ပါတယ်။

ဇာတကဝတ္ထုထဲက ‘ဟင်္သာကိုးသောင်းနှင့်ပင့်ကူ’ဇာတ် ဟာ မှတ်သားစရာကောင်းလှပါတယ်။ စည်းလုံးညီညွတ်မှု မရှိကြဘဲ အချင်းချင်းသတ်ဖြတ်စားသောက်ကြတဲ့ ဟင်္သာ ကိုးသောင်း မျိုးပြုတ်ပုံလေးဟာ သင်ခန်းစာယူစရာ ကောင်း လှပါတယ်။

သန်မာတဲ့ ဟင်္သာကြီးတွေဟာ ဟင်္သာငယ်တွေကို ပြုစု ပျိုးထောင်မှု မရှိကြပါဘူး။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား စိတ်ဓာတ်မျိုးနဲ့ နိုင်ရာသတ်ဖြတ်ကြပါတယ်။ ဒါ့အပြင် အရွယ်အိုဟင်္သာကြီးများကိုလည်း ပျိုရွယ်ဟင်္သာ များက ရိုသေဂါရဝတရားထားခြင်း၊ စောင့်ရှောက်ကာကွယ် ခြင်း အလျဉ်းမရှိပြန်တာဟာ ပျက်စီးဖို့လမ်းခင်းသလို ဖြစ်နေ ပါတယ်။

ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ဒီဇာတကဝတ္ထုလေး ဟာ အချင်းချင်း စည်းလုံးညီညွတ်မှုမရှိလို့ ပျက်စီးရပုံကို အသေအချာသိမြင်အောင် မီးမောင်းထိုးပြတဲ့ဇာတ်ပါ။ အကျိုးမဲ့အချည်းနှီးဖြစ်တဲ့ အချင်းချင်းသတ်ဖြတ်မှု နိဂုံးမလှပုံ ကို ဇာတကဝတ္ထုက ကောင်းကောင်းကြီး ပညာပေးထားပါ တယ်။ မှတ်သားစရာကောင်းတဲ့ ဝတ္ထုဇာတ်တော်ကို စိတ်မှာ နှလုံးသွင်းပြီး အချင်းချင်းသေကျေပျက်စီးနိုင်တဲ့ အကြမ်းဖက် လုပ်ရပ်တွေ အမြန်ဆုံးရပ်တန့်ဖို့ အချိန်တန်ပါပြီ။

မိမိတို့ခွန်အားသစ်တွေကို အချင်းချင်းသတ်ဖြတ် အကြမ်းဖက်လုပ်နေမယ့်အစား ပြည်ပအန္တရာယ်ကို ညီညွတ် စွာတွန်းလှန်မယ်ဆိုရင် ပိုပြီးအဓိပ္ပာယ်ရှိမယ်လို့ ရဲဝံ့စွာ ဆိုချင်ပါတယ်။

ကမ္ဘာပေါ်မှာ နယ်ချဲ့ဝါဒရဲ့အစဖြစ်တဲ့ ကုန်သည်တွေ စီးပွားရေးနယ်ချဲ့ခဲ့ကြရာ ၁၉ ရာစုကိုရောက်တော့ ကုမ္ပဏီကြီး သုံးခုဖြစ်တဲ့ ဒတ်ချ်ကုမ္ပဏီ၊ အင်္ဂလိပ်ကုမ္ပဏီ၊ ပြင်သစ် ကုမ္ပဏီကြီးတွေဟာ သယံဇာတကြွယ်ဝချမ်းသာတဲ့ မြန်မာ နိုင်ငံကို သဘောကျနှစ်ခြိုက်ခဲ့ကြပါတယ်။

၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့မှာ အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲလ် ဦးဆောင်တဲ့ စစ်သည်အင်အား ၁၁၅၀၀ ခန့်ဟာ ရန်ကုန်မြစ်ဝသို့ ရောက်ရှိဝန်းရံခဲ့ပါတယ်။ မေ ၁၁ ရက်မှာ ရန်ကုန်နဲ့ ဒလကို စပြီးသိမ်းတယ်။ မေ ၁၂ ရက်မှာ ရွှေတိဂုံ၊ ကြည့်မြင်တိုင်၊ ကုက္ကိုင်း၊ ကမာရွတ်တွေအထိ မြန်မာတပ်များနဲ့ တိုက်ပွဲဖြစ်တယ်။ လက်နက်ချင်းမမျှလို့ အောက်တိုဘာ ၁၁ ရက်မှာ မြန်မာတို့ရဲ့ ကျိုက္ကလို့ သစ်တပ် ကျဆုံးခဲ့ရတယ်။

“ရဲရေးရောက်သော် ရွံ့ကြောက်မဲ့တွံ့၊ နိုင်ငံ့ဝန်၌၊ ယက္ခ ဂုမ္ဘာန်၊ နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက် စွန့်လေ့”ဟူ၍ နန္ဒိသေနပျို့လာအရ မြန်မာသူရဲကောင်းတွေ ဟာ နယ်ချဲ့တွေကို ရှုပ်ရှုပ်ချွံချွံသတ္တိပြောင်မြောက်စွာ ရဲရဲဝံ့ဝံ့ တွန်းလှန်ပါသော်လည်း တစ်ဖက်က ခေတ်မီလက်နက်တွေနဲ့ တိုက်ခိုက်တာကြောင့် ...ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။ လက်ပစ် ဗုံးတွေ၊ အမြောက်တွေ၊ စက်သေနတ်တွေကြားထဲမှာ မြန်မာ့ သူရဲကောင်းတွေ အတုံးအရုံး ကျဆုံးခဲ့ရခြင်းဟာ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှပါတယ်။ သင်ခန်းစာယူဖို့ကောင်းတဲ့ အတွေ့အကြုံတိုက်ပွဲပါလေ။ ခေတ်မီဖွံ့ဖြိုးတဲ့ လက်နက် ကိရိယာများရဲ့ အရေးပါပုံဟာ အံ့မခန်းပါပဲ။

မြန်မာတို့ရဲ့ သတ္တိစွမ်းပကားကြောင့် ဝက်ထီးကန် တိုက်ပွဲမှာ နယ်ချဲ့တို့ဘက်က ဗိုလ်မှူးကြီး မက်ခေါ်လ်နယ် ကျဆုံးသွားပါတယ်။

နယ်ချဲ့တွေဟာ ကျားနာခဲခဲရင်း ဒီဇင်ဘာ ၁ ရက်မှာ ပြည်မြို့ကို သိမ်းပိုက်တယ်။ ပြီးတော့ ဒီဇင်ဘာ ၇ ရက်မှာ မြေထဲမြို့(ယခုအောင်လံ)ကို သိမ်းပိုက်တယ်။ ဒီလိုနဲ့ မြန်မာ တို့ စစ်ရှုံးခဲ့ရပြီး ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးတွေဟာ မနည်းပါဘူး။ မြန်မာပိုင်အာသံနယ်၊ ရခိုင်နယ်၊ တနင်္သာရီ နယ်တွေကို နယ်ချဲ့တွေကို ပေးလိုက်ရတဲ့အပြင် စစ်စရိတ် လျော်ကြေးငွေ တစ်ကုဋေကိုလည်း ပေးလိုက်ရပါတယ်။

မြန်မာတို့စစ်ရှုံးရခြင်းအကြောင်းရင်းက စည်းလုံးညီညွတ် မှုမရှိတဲ့အချက် အဓိကပါဝင်နေကြောင်း တွေ့ရပါတယ်။ ပိုပြီးအဓိကကျတဲ့ အချက်တစ်ချက်က “လက်နက်ချင်း မမျှလို့ပါ”။ တစ်ဖက်က ခေတ်မီဖွံ့ဖြိုးတဲ့ လက်နက်ကိရိယာတွေ အဲဒီအချိန်တုန်းက ကိုင်ဆောင်ထားပါတယ်။

နိုင်ငံစည်းလုံးညီညွတ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ရှေ့ရေးကို တွေးတတ်တဲ့ နိုင်ငံခေါင်းဆောင်များ၏ စေတနာလုပ်ရပ်ကြောင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ဖြစ်ပေါ်လာခဲ့ပါပြီ။ (၂၁)ရာစု ပင်လုံညီလာခံမှာ ကျွန်တော်တို့ တစ်တွေ ညီညွတ်စွာပေါင်းစည်းဖို့ အချိန်တန်ပြီဖြစ်ကြောင်း ပြောချင်ပါတယ်။

စည်းလုံးခြင်းရဲ့အလှတရားကို ပန်းငွေမိချောင်းကဗျာက အပြည့်အဝ ထုဆစ်ဖော်ကျူးထားပါတယ်။ သဘာဝတရားရဲ့ နိမိတ်ဖြစ်စဉ်တွေက စည်းလုံးခြင်းသရုပ်ကို ပိုင်နိုင်သော စုတ်ချက်ကြမ်းကြမ်းဖြင့် ရေးဆွဲပြသပြန်ပါတယ်။

တစ်ပင်နဲ့ တစ်ပင် ကူးလူးယှက်နွယ် ပေါင်းစည်းခြင်းဟာ ကြီးမားတဲ့ လေမုန်တိုင်းအန္တရာယ်ကို တွန်းလှန်ခုခံကာကွယ် နိုင်ပါတယ်။

တစ်ပင်တည်းထီးတည်း ရှင်သန်ခြင်းရဲ့အန္တရာယ်ကြီးမား ပုံကို သဘာဝတရားက ပါးပါးလှပ်လှပ်လေး ပြောပြနေတာ ကြောင့် သိမှတ်ရမယ့် အချက်တစ်ချက် ဖြစ်ပါတယ်။

ငယ်စဉ်က သင်ဖူးတဲ့အဘိုးအိုနှင့် သားသုံးယောက်ပုံပြင် လေးဟာ ခုချိန်ထိရင်မှာ နဖတ်လန်းဆန်းတုန်းရယ်ပါ။

သားသုံးယောက်ကို မသေမီမှာ ချစ်ချစ်ခင်ခင်နေပုံ မြင်လို၍ လက်တွေ့ဥပမာဖြင့်ဆုံးမတဲ့ အဖိုးအိုရဲ့ပညာဉာဏ် ဟာ ချီးကျူးစရာကောင်းလှပါတယ်။

ထင်းအစည်းတစ်ပွေ့ကို ကျိုးအောင် ဘယ်သူချိုးနိုင်လဲ ဆိုပြီး စတင်တဲ့အခါ ဉာဏ်နည်းတဲ့သားနှစ်ယောက် မချိုးနိုင် ပါဘူး။ ဉာဏ်ပညာပြည့်စုံတဲ့ သားကတော့ ထင်းအစည်းကို ဖြေချပြီး တစ်ချောင်းချင်း ချိုးပြသတဲ့။ ဒီမှာတင် ညီညွတ်ခြင်း ရဲ့အားကို သားသုံးယောက်စလုံး သဘောပေါက်နားလည် သွားပါတော့တယ်။ ကျွန်တော်တို့တစ်တွေ ထင်းအစည်း ပြေသလို ပြေမယ်ဆိုရင်တော့ နယ်ချဲ့ဟာ တစ်ချောင်းချင်း ဖဲ့ခြွေချိုးယူမှာ အသေအချာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့တစ်တွေ စုစုစည်းစည်း ညီညွတ် စွာနေထိုင်ကြပါစို့၊ စုစုစည်းစည်း ညီညွတ်စွာ အလုပ်ကြိုးစား လုပ်ကြပါစို့။ စုစုစည်းစည်း ညီညွတ်စွာ ခေတ်မီဖွံ့ဖြိုးတိုးတက် တဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ ကြိုးပမ်းကြပါစို့။ ဘာပဲပြောပြော မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းမကွဲဘဲ အေးအတူပူအမျှ အတူတကွ ညီညွတ်စွာ နေထိုင်ဖို့လိုပါတယ်။ ညီညွတ်ဖို့ လိုပါပြီလေ။

## နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

သမဝါယမတက္ကသိုလ်(သန်လျင်)တွင် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၊ နံရံကပ်စာစောင် ပြပွဲ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် သမဝါယမ တက္ကသိုလ် (သန်လျင်) ဥတ္တရဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အဆိုပါ အခမ်းအနားကို သမဝါယမတက္ကသိုလ် (သန်လျင်)၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်၊ သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်မြင့်မြင့်စိန်နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ အေးအေးမော် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းနှင့်အဖွဲ့သည် နံရံကပ်စာစောင်များအား လှည့်လည်ကြည့်ရှု၍ တိုင်းရင်းသားရိုးရာ အစားအသောက်ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ဥတ္တရဆောင်ခန်းမတွင် ကျင်းပသည့် စာပေဟောပြောပွဲနှင့် ပဒေသာကပွဲ ကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသည့် ဆရာမ ကြူကြူသင်းနှင့် ဆရာသန်လျင် မောင်မောင်ဦးတို့က ဟောပြော ခဲ့ကြပြီး ပဒေသာကပွဲတွင် တက္ကသိုလ်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက ရခိုင်တိုင်းရင်းသားရိုးရာအက၊ ကရင်တိုင်းရင်း သားရိုးရာအက၊ မွန်တိုင်းရင်းသား ရိုးရာအက၊ ရှမ်းတိုင်းရင်းသား ရိုးရာအက၊ ပုသိမ်ထီးယိမ်းအကနှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတကာစံနှုန်းများနှင့်အညီ ရဲတပ်ဖွဲ့ဝင် ခန့်ထားနိုင်မှု ၆၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ခန့်ထားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် လိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **ရဲတပ်ဖွဲ့အင်အားအနေအထားအရ ရာခိုင်နှုန်းမည်မျှထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားပေးနိုင်ခြင်း ရှိ/ မရှိ၊ ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေသောအမှုများ၏ အဓိကအခက်အခဲနှင့် ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း ရှိ/မရှိ၊ မူခင်းကျဆင်းရေးအထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ/မရှိ၊ ပြေးလေးပြေးနှင့် ပတ်သက်၍ မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းချပြနိုင်ခြင်း ရှိ/မရှိ တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲတပ်ဖွဲ့ဝင်



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

အင်အားနှင့်ပြည်သူလူထု၏ လူဦးရေ အချိုးမှာ ၁ အချိုး ၆၅၀ ဖြစ်ပါကြောင်း၊ နိုင်ငံတကာစံနှုန်းအရ ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူအချိုးမှာ ၁ အချိုး ၄၀၀ ဖြစ်ပြီး ထိုစံနှုန်းအရ ခန့်အပ်ရမည်ဆိုပါက ရဲတပ်ဖွဲ့အင်အား ၁၂၇၅၀၀ ရှိရမည် ဖြစ်ပါကြောင်း၊ လက်ရှိတပ်ဖွဲ့ဝင်အင်အားအရ နိုင်ငံတကာစံနှုန်းများနှင့်အညီ ခန့်အပ်ထားနိုင်မှုမှာ ၆၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ခန့်ထားနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့ဝင်အင်အားများ ပြည့်မီအောင်ဖြည့်တင်းနိုင်ရေးအတွက် ရဲတပ်ဖွဲ့အင်အားတိုးမြှင့်ရေးစီမံချက်များကိုရေးဆွဲ၍ တိုင်းဒေသကြီး/ပြည်နယ်/တပ်ရင်း/ တပ်ဖွဲ့များအလိုက် ရဲတပ်သားသစ်များ စုဆောင်းရရှိရေး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် နှစ်စဉ် မှုခင်းကျဆင်းရေးအတွက် မှုခင်းဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီး/ ပြည်နယ်များ၊ အများဆုံးဖြစ်ပွားသည့် မှုခင်းများအပေါ် သုံးသပ်ပြီး မှုခင်းကျဆင်းရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေသည့်မှုခင်းများ၊ ပြည်သူ့ဘဝလုံခြုံမှုကို ထိခိုက်စေသော မှုခင်းများ၊ အများဆုံးဖြစ်ပွားသည့် မှုခင်းများနှင့်စပ်လျဉ်း၍လည်း သီးခြားစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ လူသတ်မှုလျှော့နည်းကျဆင်းရေးစီမံချက်၊ မုဒိမ်းမှု/သက်ငယ်မုဒိမ်းမှုလျှော့နည်း ကျဆင်းရေး စီမံချက်၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးစီမံချက်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးစီမံချက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံချက်၊ လောင်းကစားမှုပပျောက်ရေးစီမံချက်၊ လက်နက်ပုန်း ဖော်ထုတ်ဖမ်းဆီးရမိရေးစီမံချက်စသည့်စီမံချက်များကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ရဲစခန်းအလိုက် မိမိဒေသတွင်ဖြစ်ပွားနေသည့် အမှုအမျိုးအစားနှင့် ဖြစ်ပွားမှုအပေါ် အခြေခံပြီး ရေးဆွဲဆောင်ရွက်လျက် ရှိပါကြောင်း။



လိုင်းဘွဲ့မဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့ဘဝ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းနှင့်အညီ လိုအပ်သည့် ရဲတပ်ဖွဲ့ဝင်အင်အား ပြည့်မီနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် စီမံဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်နှင့် ရပ်ရွာပြည်သူများ အခြေပြုရဲလုပ်ငန်းစဉ်များဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဖြစ်ပွားသည့်အမှုများကို လက်ကျန်မရှိအောင် စုံစမ်းဖော်ထုတ်တရားစွဲတင်ပြီး ပြစ်မှုကျူးလွန်သူများ ပြစ်ဒဏ်ရရှိရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြေးလေးပြေးများကိုလည်း လက်ကျန်မရှိအောင် ဖော်ထုတ်ဖမ်းဆီးရမိရေး အစီအမံများဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးတို့၏ ပြည်ထဲရေးဝန်ကြီးဌာနနှင့်စပ်ဆိုင်သော အုပ်ချုပ်ရေးနှင့် စီမံရေးရာကိစ္စရပ်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက **တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို** တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ထောက်ခံဆွေးနွေးသဖြင့် လွှတ်တော်ဥက္ကဋ္ဌက အဆိုကိုအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က သဘောတူသောကြောင့် **အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း** ကြေညာသည်။

ထို့နောက်လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက **တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို** တင်သွင်းရာ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ခွင့်ပြုချက်မရရှိမီ မြေနေရာရှင်းလင်းခဲ့သည့် ကုမ္ပဏီတာဝန်ခံကို တရားစွဲဆိုထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ရယူရမည်ဖြစ်သော်လည်း သဘောထားရယူခြင်းမရှိဘဲ သစ်ပင်များအား ခုတ်လှဲခဲ့သဖြင့် **"ပင်လယ်၊ နေ၊ ကြယ်"** ကုမ္ပဏီတာဝန်ခံအား သစ်တောဥပဒေ၊ နည်းဥပဒေများအရ တမူးမြို့နယ် သစ်တောဦးစီးဌာနက တရားလိုပြုလုပ်၍ တမူးမြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့သနန်းကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝသစ်တော ဧက ၅၀ ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင်လျှောက်ထားလာပါက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အခင်းဖြစ်ပွားရာနေရာသည် သစ်တောနယ်မြေ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်ခြင်းမရှိဘဲ သဘာဝသစ်တောဖုံးလွှမ်းလျက်ရှိသော



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာဖြစ်ပြီး ၎င်းနေရာ၌ **"ပင်လယ်၊ နေ၊ ကြယ်"** ကုမ္ပဏီက နှစ်ရှည်သီးနှံစိုက်ပျိုးရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့သို့ လျှောက်ထားဆဲအခြေအနေတွင် ခွင့်ပြုချက်မရရှိမီ မြေနေရာရှင်းလင်းခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင်လျှောက်ထားလုပ်ကိုင်လိုပါက သစ်တောဦးစီးဌာန၏ စီမံပိုင်ခွင့်ရှိသော မြေနေရာမဟုတ်ပါသဖြင့် ၂၀၁၂ ခုနှစ် ပြဋ္ဌာန်းထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်အသုံးပြုခွင့်ကို သက်ဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ရှိ ဌာန၊ အဖွဲ့အစည်းသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားတောင်းခံလာပါက စိစစ်ပြန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **"မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသများရှိ ဘိလပ်မြေစက်ရုံများအပြင် မြိုင်ကလေး တန် ၄၀၀၀ စက်ရုံကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA)(SIA) ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ/ မရှိနှင့် ထုတ်လွှင့်အခိုးအငွေ့ (Air Emissions) များသည် အမိန့်ကြော်ငြာစာ(၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်ဆောင်ရွက်သည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းအမျိုးအစားနှင့် ပတ်သက်၍ ထုတ်လုပ်မှုပမာဏ ၁ မဂ္ဂါဝပ်နှင့်အထက် ၁၀ မဂ္ဂါဝပ်အောက် ဆောင်ရွက်မည်ဆိုပါက ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုပမာဏ ၁၀ မဂ္ဂါဝပ်နှင့် အထက်ဆောင်ရွက်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဘိလပ်မြေနှင့်ထုံး ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဘိလပ်မြေ တစ်နာရီလျှင် ၁၀ တန်နှင့် အထက် တန် ၃၀ အောက်၊ ထုံး တစ်ရက်လျှင် တန် ၂၀နှင့်အထက် တန် ၅၀ အောက် ထုတ်လုပ်မည်ဆိုပါက ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) ဆောင်ရွက်ရန်နှင့် ဘိလပ်မြေ တစ်နာရီ တန် ၃၀ နှင့်အထက်၊ ထုံး တစ်ရက်လျှင် တန် ၅၀ အထက် ထုတ်လုပ်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA)ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးမောင်မောင်လတ်

ထို့အပြင် သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်ခဲ့သော မြိုင်ကလေး တန် ၄၀၀၀ ဘိလပ်မြေစက်ရုံအား ကျောက်မီးသွေးဖြင့် ပြောင်းလဲလည်ပတ်နေခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သည့်ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြထားခြင်း မရှိသေးပါကြောင်း၊ ထို့အတူ ကျောက်ဆည်ဒေသရှိ သံတော်မြတ်၊ အေသုံးလုံး၊ ကျားခေါင်း၊ မြန်မာဆင်၊ တီကျစ်ဒေသရှိ ပတ္တမြားနဂါးနှင့် နောင်ချိုဒေသရှိ ငွေရည်ပုလဲဘိလပ်မြေစက်ရုံများမှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်များ တင်ပြထားခြင်း မရှိသေးသဖြင့် အဆိုပါဘိလပ်မြေစက်ရုံများမှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်တင်ပြနိုင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို ဆက်သွယ်ညှိနှိုင်းအကြောင်းကြားသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောက်ဆည်ဒေသရှိ Myanmar Conch ဘိလပ်မြေစက်ရုံ၊ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၊ ပြည်ညောင်ဒေသရှိ ရွှေတောင်ဘိလပ်မြေစက်ရုံ၊ ပင်းပက်ဒေသရှိ ကမ္ဘောဇဘိလပ်မြေစက်ရုံတို့၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ တင်ပြထားပြီး အစီရင်ခံစာများအား သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့သို့တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ တင်ပြထားခြင်းမရှိသည့် စက်ရုံများမှ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်နေခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ လိုအပ်သည့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပြုစုတင်ပြစေရေးအတွက် စက်ရုံများအား လုပ်ကိုင်ခွင့်ချထားပေးသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ **"တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှပယ်ဖျက်ပြီး ရွာမြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **"ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားသည့် ဒီရေတောများနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်အတွက် တည်ထောင်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းတို့နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNDP လက်ထောက်အုပ်ချုပ်ရေးမှူး Mr. Haoliang Xu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားသူကြီး Ms. Allyson Duncan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဥပဒေရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဥပဒေပြုရေးတွင် နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရခိုင်ဒေသအေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားသူကြီးနှင့် တွေ့ဆုံစဉ် အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ရှိ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ အမေရိကန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမေရိကန်နိုင်ငံသို့ သင်တန်းသားများနှင့် ပညာသင်များ စေလွှတ်နိုင်မည့် အစီအစဉ်များ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်တရားသူကြီး **Ms. Allyson Duncan** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# လက်နက်ကိုင်ပဋိပက္ခဒေသရှိ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ထိုးရေးကိစ္စဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Olivier Richardနှင့် UNICEF မှ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel တို့ကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ရေးနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းဝန်ကြီးဌာနအနေဖြင့် တပ်မတော်မှ ပြန်လည်လွှဲပြောင်းပေးအပ်လာသည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများ၊ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ယခုလ ၂၁ ရက်တွင် ကျင်းပမည့် လက်နက်ကိုင်ပဋိပက္ခဒေသရှိကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန်နှင့် ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေး ကိစ္စရပ်များ၊ အစည်းအဝေးကျင်းပပြုလုပ်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြိုင်ကြီးငူဒေသ စစ်ဘေးရှောင်ပြည်သူများအား စားနပ်ရိက္ခာများထောက်ပံ့

**ဘားအံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့မဲလရောကျေးရွာအုပ်စု၊ ရင်းဘိုင်ကျေးရွာအုပ်စုနှင့် စောလောကျေးရွာအုပ်စုတို့၌ လွန်ခဲ့သော ငါးလခန့်က တိုက်ပွဲများကြောင့် ဒေသခံပြည်သူများသည် မြိုင်ကြီးငူအထူးဒေသတွင် ကယ်ဆယ်ရေးစခန်းနှစ်ခု၌ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ယခုအခါ ကျန်ရှိနေသေးသော စစ်ဘေးရှောင်ပြည်သူများအား ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဖေဖော်ဝါရီ ၈ ရက်က စားနပ်ရိက္ခာများ ထပ်မံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ မဲလရောကျေးရွာအုပ်စု၊ ရင်းဘိုင်ကျေးရွာအုပ်စုနှင့် စောလောကျေးရွာအုပ်စုတို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါဒေသ ကျေးရွာ ၂၀ မှ အိမ်ထောင်စု ၆၇၅ စု၊ လူဦးရေ ၃၀၇၄ ဦးတို့သည် မြိုင်ကြီးငူ အထူးဒေသတွင် ကယ်ဆယ်ရေးစခန်း နှစ်ခုဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ကာလက အိမ်ထောင်စုများ စာသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရနှင့် အလှူရှင်များက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးကြသည့်အပြင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထာရေးဦးစီးဌာနအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်က ထပ်မံ၍ အိမ်ထောင်စု ၃၃၂ စု လူဦးရေ ၁၆၅၂ ဦးအတွက် ငွေကျပ် ၃၉၆၇၂၀၀ တန်ဖိုးရှိ လူတစ်ဦးလျှင် တစ်ပတ်စာ ဆန်ရိက္ခာနှင့် အိမ်ထောင်စုတစ်စုလျှင် ၁ လီတာဆီတစ်ဘူးနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (UNDP) လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Haoliang Xu သည် ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေနိုင်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများအတွက် စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ရည်ရွယ်၍ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးနေမှု၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လတ်တလော လိုအပ်ချက်များအတွက် ထောက်ပံ့ကူညီပေးနေမှုကိစ္စ၊ UN, NGOs, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် မောင်တောဒေသ၏ လက်ရှိလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်စွာ ယှဉ်တွဲနေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၏ အကျိုးရလဒ်များနှင့် ရှေ့ဆက်လက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **(မိုး/ဧလ)**

# ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးဓာတ်အားအပြည့်အဝရရှိရန် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားအပြည့်အဝရရှိရန် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၉ ရက်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ပြုလုပ်သည့် သတင်းထုတ်ပြန်ရေး အခမ်းအနားမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၉ သန်းခန့်ရှိသည့်အနက် ၂၀၁၆ ခုနှစ် နှစ်ကုန်အထိ အိမ်ထောင်စုပေါင်း ၄ ဒသမ ၀၃ သန်း(၃၇ ရာခိုင်နှုန်း)ခန့် လျှပ်စစ်မီးရရှိပြီးဖြစ်ကာ အိမ်ထောင်စု ၆ ဒသမ ၈၆သန်း(၆၃ ရာခိုင်နှုန်း) ခန့် လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်မီးပြည့်ပြည့်ဝဝရရှိရန် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ဘီလီယံခန့် လိုအပ်မည့်အပြင် ဓာတ်အားထုတ်လုပ်မှုအပိုင်း၊ ဓာတ်အားပို့လွှတ်မှုအပိုင်းများအတွက်လည်း ဘဏ္ဍာငွေထပ်မံလိုအပ်မည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားအပြည့်အဝရရှိရန် လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော် လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်နှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသူရအောင်က ပြောသည်။

"ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေနဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို Survey စလုပ်တဲ့အချိန်မှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ရည်မှန်းချက်က ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ Survey Report က ၂၀၁၃-၂၀၁၄ ခုနှစ်က ပြီးစီးခဲ့ပါတယ်။ ဒီ Survey Report အတိုင်း ကမ္ဘာ့ဘဏ်ကနေ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရခဲ့ပါတယ်။ အဲဒီ သန်း ၄၀၀ ထဲကမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါ်လာသန်း ၉၀၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒေါ်လာသန်း ၃၁၀ ဖြစ်ပါတယ်။ အဲဒီရရှိလာတဲ့ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ နဲ့ လက်ရှိမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်း၊ ငါးမိုင်အတွင်းရှိတဲ့ ကျေးရွာတွေကို မီးပေးဖို့၊ ဓာတ်အားဖြန့်ဖြူးပေးဖို့အတွက် စတင်ပြီး ဆောင်ရွက်နေပါပြီ။ အခုလို ဆောင်ရွက်ခြင်းဟာလည်း ပြည်သူတွေ အလွယ်ကူဆုံးနဲ့ အမြန်ဆုံး လျှပ်စစ်မီးရဖို့အတွက် ဓာတ်အားစနစ်နဲ့ အနီးကပ်ဆုံး နေရာတွေကနေ စတင်ဖြန့်ကြက်ပြီး သွယ်တန်းသွားမှုရမယ်ဆိုတဲ့ Criteria ကို စဉ်းစားပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ပထမဦးစားပေးအနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာများမှ စတင်ဆောင်ရွက်နိုင်ရန် အချက်အလက်များ ကွင်းဆင်းတိုင်းတာခြင်း၊ ပြုစုခြင်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးရန်လျာထားကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ဓာတ်အားစနစ်မှ ၅ မိုင်အတွင်းရှိ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးခြင်း၊Survey တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့် စီမံကိန်းအတွက် ကျေးရွာ ၆၃၀၅ ရွာနှင့် အိမ်ထောင်စုပေါင်း ၇ ဒသမ ၇ သိန်းခန့် ဓာတ်အားရရှိနိုင်မည်ဖြစ်ပြီး ကျန်အဆင့်များကိုလည်း ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ပထမငါးနှစ်စီမံကိန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၁ ဒသမ ၇သန်းခန့် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"၂၀၃၀ ပြည့်နှစ်မှာ နိုင်ငံတကာရဲ့ ချေးငွေတွေအပါအဝင် ပြည်ပရင်းနှီးမြှုပ်နှံသူတွေ၊ နိုင်ငံတော်အစိုးရရဲ့ဘတ်ဂျက်တွေနဲ့ လျှပ်စစ်မီး ပြည့်ပြည့်ဝဝရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ တချို့နေရာတွေမှာတော့ ရာခိုင်နှုန်းပြည့်ရရှိဖို့ ခက်ခဲမှုတွေရှိပါတယ်။ ဘယ်လိုအခက်အခဲတွေလဲဆိုတော့ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေကို ဆောင်ရွက်တဲ့အခါမှာ Transmission ဘက်မှာအပြည့်ရှိပြီးသား၊ ဒါပေမယ့် ထပ်ပြီး မီးပေးချင်တယ်ဆိုရင် ဖြန့်ဖြူးရေးဘက်ကကော Generation ဘက်ကပါ တစ်ပြိုင်တည်းလုပ်နေပါတယ်။ ဒါကိုလည်း ဝန်ကြီးဌာနက ဟန်ချက်ညီညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒီထက်ပိုပြီးတော့ ပြည်သူတွေကို လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ဖို့နဲ့ ဖြန့်ဖြူးပေးပြီးရင်လည်း Reliable ဖြစ်တဲ့ Power ရဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# စစ်တွေမြို့၌ မြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပြိုင်ပွဲနှင့် သံချပ်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရခိုင်ရိုးရာရထားဆွဲပြိုင်ပွဲနှင့် သံချပ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ဝင်္ကဘာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို ရခိုင်ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းသည့်အနေဖြင့် လည်းကောင်း၊ စပါးဆန်ရေများ အထွက်တိုး ပေါများရန်အတွက် လည်းကောင်း၊ ရာသီဥတုမျှတခြင်းအတွက် လည်းကောင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်းများ ဖြစ်ပေါ်စေရန်အတွက်လည်းကောင်း ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ ရထားဆွဲရန် သစ်သားပေါင်ကို ခိုင်ခံ့အောင်ပြုလုပ်ပြီး သစ်သားဘီးများဖြင့် တွဲဆက်ကာ ရထားအလယ်၌ ဝါးညွှန့်ပင်ကို စိုက်ထူကာ ရထားတစ်ဖက်တစ်ချက်၌ အရှည် ပေ ၂၀၀ ခန့်ရှိသည့် ကြိုးနှစ်ချောင်းကို ရထားတစ်ဖက်စီတွင် တပ်ဆင်ထားပြီး တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် လူဦးရေကန့်သတ်ထားခြင်းမရှိဘဲ သူနိုင်ကိုယ်နိုင် အပြိုင်ဆွဲရသော ပွဲဖြစ်သည်။တစ်ဖက်နှင့်တစ်ဖက် ဆွဲပြီးပါက သံချပ်ထိုးပြိုင်ပွဲကိုကျင်းပလေ့ရှိသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို ရခိုင်ဆယ့်နှစ်လရာသီတွင် အခြားလများ၌ ကျင်းပခွင့်မရှိဘဲ ကြယ်တာရာနက္ခတ်ထွန်းသည့် တပို့တွဲလမှာသာ ကျင်းပရခြင်းဖြစ်ပြီး အေဒီ ၁၅ ရာစု မြောက်ဦးခေတ် မင်းဘာဘုရင်လက်ထက်က စတင်ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရခိုင်လူမျိုးတို့၏ ရခိုင်ရိုးရာရထားဆွဲပွဲတော်နှင့်ပတ်သက်ပြီး ရထားဆွဲပွဲအစ "သျှင်မြဝါ"ကနှင့် ရထားဆွဲပွဲအစ "မယ်တော်မာယာ"ကအစဟူပြီး အယူအဆမူကွဲများရှိပြီး နှစ်ပေါင်း ၄၀ ကျော်အကြာ ပျောက်ကွယ်ခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်က ပြန်လည်ပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်က ရထားဆွဲပွဲတော်တွင် ပြိုင်ပွဲဝင် မြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ယခုနှစ်တွင် စုစုပေါင်း ရပ်ကွက် ၃၀ အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**



# ရခိုင်ရိုးရာ ရထားဆွဲပွဲတော် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၏ (၂၄) ကြိမ်မြောက် ရခိုင်ရိုးရာ ရထားဆွဲပွဲတော် ဒုတိယနေ့အဖြစ် ယနေ့တွင် မောင်တောမြို့၌ ဆက်လက်ကျင်းပသည်။





မောင်တောမြို့ သာသနာ့ဗိမာန်ရှေ့၌ ကျင်းပသည့် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်သို့ ယနေ့ ညပိုင်းက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် ကော်မရှင်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**





**နေပြည်တော်ရဲတပ်ဖွဲ့၏ ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ရဲတပ်ဖွဲ့ဝင်အသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြစဉ်**

မင်းမင်းလတ်(ရုပ်ဗေဒ)

**ရန်ကုန်မြို့ရှိ မဟာဝိဇယစေတီတော်မြတ်ကြီး၏ ထမနဲထိုးပြိုင်ပွဲကို စေတီတော်ရှိ မဏ္ဍပ်၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ပထမဆုရ အလုံမြို့နယ်အသင်းအား မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဆုပေးအပ်စဉ်**

အောင်သူရ

# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောင်းလဲလာသော ခေတ်နှင့် လျော်ညီအောင် ရွေ့လျားလာသည့် ပွဲတော်များရှိမည်ဖြစ်သကဲ့သို့ ရှေးယဉ်ကျေးမှုမပျက်စေဘဲ ဆက်လက်တည်တံ့နေအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရိုးရာပွဲတော်များလည်း ရှိနေသည့်အတွက် တပို့တွဲလတွင် ကျင်းပသော ထမနဲပွဲတော်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်ယူသွားရမည့် အဓိပ္ပာယ်အနှစ်သာရပြည့်ဝသော ပွဲတော်များတစ်ခုအပါအဝင် ဖြစ်ပါကြောင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို နောင်မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ထမနဲဆုရပြိုင်ပွဲဝင်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ မြေပြိုမှုဖြစ်ပွား လူခုနစ်ဦးသေဆုံး



**ဂျကာတာ ဖေဖော်ဝါရီ ၁၀**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဘာလီကျွန်းတွင် ယမန်နေ့ ညသန်းခေါင်အချိန်မတိုင်မီ မြေပြိုမှုဖြစ်ပွားကာ လူခုနစ်ဦးသေဆုံးသွားပြီး လေးဦးထိခိုက်ဒဏ်ရာရသွားကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

ဘန်လီခရိုင် ဆွန်ဂန်ကျေးရွာတွင် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၁ နာရီခန့်က တောင်ပြိုမှုဖြစ်ပွားခဲ့ကာ လူနေအိမ်ငါးလုံးအား ရိုက်ခတ်သွားခဲ့ကြောင်း၊ မြေပြိုမှုအတွင်း မြေသားဖုံးအုပ်ခံလိုက်ရသောရုပ်အလောင်းအားလုံးကို ပြန်လည်တူးဖော်တွေ့ရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူနူဂရိုဟိုက ပြောခဲ့သည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ဒေသတွင်း ရှာဖွေရေးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားများသည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဂျန်ဘရာနာခရိုင်၊ ဘူလီလန်ခရိုင်၊ ဘန်ဒန်ခရိုင်၊ တာဘနန်ခရိုင်နှင့် ဂျီအန်ယာခရိုင်များတွင် ဖေဖော်ဝါရီ ၁၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ပြီး အကျိုးဆက်အားဖြင့် မြေပြိုမှုများလည်း ဖြစ်ပွားနိုင်ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ပြည်သူများထံ သတိပေးချက် ထုတ်ပြန်ထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပြင်သစ်နိုင်ငံရှိ အီဖဲလ်မျှော်စင်အား ဖန်တံတိုင်းကာရံမည်

**ပါရီ ဖေဖော်ဝါရီ ၁၀**



အကြမ်းဖက်မှုများမှ ကာကွယ်ရန်အတွက် ပြင်သစ်နိုင်ငံ အီဖဲလ်မျှော်စင်အား ဖန်သားတံတိုင်းရှည်ကာရံကာ လုံခြုံရေးတိုးမြှင့်သွားမည်ဖြစ်ကြောင်း ပါရီမြို့တော်တာဝန်ရှိသူများက ယမန်နေ့တွင် ပြောခဲ့သည်။

ယခုကဲ့သို့ တံတိုင်းတည်ဆောက်လိုက်ခြင်းအားဖြင့် မျှော်စင်ကို အသစ်ပြုပြင်ခြင်းနှင့် လုံခြုံရေးတိုးမြှင့်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါတံတိုင်းအား လက်ရှိကာရံထားသော သံတံတိုင်းများနေရာတွင် အစားထိုးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူလေ့လာစရာနေရာများဖြစ်သော ချမ့်စ်ဒီမားစ်နှင့် အီနာတံတားတို့ရှိ သမိုင်းဝင်ပြကွက်များအား ပြင်သစ်နိုင်ငံသားများနှင့် ခရီးသွားများ ပိုမိုကောင်းမွန်စွာ မြင်တွေ့ခွင့်ရရှိမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ပါရီဒုတိယမြို့တော်ဝန် ဖရန်ဆွာမာတင်က ပြောခဲ့သည်။

ယခုစီမံကိန်းသည် ပါရီမြို့တော် အထိမ်းအမှတ်နေရာများ ထိန်းသိမ်းရေးကော်မရှင်နှင့် ဂေဟစနစ်ဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်နေသေးကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလက ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့သည့် ပေါက်ကွဲမှုများနှင့် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် ပြင်သစ်နိုင်ငံအတွင်းရှိ နာမည်ကြီး အထိမ်းအမှတ်နေရာများနှင့် အနီးဝန်းကျင်ဒေသများတွင် လုံခြုံရေးတိုးမြှင့်ရန်အတွက် ယခုကဲ့သို့ အစီအစဉ်တစ်ရပ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်သည် ယူရိုသန်း ၃၀၀ (အမေရိကန်ဒေါ်လာ ၃၂၀ ဒသမ ၁၀ သန်း) ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဩစတြေးလျရှိ စာတိုက်လုပ်ငန်းရှင် အာမက်ဖာဟော၏လစာများနေခြင်းကို ဝန်ကြီးချုပ်ဝေဖန်

**ကန်ဘာရာ ဖေဖော်ဝါရီ ၁၀**

ဩစတြေးလျနိုင်ငံရှိ စာတိုက်လုပ်ငန်းရှင် အာမက်ဖာဟော၏ လစာများပြားနေခြင်းကို ဝန်ကြီးချုပ်မဲလ်ကွန်တန်ဘူးလ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ဝေဖန်ပြောဆိုလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဩစတြေးလျ နိုင်ငံပိုင်စာတိုက်ဌာနအကြီးအကဲ အာမက်ဖာဟောသည် ၂၀၁၆ ခုနှစ်အတွင်း လစာဩစတြေးလျ ဒေါ်လာ ၄ ဒသမ ၄ သန်းနှင့် ဩစတြေးလျ သုံးငွေ ဆုကြေး ဒေါ်လာ ၁ ဒသမ ၂ သန်း၊ စုစုပေါင်းဝင်ငွေ ဩစတြေးလျ ဒေါ်လာ ၅ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆ သန်း) ရရှိခဲ့ကြောင်း ယခုရက်အစောပိုင်းတွင် လွှတ်တော်ကော်မတီက ထုတ်ဖော်ပြောကြားလိုက်သည်။ ဖာဟော၏လစာသည် ယခုရာထူးအတွက် အလွန်များကြောင်း တန်ဘူးလ်က ပြောသည်။

တိုင်းပြည်ရှိပြည်သူများ အလုပ်ကို အပြင်းအထန်လုပ်နေရသလို ဘတ်ဂျက်မှာလည်းကျပ်တည်းနေကြောင်း၊ အစိုးရပိုင် စာတိုက်ကုမ္ပဏီတစ်ခု၏ စာတိုက်လုပ်ငန်းရှင်တစ်ဦးအား ပေးထားရသည့် လစာမှာများလွန်းနေကြောင်း၊ ဖာဟောအနေဖြင့် လစာလျှော့ယူသင့်ကြောင်း ဝန်ကြီးချုပ်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအစိုးရနှင့် သူပုန်များ၏ ပဋိပက္ခကို ရုရှားကြားဝင်ဖျန်ဖြေလျက်ရှိ

**မော်စကို ဖေဖော်ဝါရီ ၁၀**

ရုရှားနိုင်ငံသည် ဆီးရီးယားမြောက်ပိုင်းတွင် ဆီးရီးယားအစိုးရအင်အားစုများနှင့် တူရကီကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယားသူပုန်များအကြား ဖြစ်ပွားနေသည့် ပဋိပက္ခတိုက်ပွဲများ ရပ်တန့်စေရန် ကြားဝင်ဖျန်ဖြေမှုပြုလုပ်ခဲ့ကြောင်း နှစ်ဖက်လုံးမှ သတင်းရင်းမြစ်များက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

နှစ်ဖက်စလုံးသည် အဆိုပါနယ်နိမိတ်အတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်လျက်ရှိသည်ဖြစ်ရာ ၎င်းတို့အကြားတွင် ပထမဆုံးအကြိမ် ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများသည် ရုရှားကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့ဝင်အင်အားစုများနှင့် တူရကီကျောထောက်နောက်ခံပေးထားသည့် သူပုန်အဖွဲ့များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုအသီးသီးကို အလူးအလဲခံရလျက်ရှိသည်။ ကြာသပတေးနေ့က အိုင်အက်စ်အဖွဲ့ထိန်းချုပ်ထားသည့် အယ်လ်ဘတ်မြို့အနီးတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည် အစိုးရအဖွဲ့နှင့် ၎င်းတို့၏ ရန်ဘက်ဖြစ်သည့် သူပုန်အဖွဲ့များကြားတွင် အိုင်အက်စ်ချေမှုန်းရေးကို အပြိုင်အဆိုင်လုပ်ဆောင်ရာမှ တိုက်ပွဲအသစ်တစ်ခု ပေါ်ပေါက်လာခြင်းကို အထင်အရှားပြသလျက်ရှိသည်။

သူပုန်အဖွဲ့အာဏာပိုင်များက အယ်လ်ဘတ်မြို့အနောက်တောင်ပိုင်းရှိကျေးရွာတစ်ရွာတွင် ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရုရှားနှင့် တူရကီတို့သည် စစ်ဖြစ်ပွားမှုကို မတူညီသည့်ဘက်မှ ကူညီထောက်ပံ့လျက်ရှိသည်။ သို့သော်လည်း မကြာသေးမီကာလက အစိုးရနှင့် သူပုန်များအင်အားစုများအကြား အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ဆီးရီးယားငြိမ်းချမ်းရေးရရှိရန် အတူတကွလုပ်ဆောင်ခဲ့ကြသည်။

ရုရှားသည် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခတိုက်ပွဲများကို ထိန်းချုပ်နိုင်ရေးအတွက် ကြားဝင်စေ့စပ်မှုပြုလုပ်လျက်ရှိကြောင်း သတင်းရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။ သူပုန်အဖွဲ့မှအာဏာပိုင်အချို့က လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများမှာ အစိုးရအင်အားစုများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ **(ရိုက်တာ)**



ဆီးရီးယားမြောက်ပိုင်း အယ်လ်ဘတ်မြို့စွန်တွင် သူပုန်အဖွဲ့များက အစာနှင့်ရေများ တိုးဝှေ့ယူနေစဉ်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းမြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ကာယသုခ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။**

ဧပြီလ ၁ ရက်နေ့ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် ၁၈ နေရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင် ပြည်သူလူထုအား ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို တင်ပြမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

"အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်" ဆိုတဲ့ ဒီမိုကရေစီရဲ့ အခြေခံမူအရ ဒီမိုကရေစီစနစ်တည်ထောင်ရာမှာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားဟာ အဓိကကျပါတယ်။ ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုလိုအပ်သလို ပြည်သူတွေရဲ့ဆုံးဖြတ်ချက်ဟာ အလွန်အရေးကြီးပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်မှာ တည်ထောင်စဉ်ကတည်းက အများပြည်သူတို့ရဲ့ ဆန္ဒနဲ့ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးတွေကို အာမခံမယ့် စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်၊ အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုးမည်သည့်အခါမျှ မပေါ်ပေါက်စေရန် စတဲ့ရည်မှန်းချက်တွေနဲ့ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့ ကြိုးပမ်းရာမှာ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးပြုရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အာဃာတကင်းစင်သော အထွေထွေ သဟဇာတဖြစ်မှုကို ရှေးရှုရေးစတဲ့ သဘောတရားများကို ခိုင်ခိုင်မာမာစွဲကိုင်ခဲ့ပါတယ်။

နိုင်ငံရေး ရာသီဥတုကြမ်းတမ်းပြီး နိုင်ငံရေးမုန်တိုင်းထန်တဲ့ကာလမှာ အဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ ပြင်းပြင်းထန်ထန်နှိပ်ကွပ်တိုက်ခိုက်ခြင်းတွေ ခံခဲ့ရပေမယ့် ဒီမူဝါဒသဘောထားတွေကို လုံးဝစွန့်လွှတ်ခြင်းမပြုခဲ့ပါ။ ယခုလည်း ကျွန်တော်တို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးအတွက် ဒီမူဝါဒသဘောထားတွေနဲ့အညီ မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်က တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဦးတည်ချက်တွေအဖြစ် ကြေညာခဲ့ပါတယ်။ ပြည်သူလူထုရဲ့ယုံကြည်ထောက်ခံမှုကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ်တွေရဲ့ ၈၀ ရာခိုင်နှုန်းခန့် အနိုင်ရရှိခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေ အာသာဆန္ဒပြင်းပြစွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးတွေ ခံစားစံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခွင့် ရရှိခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ကျေးဇူးတရားကို မမေ့မလျော့ အလေးအနက်တန်ဖိုးထားလျက်ရှိပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

တရားဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဟာ ဆက်နွယ်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီအခွင့်အရေးတွေရှိပါမှ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှလည်း တရားဥပဒေစိုးမိုးရေးနဲ့ ဒီမိုကရေစီရေးတို့ ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုမရှိတဲ့၊ ပြည်သူလူထု လိုက်နာကျင့်သုံးနိုင်ခြင်းမရှိတဲ့၊ ဒီမိုကရေစီစံနှုန်းစံထားနဲ့မညီညွတ်တဲ့၊ လူ့အခွင့်အရေး စံချိန်စံညွှန်းနဲ့မကိုက်ညီတဲ့ ဥပဒေတွေနဲ့ နည်းဥပဒေတွေကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ ပြုလုပ်လျက်ရှိပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ရည်မှန်းချက်ကို လွန်ခဲ့တဲ့ ၂၈ နှစ်ကစပြီး အန္တရာယ်အမျိုးမျိုး အခက်အခဲအကျပ်အတည်း အဖုံဖုံကြားထဲမှ အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ကစပြီး ဒုတိယပင်လုံညီလာခံကျင်းပရေးကို ဦးတည်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပင်လုံဆိုတာကတော့ ပင်လုံစိတ်ဓာတ်ရဲ့ အနှစ်သာရဖြစ်တဲ့ ဗမာတွေအပါအဝင် တိုင်းရင်းသားတွေအားလုံး စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မိမိတို့ရဲ့ရည်မှန်းချက်တွေကိုအောင်အောင်မြင်မြင် အေးအေးချမ်းချမ်းနဲ့ အကောင်အထည်ဖော်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်အပေါ် အခြေခံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆိုလိုခြင်းဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုဖွဲ့စည်းခြင်း၊ ဩဂုတ်လတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာစတင်ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA)ကို လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေပါ တက်ရောက်ဆွေးနွေးခွင့်တွေ ရရှိခဲ့ကြပါတယ်။

ယခုအခါ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို တနင်္သာရီတိုင်းဒေသကြီး၌ လည်းကောင်း၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကရင်ပြည်နယ်၌ လည်းကောင်း၊ အကြောင်းအရာလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို နေပြည်တော်ကောင်စီနယ်မြေ၌ လည်းကောင်း ပြည်သူတွေရဲ့တက်ကြွစွာပါဝင်မှုနဲ့ကျင်းပပြီးပါပြီ။ ဆွေးနွေးပွဲများသို့ တရားဝင်နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပါဝင်သင့်ပါဝင်ထိုက်သူတွေ တက်ရောက်လျက်ရှိကြပါတယ်။ ဆွေးနွေးပွဲများတွင် နိုင်ငံရေးကဏ္ဍဆိုင်ရာစာတမ်း၊ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်း၊ လူမှုရေးကဏ္ဍဆိုင်ရာစာတမ်း၊ မြေယာနှင့် သဘာဝသယံဇာတကဏ္ဍဆိုင်ရာ စာတမ်းတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို ထပ်မံကျင်းပပြုလုပ်ရန်လည်းရှိပါတယ်။ မကြာမီ ကချင်ပြည်နယ်နဲ့ တိုင်းတို့တွင်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။

(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုတွေမှရရှိလာမယ့် ပြည်ထောင်စုတိုင်းရင်းသားတွေရဲ့ဘုံသဘောတူညီချက်တွေနဲ့အညီ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့အညီ နိုင်ငံတော်နဲ့ သင့်လျော်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေအကြား ညီမျှစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေမယ့် စီးပွားရေးအခြေအနေကောင်းတွေရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ အချိန်အတိုင်းအတာတစ်ခုလိုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်တစ်ခုလုံးအတွက် ရည်ရွယ်တဲ့ သဘောတူညီချက်တွေကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟာ ဒီမိုကရေစီကျင့်စဉ်နဲ့ညီညွတ်သလို မှန်ကန်တဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ သို့သော်လည်း အကန့်အသတ်မဲ့အချိန်ဆွဲတာမျိုးမဖြစ်ဖို့လည်း အထူးအရေးကြီးပါတယ်။ ညှိနှိုင်းဆွေးနွေးပွဲတွေကတစ်ဆင့် ထွက်ပေါ်လာမယ့် သဘောတူညီချက်တွေကို အမြန်ဆုံး အကောင်အထည် ဖော်နိုင်ဖို့နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင်လည်း နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ နိုင်ငံသူနိုင်ငံသားတွေရဲ့စိတ်နှလုံးရွှင်ပြုံးချမ်းမြေ့စေရေးတို့ကို မထိခိုက်စေဘဲ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

(၁) တောင်သူလယ်သမားတွေရဲ့လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ဦးကာလအတွင်း တောင်သူလယ်သမားတွေထံ စိုက်ပျိုးစရိတ်ချေးငွေတွေကို ယခင်က တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနဲ့ ထုတ်ချေးရာမှ ယခုအစိုးရသစ်လက်ထက်မှာ တစ်ဧကလျှင် ကျပ် တစ်သိန်းငါးသောင်းနှုန်းနဲ့ ထူးခြားစွာ ထုတ်ချေးနိုင်ခဲ့ပါတယ်။

(၂) အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခွန်ငွေတိုးတက်ရရှိသဖြင့် ပြည်သူလူထုအကျိုးအတွက် ဘဏ္ဍာငွေပိုမိုသုံးစွဲနိုင်ခဲ့ပါတယ်။

(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကိုရေးဆွဲပြီး ပညာရေးကဏ္ဍကိုးခုမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ယူခွင့် ပိုမိုရရှိရေးကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားမိဘအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေ ပိုမိုကျခံသုံးစွဲရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

(၄) ပြည်သူလူထုကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုပေးရန်နဲ့ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာစေရန်တို့အတွက်လည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ဆောင်မှုတွေကို ပီပြင်ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းကို ရေးဆွဲနိုင်ခဲ့ပါတယ်။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကာကွယ်ကုသပေးခြင်းတွေကိုလည်း ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် အရာထမ်း ၂၀၀၄ ဦးနှင့် အမှုထမ်း ၇၄၅၆ ဦးကို ခန့်ထားပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေ ကျန်းမာရေးအတွက် ဆေးကုသစရိတ်ကို လျှော့ချနိုင်ဖို့ ကျန်းမာရေးဘတ်ဂျက်တွေကို တိုးချဲ့သုံးစွဲလျက်ရှိပါ တယ်။

(၅) မိမိတို့နိုင်ငံတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါစသည်တို့အတွက် ကာကွယ်မှု၊ ကုသမှု၊ ပြန်လည်ထူထောင်မှုလုပ်ငန်းတွေကို ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ် ရောဂါရှာဖွေသည့် စက်ကိရိယာနဲ့ ကင်ဆာလူနာပေါင်း ၂၀၀ ကျော်ကို စစ်ဆေးနိုင်ခဲ့ပါတယ်။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ၂၇ ခုနဲ့ ရိုးတွင်းချဉ်ဆီအစားထိုးမှုကိုးခု၊ အသည်း အစားထိုးခွဲစိတ်ကုသမှု သုံးခုတို့ကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။



(၆) သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အလျင်အမြန်သွားရောက်ပြီး ကူညီထောက်ပံ့မှုတွေကို ပြည်သူ့ထံ တိုက်ရိုက်ရောက်ရှိဖို့ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၇) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပထဝီသဘောသဘာဝ အခြေအနေတွေနဲ့ ကိုက်ညီတဲ့ မဟာဗျူဟာအရ စီမံဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးအတွက် ဥပဒေနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်သော နိုင်ငံတကာအရည် အသွေးမီတဲ့ ရဲတပ်ဖွဲ့ဖြစ်စေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

(၈) နိုင်ငံသားတွေရဲ့ဘဝလုံခြုံမှုနဲ့ စိတ်လုံခြုံမှုရရှိရေး၊ မူလအခွင့်အရေးတွေ မဆုံးရှုံးစေရေးစသည်တို့အတွက် ခေတ် စနစ်နဲ့မလျော်ညီတဲ့၊ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့မညီညွတ်တဲ့၊ လူ့အခွင့်အရေး စံနှုန်းစံထားနဲ့မကိုက်ညီတဲ့ ဥပဒေတွေကိုလည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါတယ်။

(၉) ရန်ကုန်တိုင်းဒေသကြီးမှာလည်း အထည်ချုပ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာသဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လန်းလာမှာဖြစ်ပါတယ်။ ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (YBS) စနစ်တစ်ရပ်ကိုလည်း ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါတယ်။ မိုးရာသီကာလမှာ ရေကြီးရေလျှံမှုတွေ မဖြစ်စေဖို့ နောက်ဖေးလမ်းကြားတွေ၊ ရေမြောင်းတွေကို ရှင်းလင်းဖော်ဆောင်နိုင်ခဲ့ပါတယ်။ တန်ဖိုးနည်း တိုက်ခန်း ၁၅၆၂ ခန်းနဲ့ တန်ဖိုးသင့်တိုက်ခန်း ၄၂၁ ခန်းတို့ကိုလည်း ရောင်းချပေးဖို့စီစဉ်လျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော် မြို့ပြစီမံကိန်းတစ်ရပ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

(၁၀) မန္တလေးတိုင်းဒေသကြီးမှာ ဆေးရုံဆေးခန်း ၇၄ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျေးလက်လမ်းပေါင်း ၂၉၁ မိုင်၊ လမ်းဦးစီးလမ်းပေါင်း ၂၉၂ မိုင်၊ တံတား ၇၂ စင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျေးရွာ ၂၄၄ ရွာကို ကျေးလက်မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာ ၄၄၈ ခန်းနဲ့ တန်ဖိုးမျှတအိမ်ရာ ၅၆၂ ခန်းကို ရောင်းချနိုင်ခဲ့ပါတယ်။

(၁၁) ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးတို့တွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့ စီမံချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့ ဒေသတွေကို အထူးဦးစားပေးပံ့ပိုးလျက်ရှိပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်တွေကို ကြိုးပမ်းဆောင်ရွက်ရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားတွေကို မျက်စိကိုဖွင့် နားကိုစွင့်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့စိုးရိမ်ပူပန်မှုတွေ၊ မျှော်လင့်ချက်တွေ၊ အခက်အခဲတွေကို မျက်ခြည်မပြတ် လေ့လာအကဲခတ်ပြီး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွေမှာ အချို့ပြုပြင်ပြောင်းလဲမှုတွေက မြင်သာထင်သာရှိပြီး လောလောဆယ်မြင်သာထင်သာမရှိသေးတဲ့ အချို့ပြောင်းလဲမှုတွေမှာလည်း တိုးတက်လျက်ရှိနေပါတယ်။ အချိန်အခါ ရောက်ရှိလာတာနဲ့အမျှ မြင်သာထင်သာ ရှိလာမှာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မည်သည့်အခါကမျှ တိုင်းပြည်နဲ့ ပြည်သူလူထု ထိခိုက်နစ်နာအောင်မလုပ်ခဲ့ပါ။ ပြည်သူလူထုရဲ့လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးတွေအတွက် ပြည်သူလူထုရှေ့မှ မားမားမတ်မတ် ကြံ့ကြံ့ခံရပ်တည်ပြီး ရုန်းကန် လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ အဖွဲ့ချုပ်ဟာ မတရားမှုတွေ၊ ဖိနှိပ်ချုပ်ချယ်မှုတွေကို ခိုင်ခိုင်မာမာ တွန်းလှန်ခဲ့သော်လည်း မည်သည့်ပုဂ္ဂိုလ် မည်သည့်အဖွဲ့အစည်းကိုမျှ တိုက်ခိုက်ခြင်း၊ ထိခိုက်နစ်နာစေခြင်းမပြုခဲ့ပါ။ မည်သည့်အခါကမျှ ပြည်သူလူထုကို ပေးထားတဲ့ကတိကဝတ်ကိုလည်း မချိုးဖောက်ခဲ့ပါ။ ပြည်သူလူထုကို လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းတို့ဖြင့်လည်း စည်းရုံးခဲ့ခြင်းမရှိပါ။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတွင်းကသာ အစဉ်လုပ်ဆောင်ခဲ့ပါတယ်။ ယခုလို ပြည်သူကိုဦးထိပ်ပန်ဆင်ပြီး ရိုးသားပွင့်လင်းစွာ ဆက်ဆံခဲ့တဲ့အတိုင်း နောင်တွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်မှာ အဖွဲ့ချုပ်ရဲ့ မြဲမြံတဲ့သန္နိဋ္ဌာန်ဖြစ်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူတွေက လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းတဲ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ ဒီလိုထမ်းဆောင်ရာမှာ ကျွန်တော်တို့ အဖွဲ့ချုပ်ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်တွေကို အစဉ်နှလုံးသွင်းပြီး

*စာမျက်နှာ ၁၂ သို့*

# ရန်ကုန်ကလေးဆေးရုံရှိ ကလေးများအား ဖေဖော်ဝါရီ ၁၃ ရက်တွင် အာဟာရကျွေးမွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရန်ကုန်ကလေးဆေးရုံကြီး(ခုတင်-၅၀၀)နှင့် ရန်ကင်းကလေးဆေးရုံကြီး(ခုတင်-၅၅၀)တို့ရှိ ကလေးလူနာများအား အခြေခံပညာကျောင်းများမှ ကင်းထောက်များနှင့် တက္ကသိုလ်ကင်းထောက်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် အာဟာရဖြစ်စေမည့် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် တစ်နေ့တာကျွေးမွေး လှူဒါန်းဒါနပြုကြမည်ဖြစ်သည်။

ထို့အပြင် တက္ကသိုလ်ကင်းထောက်မောင်မယ်များက ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကင်းကလေးဆေးရုံကြီး ပတ်ဝန်းကျင်နှင့် ဆေးရုံအတွင်းအပြင်တို့၌ ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးကူညီစုပေါင်းဆောင်ရွက်ခြင်း၊ ကလေးလူနာများကိုတွေ့ဆုံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောခြင်း၊ စိတ်ခါတ်ပျော်ရွှင်စေမည့် ကင်းထောက်တေးသီချင်းများ သီဆိုခြင်း၊ ကစားနည်းများဖြင့် သရုပ်ဖော်ပြသခြင်းများ ပြုလုပ်ကြမည်ဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**



ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့၌ (၃၁)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဖေဖော်ဝါရီ ၉ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) မွန်းလွဲ ၁ နာရီက ကျင်းပရာ သံဃာအပါး ၁၈၀၀ ကျော်တို့အား ဒေသခံပြည်သူများက ဆွမ်းဆန်တော်များ လောင်းလှူကြစဉ်

မိုးလွင်ဦး(လွိုင်လင်)

---

**စာမျက်နှာ ၁၁ မှ**

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပြည်ထောင်စုတိုင်းရင်းသားတွေ အားလုံးနဲ့လက်တွဲကာ အတူတကွကြိုးပမ်း ဆောင်ရွက်သွားရန် ခံယူထားပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

ဒီမိုကရေစီရဲ့ပြယုဂ်ဟာ လွှတ်တော်ဖြစ်ပါတယ်။ လွှတ်တော်ခိုင်မာတောင့်တင်းရန် ဒီမိုကရေစီအင်အားကောင်းဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီကိုမြတ်နိုးတန်ဖိုးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်တင်မြှောက်နိုင်ပါမှ ဒီမိုကရေစီခရီးလမ်းရဲ့ အကန့်အသတ်အတားအဆီးတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ လိုအင်ဆန္ဒတွေပြည့်ဝကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။**

---

## စည်းလုံးညီညာ အောင်ကြောင်းဖြာ

---

# ပြည်သူ့ကျန်းမာရေး အသိပညာပေးဟောပြော

**ပြည် ဖေဖော်ဝါရီ ၁၀**

ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြည်သူ့ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်မူမူတင်က လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးမွေးမြူရေး အပါအဝင် အများပြည်သူအကျိုးရှိမည့် အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လိုပါက Community Centre ၌ အခမဲ့ကျင်းပဆောင်ရွက်နိုင်ကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမိုးက ကျန်းမာရေးဆိုင်ရာများကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

# ကရင်ရိုးရာ နယ်လုံးကျွတ်မီးပုံပွဲတော်ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကျုံဒိုးမြို့နယ်၌ (၁၉၁) ကြိမ်မြောက် ကရင်ရိုးရာနယ်လုံးကျွတ် မီးပုံပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁၀၂၂) နယ်ခြားစောင့်တပ်မှူး ဗိုလ်မှူး စောမုတ်သုန်နှင့် တာဝန်ရှိသူများ ကရင်ပြည်နယ်ရှိ ကရင်၊ မွန်၊ ရှမ်း၊ နာဂ၊ ဗမာလူမျိုးပေါင်းစုံ တက်ရောက်ခဲ့ကြောင်း သိရသည်။




မီးပုံပွဲတော်တွင်ကရင်ရိုးရာ ဒုံးယိမ်းပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ကရင်ရိုးရာ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းပြခန်းများ၊ နာမည်ကြီးစတူဒီယိုအဆိုတော်များ၊ ဇာတ်သဘင်ပွဲနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံလာရောက်ကြပြီး ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၄ နာရီက ကျန်းမာရေး၊ စီးပွားရေးနှင့် လူမျိုးပေါင်းစုံတို့၏ ဒုက္ခရောက်နေသော အခက်အခဲများကို မီးပုံပွဲပြုလုပ်၍ ဆုတောင်းခဲ့ကြကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

---


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

**(ယခင်ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန)**

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တက္ကသိုလ်များတွင် ဆေးအကြိုဘာသာရပ်များဖြစ်သော အောက်ဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် နည်းပြ/သရုပ်ပြ (လစာနှုန်း- ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးများ ဖြည့်စွက်ခန့်ထားရန် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ရူပဗေဒဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရုက္ခဗေဒဌာန
(စ) သတ္တဗေဒဌာန
(ဆ) သင်္ချာဌာန

**ရေးဖြေစာမေးပွဲကျင်းပမည့် အစီအစဉ်**

(က) ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်/အချိန် ဖြေဆိုရမည့်ဘာသာရပ်
၁။ ၂၅-၂-၂၀၁၇ရက်(စနေနေ့) ၁၀ နာရီမှ ၁၂နာရီ - ကျွမ်းကျင်မှုဘာသာရပ်
၂။ ၂၅-၂-၂၀၁၇ရက်(စနေနေ့) ၁၃း၀၀နာရီမှ ၁၅း၀၀နာရီ - မြန်မာစာ၊ အင်္ဂလိပ်စာ - အထွေထွေဗဟုသုတ
(ခ) ရေးဖြေစာမေးပွဲပြုလုပ်မည့်နေရာ - ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်(လမ်းမတော်)

၃။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်(လမ်းမတော်) တွင် ၂၂-၂-၂၀၁၇ရက်၊ ၂၃-၂-၂၀၁၇ရက်နှင့် ၂၄-၂-၂၀၁၇ရက်များတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၅။ လူတွေ့နှုတ်ဖြေစာမေးပွဲကျင်းပမည့်ရက်ကို ရေးဖြေစာမေးပွဲ အောင်စာရင်းထုတ်ပြန်သည့်အခါ ထည့်သွင်းထုတ်ပြန်မည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၃၃၊ (၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉ Ext - ၈၂၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## (၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးနိုင်ဝင်းထူးနှင့် ချစ်မေမေ ဒေါ်ဝင်းနန္ဒာဦးတို့၏ ၁၁-၂-၂၀၁၇ ရက်တွင် ကျရောက်သော (၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်း (၁၂၀)တိုင်တိုင် ချစ်သားလေး စိန်ရောင်စဉ်၊ ချစ်သမီးလေး ရွှေရောင်စဉ်တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့ သာယာသော မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

**ချစ်သားလေး-စိန်ရောင်စဉ်**
**ချစ်သမီးလေး-ရွှေရောင်စဉ်**



**ပင်းတယမြို့၊ ရွှေဥမင်ဘုရားပွဲကျင်းပရက်နှင့်ဆိုင်ခန်းရောင်းချမည့်ရက်**

### အသိပေးကြေညာခြင်း

ပင်းတယမြို့၊ ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၁ရက် (၈-၃-၂၀၁၇)ရက်မှ တပေါင်းလပြည့်ကျော် ၁ရက် (၁၃-၃-၂၀၁၇)ရက်အထိ မြို့နယ်သံဃသြဝါဒနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်အတွင်းရှိ ဈေးအရောင်းဆိုင်ခန်းများကို ယခင်နှစ်ရောင်းချမှုပုံစံများအားလုံးဖျက်သိမ်းပြီး မဲစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆိုင်ခန်းလိုအပ်သူများသည် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်နေရာများတွင် ရောင်းချနိုင်ပါရန် လျှောက်လွှာစတင်ရောင်းချမည့် (၁၂-၂-၂၀၁၇မှ၂၅-၂-၂၀၁၇) အတွင်း လျှောက်လွှာတင်ကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို လျှောက်လွှာရောင်းချရာဌာန၊ Happy လက်ဖက်ရည်ဆိုင်ရှေ့၊ ရှမ်းရပ်ကွက်၊ ပင်းတယမြို့တွင်လာရောက်စုံစမ်းနိုင်ပါသည်။ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ခေါင်ရည် စသော မူးယစ်သေစာများအား ရောင်းချခွင့်၊ ကြေညာခွင့်မပြုကြောင်းအသိပေးအပ်ပါသည်။ ၂၅-၂-၂၀၁၇ရက်ထက် နောက်ကျပြီးရောက်ရှိလာသော ဆိုင်ခန်းလျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပင်းတယရွှေဥမင်ဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်**
**ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉-၄၉၃၅၈၂၀၀**



**ဦးအောင်နေထက် ၇/ညလပ(နိုင်)၀၉၀၅၀၅နေရပ်လိပ်စာအမှတ် ၁၇၊ (၃)ရပ်ကွက်၊ အုန်းတော(၂)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နှင့်**

### အများသိစေရန်ကြေညာချက်

ကျွန်တော် ဦးသီဟကျော်သူ ၁၂/ပဘတ(နိုင်)၀၃၃၈၅၃ အမှတ် ၁၈၅/၁၉၃၊ ဗိုလ်အောင်ကျော်လမ်း၊ ငါးလွှာ၊ ကျောက်တံတားမြို့နယ်နေသူနှင့် ဦးအောင်နေထက် ၇/ညလပ(နိုင်)၀၉၀၅၀၅တို့သည် ၂၇-၅-၂၀၁၆ရက်တွင် Nissan AD VAN အမျိုးအစား မန္တလေး Taxi လိုင်စင်ကားလေးစီး ယာဉ်အမှတ် GG-8370,GG-8399,GG-8367,GG-8368စုစုပေါင်းလေးစီးကို တစ်စီးလျှင် ၉၃၅၀၀၀၀(ကိုးဆယ့်သုံးသိန်းငါးသောင်း)ကျပ်တိတိဖြင့် လေးစီးအတွက် ၃၇၄၀၀၀၀၀ကျပ်တိတိဖြင့် ဦးသီဟကျော်သူထံမှ ဦးအောင်နေထက်က ဝယ်ယူခဲ့ပါသည်။ အဆိုပါ Taxi လေးစီးဖိုးအတွက် ၃၁၄၀၀၀၀၀ကျပ်တိတိကို ဦးအောင်နေထက်ထံမှ ဦးသီဟကျော်သူက လက်ခံရရှိပါသည်။ လေးစီးအတွက် ကျန်ငွေ သိန်း ၆၀ ကို ယနေ့အထိလက်ရောက် ဖြေရှင်းခြင်းမရှိသေးပါ။ ထို့ကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ဖြေရှင်းပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ နောက်ဆုံးရက်အထိ လာရောက်ဆက်သွယ်ဖြေရှင်းဆောင်ရွက်ခြင်းမပြုလုပ်ပါက တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်နေထက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟကျော်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်လွင်(စမ်းချောင်း)**
**လိုင်စင်အမှတ် ၁၂၀၉၇၊ ဥပဒေအကျိုးဆောင်**
**အမှတ် ၂၂၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**



## အများသိစေရန်

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၈-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ ရက်ထိ ခုနစ်ရက်တိုင်တိုင် မော်လမြိုင်မြို့၊ သံလွင်ဥယျာဉ်ပန်းခြံအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်နယ်ဂုဏ်ဆောင်ဆု ချီးမြှင့်ပွဲအခမ်းအနား၊ ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေးဇာတ်ပွဲများ၊ တေးဂီတတီးဝိုင်းများ၊ ကုန်စည်ပြပွဲများနှင့် ဈေးရောင်းပွဲတော်များဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၅၇-၂၅၉၁၉**
**ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၅၇-၂၅၉၁၇**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးသိန်းဇော် ၉/မလန(နိုင်)၁၉၉၄၄၉ ၏သား ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျောင်း စတုတ္ထတန်းမှ မောင်ဘရန်ထွယ်လီနှင့် မောင်ဟိန်းထက်ဦးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ဘရန်ထွယ်လီ(ခ)မောင်ဟိန်းထက်ဦး**

# တရားမဝင်သယ်ဆောင်လာသော မြေဆီအိတ်များ သိမ်းဆည်းရမိ

**မိုးညှင်း ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖေဖော်ဝါရီ ၉ ရက်က မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော မြေဆီအိတ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှ ကချင်ပြည်နယ်ဘက်သို့ ရာဇာနှင့်ယာဉ်နောက်လိုက် အောင်ငဲတို့မောင်းနှင်လာသောယာဉ်ကို ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် ထုံးဖြင့်ဖုံးအုပ်၍ ထိုင်းနိုင်ငံထုတ် CROWN BRAND တံဆိပ်နှင့် TNC တံဆိပ်ပါ မြေဆီအိတ် ၅၀၀ ခန့်တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တိုင်းဒေသကြီးဘက်မှ ကချင်ပြည်နယ်ဘက်သို့ အောင်ထွေးမောင်းနှင်လာသော ၁၂ ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် ထုံးအိတ်များဖုံး၍ CROWN BRAND တံဆိပ်နှင့် TNC တံဆိပ်ပါ ထိုင်းနိုင်ငံထုတ် မြေဆီအိတ် ၅၀၀ အိတ်ခန့်တို့ကို စစ်ဆေးတွေ့ရှိသဖြင့် အရေးယူနိုင်ရန်အတွက် ရဲအုပ်ဝင်းကိုကိုက တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ထိုင်းနိုင်ငံထုတ် မြေဆီအိတ်များကို သယ်ဆောင်လာသူများအား မိုးညှင်းရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၇)



# အမျိုးသမီးတစ်ဦး ဓားဒဏ်ရာ ၁၉ ချက်ဖြင့် နေအိမ်အတွင်းသေဆုံး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၉ ရက် ည ၇ နာရီခွဲခန့်က အမျိုးသမီးတစ်ဦး ဓားဒဏ်ရာ ၁၉ ချက် အထိုးခံရကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်နယ်မြေ(၆) မြို့ပတ်လမ်း အိမ်အမှတ်(၂၁၃/A)နေ မလိဆန်ပန်(၂၄နှစ်)သည် ဦးခင်မောင်အေးနေအိမ်မှ ဆိုင်ကယ်ဖြင့် သွားရောက်၍ ဆိုင်ဖွင့်ခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် ဦးဒဗလျူခေါင်လတ်၊ ညီဖြစ်သူ ခေါင်ခင်ခေါင်စမ်းရန်တို့သည် ပန်းတိမ်ဆိုင်မှ နေအိမ်သို့ အရင်ပြန်နှင့်ပြီး နာရီဝက်ခန့်အကြာတွင် ဦးခေါင်ခင်ခေါင်စန်းရန်က ဦးဒဗလျူခေါင်လတ်ထံ မလိဆန်ပန် သွေးထွက်ဒဏ်ရာများဖြင့် အိမ်ရှေ့ကြမ်းပြင်ပေါ်၌ သေဆုံးနေကြောင်း ဖုန်းဖြင့်အကြောင်းကြားခဲ့သည်။

မလိဆန်ပန်သည် ဝဲယာရင်ဘတ်၊ ဝမ်းဗိုက်၊ လက်ပြင်နှင့် နောက်ကျောတို့တွင် စုစုပေါင်းဓားဒဏ်ရာ ၁၉ ချက် အထိုးခံရ၍ သေဆုံးသွားကြောင်း သိရ သည်။

သေဆုံးမှုနှင့် ပတ်သက်၍ မြစ်ကြီးနား နယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှု ကျူးလွန်သူဖမ်းဆီးရမိရေး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# သိန်းနီမြို့နယ် ရေပူဂိတ်၌ တရားမဝင်သစ်များ ငွေကျပ်သိန်း ၃၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

**သိန်းနီ ဖေဖော်ဝါရီ ၁၀**

သိန်းနီမြို့နယ် စစ်ဆေးရေးဂိတ်၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၆ နာရီက လားရှိုးမြို့မှ သိန်းနီဘက်သို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀ ကျော်ရှိသောသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့နံနက်က သိန်းနီမြို့ဘက်သို့ မောင်းနှင်လာသော မြင့်ဦး၏ ၁၂ ဘီးယာဉ်အား သိန်းနီမြို့ရေပူဂိတ်၌ သစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ တမလန်းဓားရှေတုံး ၃၀၊ ပိတောက်သစ်လုံး ၃၄ လုံး၊ ကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀ ကျော်ရှိ တရားမဝင်သယ်ဆောင်လာသောသစ်များအား ဖမ်းဆီးရမိခဲ့၍ သိန်းနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

(၁၆၄)

# လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ်ငါးလုံးမီးလောင်

**မြင်းခြံ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၈) ရပ်ကွက်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ်ငါးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဦးသန်းထိုက်၏ နေအိမ်အပေါ်ထပ် အနောက်တောင်ထောင့်မှ စတင်၍ ဝိုင်ယာရှော့ဖြစ်ကာ လောင်ကျွမ်းခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်လေးစီး၊ စည်ပင်သာယာအဖွဲ့မှရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၆ နာရီခွဲတွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာတွင် နေအိမ်ငါးလုံးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်း သိရပြီး အိမ်ပိုင်ရှင် ဦးသန်းထိုက်ကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည် ။ **ဇော်မင်းနိုင် ( မြင်းခြံ )**

# ဒီဇယ်ပီပါများအားစစ်ဆေးစဉ် ဆေးလိပ်မီးကြောင့် မီးလောင်

**မြိတ် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ရှပ်ပုံကျေးရွာ ဝါးတန်းလမ်း၌ ဖေဖော်ဝါရီ ၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က သိုလှောင်ရုံထဲ၌ ဒီဇယ်ပီပါများအား စစ်ဆေးနေစဉ် အမှတ်မထင်ပစ်ချမိခဲ့သည့် ဆေးလိပ်မီးကြောင့် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလောမြို့နယ် ရှပ်ပုံကျေးရွာ ဝါးတန်းလမ်းနေ ဦးထင်ဇော်(ခ) ဦးထင်ဇော်မြင့် ကုန်စုံဆိုင်ရောင်း၏ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်၊ အိမ်ဆောက်ပစ္စည်းများနှင့် ဒီဇယ်ဆီပီပါများ သိုလှောင်ထားသော အဆောက်အအုံတွင် ၎င်းသည် ဒီဇယ်ပီပါများအား အရေအတွက် စစ်ဆေးနေစဉ် သောက်လက်စဆေးလိပ်မီးကို အမှတ်မထင် ပစ်ချထားမိခဲ့ရာမှစ၍ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်နှင့်ကပ်လျက်ရှိ နှစ်ထပ်တိုက်အိမ်ရှစ်လုံး၊ ပျဉ်ထောင်အိမ်ငါးလုံးတို့အား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စုစုပေါင်း ၆၆ ဦး မီးဘေးသင့်ခဲ့ပြီး ၎င်းတို့ကို ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ဦးထင်ဇော်(ခ)ဦးထင်ဇော်မြင့်အား ပုလောမြို့မရဲစခန်းက အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ဖွဲနုများ အပူအောင်းရာမှတစ်ဆင့် မီးလောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တာကောက်ကျေးရွာ မအူပင်-မော်လမြိုင်ကျွန်း ကားလမ်းဘေးရှိ ဦးဝင်းဇော်ဦး(၄၀နှစ်)၏ စိုးမိသားစုဆန်စက်၌ ဖေဖော်ဝါရီ ၈ ရက် နံနက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

သတင်းပေးမှုအရ မအူပင်မြို့မရဲစခန်းက တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် (၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မအူပင်)မှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ်၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်မှာ စပါးကြိတ်စက်အောက်မှ ဖွဲနုများ အပူအောင်းရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရပြီး မီးလောင်မှုကြောင့် စပါးကြိတ်စက်တစ်လုံး၊ စပါးတင်း ၂၀၀၊ ဆန်တစ်တင်းခွဲအိတ် အလုံး ၁၀၀၊ ဖွဲနုတစ်တင်းခွဲအိတ် အလုံး ၅၀၊ ဆန်စက်အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးဝင်းဇော်ဦးအား မအူပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**


ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇)
အထိမ်းအမှတ်

ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် "ငြိမ်းချမ်းရေး စည်တော်သံ အနုပညာပွဲခင်းသာဖျော်ဖြေပွဲ"နှင့် "ငြိမ်းချမ်းရေး ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းပွဲ" အား အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နေ့ရက် – ၁၃.၂.၂၀၁၇ (တနင်္လာနေ့)
အချိန် – ညနေ(၅)နာရီမှ ည (၁၁)နာရီအထိ
နေရာ – အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂)၊ နေပြည်တော်

DIAMOND WALL CO.,LTD

အခမ်းအနားကျင်းပရေးကော်မတီ
ဆက်သွယ်ရန် – ၀၉ ၄၃၀၆၆၄၃၀
၀၉ ၄၄၂၁၂၁၀၂၀



ရွှေထူးလွင် ဇော်တင်ရွှန်းဘုရားပွဲသို့ ကားဖြင့် တိုက်ရိုက် (ရှောင်းသာ(နေ့စဉ်)၊ငွေဆောင်)ဂေါ်ရန်ဂိုကျွန်း ထွက်ရက် (10/14/17/21/24/28-2-2017) စားတဲ့ပြီမ်း (1/3/7/10-3-2017) ထွက်မည်။ ဖုန်း 09 450044494၊ 09 450044496

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၃၆ယ/ ၂၅၆၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

မွေးသက္ကရာဇ်အမှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ (၁)ရပ်ကွက်၊ တိုက်ကျောင်းလမ်းနေ ဦးတင်မောင်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၁၉၈၆ ဖြစ်ပါကြောင်း။
ဦးတင်မောင်စိုး

အမည်မှန်
မကွေးမြို့၊ အထက(၁)၊ န၀မတန်း(A) မှ ဦးမောင်မောင်၏ သမီး မကြည်ဇင်သန့်၏ အမည်မှန်မှာ မကြည်စင်သန့် ဖြစ်ပါကြောင်း။
မကြည်စင်သန့်

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6G/8210 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၂ယ/ ၈၅၃၃၁ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုး ၁၂/မရက(နိုင်) ၀၃၅၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (ပြည်မြို့)

# ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ ဂိုးမရှိ သရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ဇွဲကပင်နှင့် ရောဝတီအသင်း ဂိုးမရှိသရေကျခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်နှင့် ရောဝတီအသင်းတို့ အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့သည်။ ရောဝတီအသင်းသည် ပွဲစဉ်(၁)တွင် GFA ကို အနိုင်ရပြီးကတည်းက နိုင်ပွဲပျောက်ဆုံးနေခဲ့ပြီး ယခုပွဲတွင်လည်း ထပ်မံသရေကျခဲ့သောကြောင့် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။ ရောဝတီအသင်းသည် လူမစုံသော်လည်း သရေတစ်မှတ်ရအောင်ကစားနိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။ လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့် ရောဝတီအသင်းသည် ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ကွာဟသွားခဲ့သည်။

သုံးပွဲဆက် နိုင်ပွဲပျောက်ထားသည့် ရောဝတီအသင်းသည် ဒဏ်ရာရကစားသမား များပြားနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့သော်လည်း တိုက်စစ်တွင် ကစားပုံပျက်နေသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်များမရခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်းက ဝါရင့်ကွင်းလယ်လူ မင်းမင်းသူကို ထည့်သွင်းကစားခဲ့သောကြောင့် ကစားပုံပိုကောင်းလာပြီး ဇွဲကပင်ဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သည်။ ရောဝတီအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း မာတူနာနှင့် မင်းမင်းသူတို့ အသုံးမချနိုင်ခဲ့ပေ။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင် ပယ်နယ်တီရနိုင်သည့် အခွင့်အရေးတစ်ကြိမ်ရခဲ့သော်လည်း ကွင်းလယ်ဒိုင်က ငြင်းဆန်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော GFA နှင့် ချင်းယူနိုက်တက်အသင်းတို့၏ ချင်းဒါဘီပွဲတွင် GFA အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၈ မိနစ်တွင် ကိုဇီက ပယ်နယ်တီမှတစ်ဆင့် ချင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း GFA အတွက် ချေပဂိုးကို ၃၉ မိနစ်တွင် အီမန်နျူရယ်က သွင်းယူခဲ့သည်။ GFA အတွက် အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဝင်းမင်းက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံ၊ အောင်ဆန်းကွင်း၌ မကွေးနှင့် ရခိုင်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



ဇွဲကပင်နှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်

# ပိုက်ကျော်ခြင်း အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**နောင်ချို ဖေဖော်ဝါရီ ၁၀**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိုက်ကျော်ခြင်း အားကစားသမားများ မြန်မာ့လက်ရွေးစင် ပေါ်ထွန်းလာစေရေးတို့ကို ရည်ရွယ်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော မြန်မာ့လက်ရွေးစင်တစ်ဦး အလွတ်တန်းအဆင့်မြင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ပြီး သုံးရက်ကြာ နောင်ချိုမြို့မဈေးအနီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြင်းခြံ ဖေဖော်ဝါရီ ၁၀**

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ကျေးရွာ ငါးရွာ၌ တွင်းနက်တူးဖော်ခြင်း၊ နဘူးအိုင်-နှပ်ချိုတောလမ်း ကျောက်ချောခင်းခြင်း၊ ခေါင်းကွဲ-ကန်ရွာ-အိုင်းမလမ်း ကျောက်ချောခင်းခြင်း၊ သံမဏိစက်ရုံ ဆားခါး-မြင်းခြံလမ်း ကတ္တရာခင်းခြင်းအပြင် မြို့နယ်အတွင်း လမ်းတံတားလုပ်ငန်းဖြစ်သော ရေကျော်ခြောက်စင်း Boxculvert ခုနစ်စင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ တိုင်းဒေသကြီးရန်ပုံငွေဖြင့် နဘူးအိုင်-မြေစကောင်းလမ်း(၂/၆)မိုင် မြေသားလမ်း ဆောင်ရွက်ခြင်း၊ မြင်းခြံ-မကျီး သမ္ဗျားလမ်း နှစ်မိုင်မြေသားလမ်းခင်းကာ ရေကျော်လေးစင်းတို့ကို ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

မြင်းခြံမြို့နယ် နဘူးအိုင်-နှပ်ချိုတောလမ်း(၂/၆)မိုင်နှင့် ယင်းလမ်းပေါ်ရှိ ပေ ၁၄၀ ရေကျော် ဆောင်ရွက်ပြီးစီးမှုကို တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်အဖွဲ့က ဖေဖော်ဝါရီလ ပထမပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**



**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၀ -** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ (မိုး/ဇလ)


## Global New Light of Myanmar
## လစ်လပ်နေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

Global New Light of Myanmar သတင်းစာထုတ်လုပ်ဖြန့်ချိရေးဌာန၌ လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး၊ နေရာများအတွက် ၂၁-၂-၂၀၁၇ရက်တွင် နောက်ဆုံးလျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၁။ စာတည်းမှူးချုပ်(၁)ဦး(ကျား)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) ပညာအရည်အချင်း-တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး M.A(English) ဘွဲ့တစ်ခုရရှိပြီး အင်္ဂလိပ်သတင်းစာ အရေးအသားကျွမ်းကျင်၊ တည်းဖြတ်၊ စိစစ်ပေးနိုင်သူ။
(ခ) သတင်းစာအတွေ့အကြုံရှိပြီး အယ်ဒီတာလုပ်သက်အနည်းဆုံး(၁၅)နှစ်ရှိပြီး Computer ကျွမ်းကျင်၍ စာတည်းဌာနကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
(ဃ) မြန်မာလူမျိုးဖြစ်ရမည်။
(င) အသက် ၄၀နှစ်မှ ၆၀နှစ်ကြားရှိသူ။ ၆၀နှစ်ကျော်သော်လည်း ကျန်းမာရေးကောင်းမွန်သူ။
(စ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၂။ Expatriate အယ်ဒီတာ (၂)ဦး (ကျား)။ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) ပညာအရည်အချင်း-သတင်းစာပညာအထူးပြုဘွဲ့ရရှိပြီးသူ အင်္ဂလိပ်စကားပြောနိုင်ငံများမှ နိုင်ငံခြားသား။
(ခ) သတင်းတည်းဖြတ်အတွေ့အကြုံရှိသူ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
(ဃ) အသက် ၄၀နှစ် အထက်ရှိပြီး အသက်ကြီးသော်လည်း လုပ်ငန်းဆောင်ရွက်နိုင်သူ။
(င) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၃။ ဝါရင့်ဘာသာပြန် (၂)ဦး (ကျား)။ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
(ခ) မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လျင်မြန်စွာ ဘာသာပြန်ဆိုနိုင်ပြီး ဘာသာပြန်အတွေ့အကြုံ(၁၀)နှစ်ရှိသူ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
(ဃ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၄။ ဘာသာပြန် (၃)ဦး (ကျား/မ)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
(ခ) မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ပြီး ဘာသာပြန်အတွေ့အကြုံ (၅)နှစ်ရှိသူ။
(ဂ) ညပိုင်းတာဝန်ထမ်းဆောင်နိုင်သူ။
(ဃ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၅။ အကြီးတန်းသတင်းထောက် (၃)ဦး (ကျား/မ)၊ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
(ခ) သတင်းများကို မြန်မာဘာသာဖြင့် ရှင်းလင်းတိကျစွာ ရေးသားနိုင်သူ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူကို ဦးစားပေးမည်။
(ဂ) သတင်းစာအတွက် လုပ်ကိုင်ဖူးသူဖြစ်ရမည်။
(ဃ) သတင်းထောက်အတွေ့အကြုံ (၃)နှစ်ရှိသူ။
(င) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၆။ အငယ်တန်းသတင်းထောက် (၂)ဦး (ကျား/မ) အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-
(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ။
(ခ) သတင်းများကို မြန်မာဘာသာဖြင့် ရှင်းလင်းတိကျစွာရေးသားနိုင်သူ။
(ဂ) လစာညှိနှိုင်းသတ်မှတ်ပါမည်။

၇။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါရန်နှင့် လျှောက်လွှာများကို ကိုယ်ရေးအကျဉ်းပုံစံ၊ လိုင်စင်ဓာတ်ပုံကပ်လျက် အချိန်မီပေးပို့နိုင်ပါရန်။

**ဆက်သွယ်ရန်လိပ်စာ ။ ။ အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန် ။ ။ ဖုန်း-၀၁-၈၆၀၄၅၂၉ (Editorial Section), 09-428120086, 09-49445545**
**E-mail: gnlmdaily @ gmail.com, dce @ globalnewlightofmyanmar.com**


# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်
## နေပြည်တော် ဖေဖော်ဝါရီလ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ခုနှစ် ဧပြီ ၁ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းအား ၁-၂-၂၀၁၇ရက်မှစ၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး (မပျက်မကွက်) လာရောက်ကြည့်ရှု၍ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် မြန်မာ့ရုပ်မြင်သံကြား၊ သတင်းစာနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ဖော်ပြ မေတ္တာရပ်ခံခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်းပူးပေါင်း၍ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းကြည့်ရှုရန် နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။

၂။ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားသည့် ၁-၂-၂၀၁၇ရက်မှ ၇-၂-၂၀၁၇ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူအရေအတွက်မှာ မဲဆန္ဒရှင်များ၏ ၆ဒသမ၀၁ရာခိုင်နှုန်းခန့်သာလာရောက်ကြည့်ရှုပြီး မိမိအမည်မပါဝင်သဖြင့် မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၂ ဒသမ ၇ရာခိုင်နှုန်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်နေသဖြင့် ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၀ ဒသမ ၅ရာခိုင်နှုန်း၊ မဲစာရင်းတွင် အချက်အလက်များမှားယွင်းနေသဖြင့် ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်ရန် တင်သွင်းသူ ၁ဒသမ ၆ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်စေရန် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး မပျက်မကွက် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် ထပ်မံအသိပေး နှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


**(ဒဂုံမြို့သစ်) တောင်ပိုင်း။ ဆိပ်ကမ်း မြေကွက်ဝယ်လိုသည်။ ဖုန်း-၀၉ ၄၃၁၇၃၉၇၂**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကိုင်းတောမ(အထက) နဝမတန်း(B)မှ မချမ်းမြေ့သူ၏ ဖခင်အမည်မှန်မှာ ဦးတိုးငွေ ၈/မမန(နိုင်)၁၄၈၈၆၁ ဖြစ်ပါကြောင်း။ **ဦးတိုးငွေ**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးသန်းအောင်၏သမီး မမိုးသီတာ ၇/ကဝန(နိုင်)၂၀၉၂၃၈အား မဝေနွေးဖြူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၁၉၉၄ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးဇော်မိုး၏သမီး မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အမှတ်(၁၁) အမက စတုတ္ထတန်း(A)မှ မသဇင်လှိုင်နှင့် မသွယ်သွယ်ဟန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၊ မလွန်တပ်တွင်း အမက တတိယတန်းမှ မခိုင်သဇင်အေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၈/မလန(နိုင်)၁၀၄၇၀၃ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 3E/2252 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 6E/4990 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8K/4854 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သို့ လေ့လာရေးခရီးမှတ်တမ်း. . .

## ဒေါက်တာမျိုးကြွယ် (AUAA)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Yunnan Agricultural University) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် ကျွန်တော်နှင့်မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာနမှ ပါမောက္ခ ဒေါက်တာကျော်ငွေတို့ ကူမင်းမြို့သို့ ဇန်နဝါရီလ ၁၇ ရက်မှ ၂၁ ရက်ထိခရီးထွက်ခဲ့ကြပါသည်။

ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သည် ကျောင်းသားကျောင်းသူပေါင်းနှစ်သောင်းကျော်ရှိပြီး ပါမောက္ခ ၁၈၅ ဦး အပါအဝင် ဆရာ ဆရာမ၊ ဝန်ထမ်းပေါင်း ၁၈၀၀ ကျော်ရှိပါသည်။ ပြင်ပရှိတက္ကသိုလ်နယ်မြေအပါအဝင် တက္ကသိုလ်နယ်မြေ (campuses) လေးခုရှိပြီး စုစုပေါင်းမြေဧရိယာမှာကေ ၈၀၀ ကျော် ရှိပါသည်။ လယ်ယာသီးနှံနှင့် ဇီဝနည်းပညာကောလိပ် (College of Agronomy and Biotechnology) အောက်တွင် လယ်ယာသီးနှံဘာသာရပ် (Agronomy)၊ ဇီဝနည်းပညာ (Biotechnology)၊ တရုတ်ဆေးဖက်ဝင်အပင်များစိုက်ပျိုးပြုစုခြင်းနှင့် အမျိုးအစားခွဲခြားခြင်း (Cultivation and Identification of Chinese Herbal Medicine)၊ မျိုးစေ့သိပ္ပံနှင့် အင်ဂျင်နီယာပညာ (Seed Science and Engineering) များကို အဓိကဘာသာအနေဖြင့် ပို့ချပါသည်။

အပင်ကာကွယ်ရေးကောလိပ် (College of Plant Protection) အောက်တွင် အပင်ကာကွယ်ရေး(Plant Protection)၊ အပင်နှင့်တိရစ္ဆာန်ရောဂါပိုးမွှားများတားဆီးပိတ်ပင်ရေး (Plant and Animal Quarantine) နှင့် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး (Forest Conservation) ဘာသာရပ်များကိုအဓိကဘာသာအနေဖြင့် ပို့ချပါသည်။ ဆေးရွက်ကြီးသိပ္ပံကောလိပ် (College of Tobacco Science) အောက်တွင် ဆေးရွက်ကြီးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနည်းပညာများကိုအဓိကဘာသာအဖြစ် သင်ကြားပေးပါသည်။ အရင်းအမြစ်နှင့် ပတ်ဝန်းကျင်သိပ္ပံကောလိပ် (College of Resources and Environment) အောက်တွင် စိုက်ပျိုးရေးဆိုင်ရာအရင်းအမြစ်နှင့် ပတ်ဝန်းကျင် (Agricultural Resources and Environment)၊ ပတ်ဝန်းကျင်သိပ္ပံဘာသာရပ် (Environmental Science)၊ မြေအရင်းအမြစ်များစီမံမှု (Land Resources Management)၊ ပတ်ဝန်းကျင် အင်ဂျင်နီယာ (Environment Engineering)၊ ဂေဟဗေဒ(Ecology) စသည် အဓိကဘာသာရပ်များအထူးပြုလေ့လာစေပါသည်။

မြေယာခင်းအလှနှင့် ဥယျာဉ်ခြံသီးနှံကောလိပ် (College of Landscape and Horticulture) အောက်တွင် ဥယျာဉ်ခြံသီးနှံ (Horticulture)၊ မြေယာအလှဗိသုကာပညာ (Landscape Architecture)၊ ဥယျာဉ်ခြံသီးနှံပညာရေး (Horticultural Education)၊ ပိုးမွေးမြူရေး(Sericulture)၊ အကာအကွယ်ပေးစိုက်ပျိုးရေးသိပ္ပံနှင့် အင်ဂျင်နီယာပညာ (Protected Agricultural Science and Engineering) အထူးပြုဘာသာရပ်များ ပို့ချပေးပါသည်။ လက်ဖက်သိပ္ပံပညာကောလိပ် (College of Tea Science) မှ လက်ဖက်စိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ထုတ်လုပ်ရောင်းချခြင်းဘာသာရပ်တို့ကို အထူးပြုပို့ချပါသည်။ တိရစ္ဆာန်မွေးမြူရေးသိပ္ပံနှင့် နည်းပညာ (College of Animal Science and Technology) ကောလိပ်မှ သတ္တဗေဒသိပ္ပံ (Zoological Science)၊ တိရစ္ဆာန်ကုသရေးပညာ (Veterinary Medicine)၊ မြက်ခင်းပြင်ဆိုင်ရာသိပ္ပံ (Lawn Science) နှင့် ရေလုပ်ငန်းဆိုင်ရာသိပ္ပံပညာ (Aquaculture Science) အဓိကဘာသာရပ်များသင်ပေးပါသည်။

အစားအသောက်သိပ္ပံနှင့် နည်းပညာကောလိပ်မှ (College of Food Science and Technology)၊ အစားအသောက်သိပ္ပံနှင့်အင်ဂျင်နီယာ (Food Science and Engineering) အစားအသောက်အရည်အသွေးနှင့်လုံခြုံမှု (Food Quality and Security)၊ ပျားမွေးမြူရေး (Apiculture)၊ အစားအသောက်အင်ဂျင်နီယာပညာ (Food Engineering) အထူးပြုဘာသာရပ်များသင်ကြားပေးပါသည်။

စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာကောလိပ် (College of Mechanical and Electrical Engineering) မှ စက်မှုလယ်ယာ (Agricultural Mechanization) စက်ပစ္စည်းဒီဇိုင်းနှင့်ထုတ်လုပ်ခြင်း (Design and Manufacture of Machinery)၊ လျှပ်စစ်အင်ဂျင်နီယာ (Electrical Engineering) စက်မှုလုပ်ငန်းနှင့်ဆိုင်သော အင်ဂျင်နီယာ (Industrial Engineering)၊ ယာဉ်နှင့်ဆိုင်သောအင်ဂျင်နီယာ (Vehicle Engineering) ဥပမာ- Tractor, Power Tillers, etc.,တို့ သင်ကြားပေးပါသည်။ စီးပွားရေးနှင့် စီမံခန့်ခွဲမှုကောလိပ် (College of Economics and Management) မှ စိုက်ပျိုးရေး၊ သစ်တောဆိုင်ရာစီးပွားရေးနှင့် စီမံခန့်ခွဲမှုဘာသာရပ် (Economics and Management of Agriculture and Forestry)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး (Rural Region Development)၊ သတင်းနှင့်နည်းပညာစီမံခန့်ခွဲမှုနှင့်စနစ်များ (Information Management and Information System)၊ အုပ်ချုပ်မှုစီမံခန့်ခွဲရေးပညာ (Administration Management)ပညာရပ်များ အထူးပြုသင်ပေးပါသည်။ အခြားကောလိပ်များမှလည်းစိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သောပညာရပ်များသင်ကြားပေးပါသည်။



အာလူးသုတေသနစိုက်ခင်းလေ့လာနေပုံ

ကျွန်တော်တို့အဖွဲ့သည် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးသည်နှင့် ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အတွင်းမြေဆီလွှာနှင့် ရေသိပ္ပံဓာတ်ခွဲခန်းများ၊ ဒေသကြက်မျိုးများ မပျောက်ပျက်အောင် ထိန်းသိမ်းမွေးမြူစောင့်ရှောက်ထားရှိခြင်း (Management of Traditional Poultry Landraces) သုတေသန၊ သင်ကြားရေးခြံများသို့ လေ့လာကြည့်ရှုခဲ့ရပါသည်။ နောက်တစ်နေ့တွင် တက်ဟုန်း ပြည်နယ်ခွဲ မန်ရှီးမြို့အနီးယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အာလူးသုတေသနဌာန၏ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထားရှိမှုကိုသွားရောက်လေ့လာခဲ့ရပါသည်။ သူတို့၏ အာလူးမျိုးများမှာ ကျွန်တော်တို့လက်ရှိစိုက်ပျိုးနေသောမျိုးများထက် ငါးဆ၊ ခြောက်ဆခန့်အရွယ်ကြီးပါသည်။ အာလူးကိုလည်းပြုတ်၍တစ်မျိုး၊ အသုပ်လုပ်၍တစ်ဖုံ၊ ဖျော်ရည်၊ အကြော်စသည်ဖြင့်နည်း အမျိုးမျိုးနှင့် လုပ်စားကြ၍ ဈေးကွက်မှာလည်းဝယ်လိုအားကောင်းပါသည်။

တရုတ်နိုင်ငံ၏ တတိယအကြီးဆုံးကုမ္ပဏီဖြစ်သော ယုံချင်းဟွာကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသောပစ္စည်းများထဲမှ ဖော့စဖိတ်နှင့် ကွန်ပေါင်းမြေဩဇာသည် အာရှတိုက်တွင် အများဆုံးထုတ်လုပ်သည့် မြေဩဇာကုမ္ပဏီဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်လည်း စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တို့ ဆက်လက်ပူးတွဲလုပ်ဆောင်မည့် သဘောတူညီချက်များမှာ-

(၁) အစားအသောက်သိပ္ပံနှင့် နည်းပညာကောလိပ် ထူထောင်ပေးရန်

(၂) တရုတ်-မြန်မာပညာရေးနှင့် သုတေသနဌာန ထူထောင်ပေးပြီး အပင်မျိုးမွေးမြူရေး၊ တိကျသောမြေဩဇာကျွေးမှု (Precision Fertilization)၊ စပါး၊ ပြောင်းဖူး၊ အာလူး၊ ပဲမျိုးစုံ၊ ကြံ၊ မြေပဲဇီဝနည်းပညာသုတေသနများပူးတွဲလုပ်ဆောင်ပါမည်။

(၃) တစ်နှစ်လျှင် ယူနန်တက္ကသိုလ်မှ ပညာသင်ဆု ၁၀ ဦးမှ ၂၀ အထိရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းဆင်းများကိုပေးမည်။ ဆုရကျောင်းသား ကျောင်းသူများသည် ယူနန်တက္ကသိုလ်တွင် စိုက်ပျိုးမွေးမြူရေးဘာသာများကိုသင်ကြားရမည်ဖြစ်သည်။ အပြန်အလှန်အနေဖြင့် တရုတ်ကျောင်းသား ကျောင်းသူများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုး ရေးဘာသာရပ်များလေ့လာဆည်းပူးရန်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။ အထွက်ကောင်းစေသောသီးနှံပင်များမျိုးစပ်မွေးမြူခြင်းကိုတက္ကသိုလ်နှစ်ခုမှ ပညာရှင်များပူးတွဲ သုတေသနပြုလုပ်မည်ဖြစ်ပြီး တက္ကသိုလ်အချင်းချင်းအဆင့်မြင့် စိုက်ပျိုးရေးသိပ္ပံပညာ နှီးနှောဖလှယ်ပွဲကို နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပရန်လည်း သဘောတူထားကြောင်း သိရသည်။

ဤကဲ့သို့နှစ်ဖက်တက္ကသိုလ်အချင်းချင်းပူးပေါင်းနှီးနှောဖလှယ်ခြင်းဖြင့် မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

# မွန်ပြည်နယ် မော်လမြိုင်-ဘီလူးကျွန်း (ချောင်းဆုံ) သံလွင်တံတားမကြာမီကာလအတွင်းဖွင့်လှစ်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မှ ဘီလူးကျွန်း ချောင်းဆုံမြို့သို့ ဆက်သွယ်ပေးမည့် မော်လမြိုင်-ဘီလူးကျွန်း (ချောင်းဆုံ) သံလွင်တံတားသည်အရှည် ၅၂၀၇ ပေ၊ အကျယ် ၂၈ ပေ၊ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး သံမဏိသံပေါင်တပ်နှစ်လမ်းသွားအမျိုးအစားဖြစ်ကြောင်းသိရသည်။ အဆိုပါတံတားကို ပြည်တွင်း အင်ဂျင်နီယာဖြင့်သာ တည်ဆောက်ပြီး သံပေါင်များမှာ ပြည်တွင်းထုတ် သံပေါင်များကို အသုံးပြုပြီး တံတားအောက် ထည်နှင့်တံတားတိုင်များကို မြန်မာအင်ဂျင်နီယာများက ဒီဇိုင်းရေးဆွဲပြီး အပေါ်ထည်ပိုင်းဒီဇိုင်းကို ဂျပန်အင်ဂျင်နီယာများက ရေးဆွဲထားကြောင်း၊ မော်လမြိုင် သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့(၄) မှ ညွှန်ကြား ရေးမှူး ဦးသိန်း မြင့်မွန်က ပြောသည်။

မော်လမြိုင်-ချောင်းဆုံ တံတားပန္နက်တင် အခမ်းအနားကို မော်လမြိုင်ဘက်ခြမ်းဖြစ်သော မုပ္ပွန် ဆိပ်တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် က ကျင်းပခဲ့ရာ ယခုအခါတွင်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းနီးပါးပြီး စီးနေပြီဖြစ်၍ ဧပြီလအတွင်း ဖွင့်လှစ်သွားမည်ဟု သိရသည်။

"ကျွန်တော်တို့ ချောင်းဆုံမြို့နယ်က မွန်ပြည်နယ်ရဲ့သီးခြားမြို့လေးဖြစ်နေတော့ ခရီးသွားရတာအခက်အခဲရှိပါတယ်။ ဇက်ရေယာဉ် အသုံးပြုပြီးသွားလာရတယ်။ မိုးတွင်းကာလမှာ တစ်နာရီလောက်ကြာတယ်။ မိုး၊ လေနဲ့ဆိုအများကြီးအန္တရာယ်ရှိပါတယ်။ အခုတံတားကြီးဖွင့်တော့မယ်ဆိုတော့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် ကုန်သည်ခရီးသွားတွေအတွက် ပိုပြီးအဆင်ပြေချောမွေ့သွားတာပေါ့" ဟု ချောင်းဆုံမြို့နယ် အခြေခံပညာရေးဦးစီးဌာနမှ ဦးမျိုးသိုက်က ပြောသည်။

**(ဖိုးသန့်)**

# နှစ် ၇၀ မြောက် ပြည်ထောင်စုနေ့ကိုကြိုဆို သန့်ရှင်းရေးပြုလုပ်

**ဇီးကုန်း ဖေဖော်ဝါရီ ၁၀**

နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ဇီးကုန်းမြို့ ရန်ကုန်-ပြည်ကားလမ်းနှင့် ရထားလမ်းရှေ့ ဘူတာရုံးဝန်းကျင်တစ်လျှောက် ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုအဖြစ် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အမှိုက်သရိုက်များမီးရှို့ခြင်းတို့ကို ဖေဖော်ဝါရီလပထမပတ်က ပြုလုပ်ခဲ့သည်။

လုပ်အားပေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ စည်ပင်သာယာအမှုဆောင်အရာရှိဦးခိုင်ထွန်းနှင့်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ ပါဝင်ခဲ့ကြောင်းသိရသည်။

**ကိုသက်(ဇီးကုန်း)**

# ဝေန်ရေကာတာရေယိုစိမ့်ပေါက်များအား မြေသားခွဲစိတ်ပြုပြင်လျက်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်းက ဝေန်မြစ်ရေကြီးမြင့်မှုကြောင့် ရေယိုစိမ့်ခဲ့သော မြို့နယ်အတွင်းရှိ ဝေန်ရေကာတာ ရေယိုစိမ့်ပေါက်များအား မြေသားခွဲစိတ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ငါးသိုင်းချောင်းမြို့အတွင်းရှိ ရှေ့ဆောင်ရပ်ကွက် ဝေန်ရေကာတာ တာမိုင် ၄၇/၂+၅၀၀ နှင့် ၄၇/၃+၄၀ ရေယိုစိမ့်ပေါက်နေရာများကိုပြုပြင်လျက်ရှိသည်။



အဆိုပါ ရေယိုစိမ့်ပေါက်နေရာများအား ယခင်နှစ်မိုးရာသီ ဝေန်မြစ်ရေကြီးမြင့်စဉ်ကာလအတွင်း မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူလူထုတို့ နေ့ ညမပြတ်စောင့်ကြည့်ပြုပြင်ဆောင်ရွက်ခဲ့ရကြောင်း ယခုအခါ ဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိနေပြီး မြစ်ရေကျဆင်းနေချိန် စနစ်တကျမြေသားခွဲစိတ်ပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးနိုင်ဦးက ပြောကြားခဲ့ပြီး ငါးသိုင်းချောင်းမြို့ ဝေန်ရေကာတာ တာမိုင်အစ မအူကုန်ကျေးရွာ တာမိုင် ၄၄/၅+၃၀၀ မှ ကွင်းပေါက်ကျေးရွာ တာမိုင် ၄၉/၅+၅၀၀ တာမိုင်အရှည် ငါးမိုင်ခွဲအတွင်း ရေယိုစိမ့်ပေါက် စုစုပေါင်း ၁၁ ပေါက် ပြုပြင်ဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါ ရေကာတာရေယိုစိမ့်ပေါက်မြေသားခွဲစိတ် ပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလအတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းမော်က ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(မြန်/ဆက်)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်စည်းကမ်းမလိုက်နာသည့်ယာဉ်များ အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်စည်းကမ်းလိုက်နာမှုမရှိသည့် ယာဉ်မျိုးစုံကို သက်ဆိုင်ရာမှ အရေးယူမှုပြုလုပ်နေရာ ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ယာဉ်စီးရေ ၅၀ ကျော် အရေးယူမှုရှိကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း လုပ်ကိုင်ရာတွင် စက်တပ်ယာဉ်မှန်သမျှ တစ်ပြေးညီ အရေးယူခြင်းများရှိလာသည့်အတွက် ပွဲရုံဝင်းအတွင်းရှိ လမ်းများပေါ်တွင် အထူးသဖြင့် ယာဉ်ငယ်များ စည်းကမ်းတကျ မောင်းနှင်ရပ်နားမှုများ မြင်တွေ့လာရသည်။

ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသော လုပ်ငန်းများ ဖယ်ရှားရှင်းလင်းသည့် စီမံချက်မပြုလုပ်မီကာလများနှင့်စီမံချက်အကောင်အထည်ဖော်သည့် ယခုလပိုင်းကာလများ နှိုင်းယှဉ်ကြည့်လျှင် များစွာမြင်ကွင်းရှင်းလင်းမှုနှင့်အတူ ယာဉ်သွားလာမှု လွယ်ကူလာကြောင်း ဘုရင့်နောင်ပွဲရုံသို့ လာရောက်သူများက ပြောသည်။

သီရိမင်္ဂလာဈေးသစ်နည်းတူ ယာဉ်ကြောပိတ်ဆို့မှုနှင့် စည်းကမ်းမဲ့ဈေးရောင်းချမှု ကင်းစင်ရန် လိုအပ်နေ သေးသည့် လုပ်ဆောင်ချက်များ ကျန်ရှိနေသေးရာ ဆက်လက်လုပ်ဆောင်နေသည်ကို မြင်တွေ့ရသည်။ ပွဲရုံဝင်းအတွင်းရှိ ကားလမ်းများပေါ်တွင် ပွဲရုံလုပ်ငန်းရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် NGO အဖွဲ့ အစည်းမှ ခန့်ထားသည့် ပုဂ္ဂလိက ယာဉ်ရှင်းဝန်ထမ်းအား အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ တပ်ဖွဲ့ဝင်များက ကူညီလုပ်ဆောင်ပေးနေသည်ကို တွေ့မြင်ရသည်။

**ခင်ဆိုင်**

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် စက်ဘီးစီးပြိုင်ပွဲကျင်းပ



**ငဖဲ ဖေဖော်ဝါရီ ၁၀**

ငဖဲမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အားကစားကို ပိုမိုစိတ်ပါဝင်စားစေရန်နှင့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန်ရည်ရွယ်၍ နှစ်(၇၀)ပြည့်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကာ စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ငဖဲမြို့ ဓာတ်တော်ဓမ္မာရုံရှေ့မှ ပေါင်းကလေးကျေးရွာ ဆိုဒ်ရှေ့အထိ အသွားအပြန် ခြောက်မိုင် နှစ်ဖာလုံ ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမား ကျောင်းသား ကျောင်းသူ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကျား၊ မ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုသုံးဦးစီ စုစုပေါင်း ၁၂ ဦး ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ပထမဆုရရှိသူ ကျား၊ မ စက်ဘီးတစ်စီးစီနှင့် ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၂ ရက် နှစ်(၇၀)ပြည့်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုများအသီးသီး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆွေးနွေးပွဲကို မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ ပထမပတ်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာယုယုဝေ၊ တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာခင်ဇာမိုးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းစီမံချက်များ၊ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၏ ကဏ္ဍတစ်ခုချင်းအလိုက် အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲကာလအတွင်း တိုင်းဒေသကြီးအဆင့် ထူးချွန်ကျန်းမာရေးဝန်ထမ်းအဖြစ်ရွေးချယ်ခြင်းခံထားရသော အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဆုချီးမြှင့်ခြင်းနှင့် တင်ပြမှုတွင် အကောင်းဆုံးရခဲ့သော ကျန်းမာရေးဌာနအား ဆုချီးမြှင့်ခြင်းတို့ပါ ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ဖြန့်ချိသူများထံပြန်ပို့ပြီး တန်ဖိုးပြန်လည်ရယူစေခြင်းဖြင့် ဈေးသည်များ၏နစ်နာမှုအားဖြေရှင်း

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးမြို့ရှိ မြို့မဈေး၊ မင်္ဂလာဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေးများ၌ တားမြစ်စားသောက်ကုန်ရောင်းချမှုအခြေအနေဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများက ဖေဖော်ဝါရီ ၃ ရက်မှစတင်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် FDA မှ အများပြည်သူစားသုံးရန်မသင့်၍ တားမြစ်ထားသော စားသောက်ကုန်စာရင်းတွင်ပါဝင်သည့်ယိုစုံများ၊ ဂျယ်လီများကို တွေ့ရှိရသည့်အတွက် ဈေးဆိုင်များတွင် တည်ခင်းရောင်းချခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ်များ ရေးထိုးစေခဲ့သည်။

“ စားသုံးရန်မသင့်တဲ့ စားသောက်ကုန်တွေရောင်းချခြင်းမပြုဖို့ FDA နဲ့ စားသုံးသူရေးရာဦးစီးဌာနတွေကလည်း အသိပညာပေးမှုတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ တားမြစ်ကုန်ပစ္စည်းတွေကို သိမ်းဆည်းရမှာဖြစ်ပေမယ့် ဈေးသည်တွေနစ်နာမှုမရှိအောင် ပင်ရင်းဖြန့်ချိသူများထံပြန်ပို့ကာ တန်ဖိုးငွေများ ပြန်လည်ရယူကာ ဖြေရှင်းပေးနေရခြင်း ဖြစ်ပါတယ်။ နောက်ထပ်ရောင်းချနေဦးမယ်ဆိုရင်တော့ သိမ်းဆည်းတာတွေ၊ စည်းကမ်းပိုင်းအရ အရေးယူတာတွေ လုပ်သွားမှာပါ ” ဟု မကွေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

**ဇေယျာတု(မကွေး)**

# မကျည်းတောပဲမြစ်များ တံတားဦး၌ လှိုင်လှိုင်ပေါ်

**တံတားဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၏ မြစ်ဝှမ်းလွင်ပြင်တစ်လျှောက်၌ ဝါဆိုလပြည့်ဝန်းကျင်မှစ၍ ပဲမြစ်များစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ တံတားဦးနယ်ထွက် မကျည်းတော ပဲမြစ်များ လှိုင်လှိုင်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ပန်းလောင်မြစ်ဝှမ်းလွင်ပြင်နှင့် ဇော်ဂျီမြစ်ဝှမ်းလွင်ပြင်ဒေသများတွင် ပဲမြစ်များကို အများဆုံးစိုက်ပျိုးကြပြီး တံတားဦးနယ်မှထွက်သော မကျည်းတောပဲမြစ်များမှာ နိုင်ငံကျော်ဖြစ်သည်။ အဓိကအားဖြင့် မကျည်းတောပဲမြစ်မျိုးနှင့် အီကင်းပဲမြစ်မျိုးဟူ၍ နှစ်မျိုးရှိပြီး အခြားစပ်မျိုးများလည်းရှိသည်ဟု သိရသည်။

“ပေါ်ဦးစမှာတော့ ဈေးတော်တော်ကောင်းပေမယ့် မနှစ်က ပေါက်ဈေးကိုတော့ မမီပါဘူး။ အခုလောလောဆယ် ပဲမြစ်အနေအထားပေါ်မူတည်ပြီး တစ်ပိဿာကို ငွေကျပ် ၅၅၀၊ ၆၀၀ နှင့် ၇၀၀ ဆိုပြီး သုံးမျိုးခွဲကာ ဈေးဖြတ်ဝယ်ယူနေကြပါတယ်။ ပွဲစားတွေက နေပြည်တော်မြို့မဈေးကြီးက ပွဲရုံတွေ၊ ရန်ကုန် ဘုရင့်နောင် ဈေးကပွဲရုံတွေ၊ မိတ္ထီလာဈေးက ပွဲရုံတွေ၊ မန္တလေးမြို့က ပွဲရုံတွေ၊ မူဆယ်မြို့က ပွဲရုံတွေကို ကားကြီးကားငယ်များနဲ့ တင်ပို့ရောင်းချနေကြပါတယ်” ဟု တံတားဦးမြို့ အမှတ်(၃) ရပ်ကွက် ပြည့်ဖြိုးကျော်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**အောင်မင်း (စဥ့်ကိုင်)**

# တစ်နိုင်တစ်ပိုင်အသားတိုးကြက်မွေးမြူသူများအရောင်းဈေးကွက်အပေါ် စိုးရိမ်

**ပဲခူး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဒေသအခေါ် တစ်ဝက်ဇရပ်မှာ တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေးလုပ်ကိုင်နေသူများမှာ အသားတိုးကြက်ဈေးကွက်မတည်မငြိမ်မှုကြောင့် အရောင်းဈေးကွက်အပေါ် စိုးရိမ်မှုများရှိနေကြောင်း သိရသည်။

ရောင်းတန်းဝင် ၄၅ ရက်အရွယ် အသားတိုးကြက်တွေကို ပြန်လည် တင်သွင်းရောင်းချရာမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ အသားတိုးကြက်တစ်ပိဿာ ငွေကျပ် ၂၂၀၀ မှ ၂၄၀၀ အထိ အကျဘက်တွင်ရှိခဲ့သောကြောင့် အရှုံးပေါ်ခဲ့ပြီး လက်ရှိ၌ အသားတိုးကြက်ရောင်းဈေးတစ်ပိဿာ ငွေကျပ် ၃၀၀၀ အထိ ပြန်တက်လာသော်လည်း ဈေးကွက်မတည်ငြိမ်မှုများကြောင့် စိုးရိမ်မှုများရှိနေသည်ဟု တစ်နိုင်တစ်ပိုင်အသားတိုးကြက်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

တစ်ဝက်ဇရပ်မှာ တစ်နိုင်တစ်ပိုင်ကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အသားတိုးကြက်ပေါက်များကို ရန်ကုန်တိုင်းဒေသကြီး ဒညင်းကုန်း၊ မှော်ဘီ၊ ရွှေပြည်သာစသောမြို့နယ်များဘက်မှ ဝယ်ယူမွေးမြူကြပြီး သုံးလအတွင်းဈေးကွက်မတည်ငြိမ်မှုကြောင့် အသားတိုးကြက်ပေါက်များ ကြိုတင်မှာယူ မမွေးမြူကြတော့ဘဲ လုပ်ငန်းရပ်ဆိုင်းထားသူများလည်းရှိကြောင်း၊ ဖေဖော်ဝါရီလတွင် ကြက်အကောင်ပေါက် ကြိုတင်မှာယူထားခြင်းမရှိသောကြောင့် ၄၅ ရက်ပတ်လည် ရောင်းတန်းဝင်အသားတိုးကြက်များ ပြန်လည်မွေးမြူနိုင်ခြင်းမရှိဘဲ ကြက်မွေးမြူရေး လုပ်ကိုင်သူများအနေဖြင့် နစ်နာမှုများရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်မိသားစုများအတွက် အရင်းမပျောက်မတည်ငွေများပေးအပ်

**မြစ်ကြီးနား ၊ ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်မိသားစုများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် မိသားစုဝင်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေထူထောင်ပြီး ရရှိလာသည့်အတိုးအမြတ်များကို အရင်းမပျောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် အရင်းမပျောက် မတည်ငွေများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က မြစ်ကြီးနားမြို့ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က စစ်ဘေးရှောင်မိသားစုဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေများပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က မြစ်ကြီးနားခရိုင်အတွင်းရှိ ဂျာမိုင်းကောင်း RC စစ်ဘေးရှောင်စခန်း၊ လယ်ကုန်းဇက်လင်စခန်း၊ ရွှေစက်နှစ်ခြင်းစခန်း၊ စီတာပူဆွတ်ပိုင်တောင်၊ ပလနကက်သလစ်စခန်း၊ ဝိုင်းမော်လော်ဝေါ်နှစ်ခြင်းစခန်း၊ မြို့မနှစ်ခြင်းစခန်း၊ ဖားကန့်မြို့နယ် နမ့်မြဖြစ်နှစ်ခြင်းစခန်း၊ ရပ်ကွက်(၅) ကက်သလစ်စခန်းနှင့် ဗန်းမော်မြို့နယ် ဖန်းခါးကုန်းစခန်း မိသားစုဝင်များအတွက် ငွေကျပ်သိန်း ၅၀ စီနှင့် မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာ၊ မိုင်းနား RC ဖွံ့ဖြိုးရေးခြံ၊ ကက်သလစ်စခန်းတို့နှင့် ဗန်းမော်မြို့နယ် ဗီ၂၀၀၀ စခန်း၊ ရောဘတ် စခန်းများရှိ မိသားစုဝင်များအတွက် ငွေကျပ် ၇၅ သိန်းစီနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၇၅၈၀၀၀၀ တို့ကိုပေးအပ်ရာ သက်ဆိုင်ရာ စခန်းတာဝန်ခံများကလက်ခံယူပြီး စစ်ဘေးရှောင်မိသားစုဝင်များကိုယ်စား ငွေပျော်စံပြကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အရင်းမပျောက်မတည်ငွေများကို (၁၇-၆-၂၀၁၆) ရက်နေ့တွင် ပထမအကြိမ်အဖြစ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းငါးခု၊ ဝိုင်းမော်မြို့နယ်အတွင်း စခန်းနှစ်ခုနှင့် ဗန်းမော်မြို့နယ်အတွင်းရှိစခန်းသုံးခုတို့ကို ငွေကျပ်သိန်း ၅၀ စီ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိစာရင်းအရ စစ်ဘေးရှောင်စခန်း ၉၄ ခု၊ အိမ်ထောင်စု ၇၈၇၈ စုနှင့် လူဦးရေ ၃၈၃၄၁ ဦးရှိပြီး ယခုနှစ် ဇန်နဝါရီလတွင် ဆဒုံးနှင့် ဝိုင်းမော်မြို့နယ်ရှိ စခန်းအချို့တွင် အိမ်ထောင်စုများ ထပ်မံပြောင်းရွှေ့လာရာ ပြည်နယ်အစိုးရအဖွဲ့မှ စားဝတ်နေရေးအတွက် ထောက်ပံ့မှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပြည်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ အာမခံအလုပ်သမားများအား ကွင်းဆင်းစစ်ဆေးကုသ

**ပြည် ဖေဖော်ဝါရီ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပြည်မြို့နယ် လူမှုဖူလုံရေးနှင့် သုခမင်္ဂလာ အထွေထွေရောဂါကုဆေးခန်းတို့ပူးပေါင်း၍ မြို့နယ်လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ၆၃၇ ဦးအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် Mobile Medical Unit မှ တာဝန်ခံဆရာဝန် ဒေါက်တာ အောင်ရဲခိုင်နှင့်အဖွဲ့၊ လူမှုဖူလုံရေးဆေးခန်းမှ ဒေါက်တာ မေသူထက်နှင့်အဖွဲ့၊ လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒေါ်ချောယုယုဝင်းနှင့်အဖွဲ့တို့မှ Mobile Medical Unit (MMU) စနစ်ဖြင့် ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ ဓာတ်ခွဲစမ်းသပ်ပေးခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ ကျင်းပမည်

**တပ်ကုန်း ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်း အာဇာနည်ကျောက်တိုင်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အခမ်းအနားတွင် တက်ရောက်လာသူအားလုံးကို ပဲပြုတ်နှင့်နံပြားများ ဧည့်ခံကျွေးမွေးပြီး နံနက် ၉နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်လှစ်၍ ညနေ ၅ နာရီမှစတင်ကာ နိုင်ငံကျော်အဆိုတော် စောလားထော်ဝါးအပါအဝင် တေးသံရှင်ပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

# ဓာတုဗေဒတင်သင်္ဘောများပေါ်တွင် မြန်မာသင်္ဘောသားများ အလုပ်အကိုင်ပိုမိုရရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာသင်္ဘောသားများအနေဖြင့် ဓာတုဗေဒတင်သင်္ဘောများပေါ်တွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ယခင်ကထက် ပိုမိုများပြားလာကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူး (အငြိမ်းစား) ကပ္ပတိန်ဦးစိုးလွင်က ပြောသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Chemical taker တွေနဲ့ ဆက်စပ်တဲ့ သင်္ဘောကုမ္ပဏီခြောက်ခုလောက် ရှိပါတယ်။ ဒီလိုဓာတုဗေဒနဲ့ ဆက်စပ်တဲ့ သင်္ဘောကုမ္ပဏီတွေ များပြားလာတဲ့အတွက် မြန်မာနိုင်ငံက သင်္ဘောသားတွေရဲ့ ဓာတုဗေဒတင်သင်္ဘောတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များပြားလာတာ တွေ့ရပါတယ်”ဟု ၎င်းက ဖေဖော်ဝါရီရက်က ရှိုင်ရယ်ဂါးဒင်း၌ပြုလုပ်သော သင်္ဘောသားမိသားစုများ တွေ့ဆုံပွဲအခမ်းအနားတွင် ပြောသည်။

ဓာတုဗေဒတင်သင်္ဘောပေါ်တွင် မြန်မာ သင်္ဘောသားအရာရှိကပ္ပတိန်အဆင့် ဒေါ်လာ ၁၀၀၀၀ ကျော်အထိ ရရှိနေ ကြောင်း၊ သင်္ဘောလိုက်ရာတွင်လည်း အခြားသင်္ဘောများထက် စာချုပ်သက်တမ်းတိုတောင်းကြောင်း၊ အခြားသင်္ဘောပေါ်တွင် သင်္ဘောသားတစ်ဦး တစ်နှစ် တာဝန်ထမ်းဆောင်ရမည်ဆိုလျှင် ဓာတုသဗေဒတင်ဘော်ပေါ်တွင် အရာရှိ အဆင့်ခြောက်လ၊ သင်္ဘောသား ကိုးလသာရှိကြောင်း၊ ယင်းကဲ့သို့ စာချုပ်သက် တမ်းတိုတောင်းရခြင်းမှာ အန္တရာယ်ရှိ၍ မဟုတ်ဘဲ ကမ်းကပ်ခွင့်အချိန်နည်းပါး၍ဖြစ်ကြောင်း၊ သင်္ဘောလိုက်မည့် သင်္ဘောသားများအနေဖြင့် သက်ဆိုင်ရာ ရေကြောင်းဦးစီးဌာန၏ အသိအမှတ် ပြုလက်မှတ်ရရှိမည်ဖြစ်ပြီး သင်္ဘော ကုမ္ပဏီများက အင်္ဂလိပ်စာ၊ လုပ်ငန်းကျွမ်းကျင်မှုတို့ကို စစ်ဆေးမေးမြန်းကာ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံ ရသော သင်္ဘောသားအများစုမှာ ကုမ္ပဏီ များက တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်၍ ငွေကြေးတစ်စုံတစ်ရာ ကုန်ကျမှုမရှိဘဲ သင်္ဘောလိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတုဗေဒတင်သင်္ဘောများ ပေါ်တွင် တင်ဆောင်သော ဓာတုဗေဒ ပစ္စည်းများမှာ အပျော့စား စားအုန်းဆီမှ စက်သုံးဆီအမျိုးမျိုးနှင့် အပြင်းစား အက်စစ်များလည်းရှိကြောင်း သိရသည်။ ကမ္ဘာ့သင်္ဘောသား ဈေးကွက်တွင် သင်္ဘောကုမ္ပဏီများ ဒေဝါလီခံမှုများ ရှိနေသော်လည်း မြန်မာနိုင်ငံမှ သင်္ဘောသားများသည် ဓာတုဗေဒတင်သင်္ဘောများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှင်သန်နေဆဲဖြစ်ကြောင်း၊ အာရှတိုက်တွင် မြန်မာသင်္ဘောသားများ၏ နာမည်ကောင်းရရှိရန်မှာလည်း ဖိလစ်ပိုင်ပြီးလျှင် ထိပ်ဆုံးနိုင်ငံဖြစ်ကြောင်း ၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ သင်္ဘောသားများလည်း သင်္ဘောသား နာမည်ကောင်းရသည့် စာရင်းတွင်ပါဝင်ကြောင်းသိရသည်။ ယခုအခါ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနအနေဖြင့် သင်္ဘောသားများ၏အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး ဖြေလျှော့ပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ရှမ်းပြည်နယ်နေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၀**

နှစ် (၇၀) မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ဖေဖော်ဝါရီလပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ နှစ် (၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန်က လည်းကောင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## ထင်သာမြင်သာပြုပြင်စရာ

# ရေတိုက်စား၍ ကွန်ကရစ်တံတားနိမ့်ကျမှု တံတားသစ်တည်ဆောက်ပေးရန် ဒေသခံတို့လိုလား

**တွံတေး ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ရွာအဝင် တံတားသည် ၂၀၀၀-၂၀၀၁ ခုနှစ်ကစတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပြီးစီးခဲ့သည်။

အဆိုပါတံတားသည် အရှည် ပေ ၁၂၀၊ အနံ ရှစ်ပေရှိ RC ကွန်ကရစ်တံတား တစ်ခုဖြစ်ပြီး ဒေသခံပြည်သူတို့ အဓိက သွားလာရသော တံတားဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် လက်ပံကုန်းချောင်းကိုဖြတ်၍ထိုးထားပြီး ၂၀၀၇-ခုနှစ်မှစတင်ကာ လက်ပံကုန်းချောင်း၏ ရေတိုက်စားမှုကြောင့် အဆိုပါကွန်ကရစ်တံတားသည် ရေလယ်တိုင်နိမ့်ကျပြီး အန္တရာယ်ရှိသော အခြေအနေတွင် ရှိနေသည့်အတွက် ဒေသခံတို့မှ ပြန်လည်၍ ပြုပြင်ထားသော်လည်း ဆိုင်ကယ်၊ စက်ဘီးသာသွားလာရပြီး မော်တော်ယာဉ်များ သွားလာရာတွင် အန္တရာယ်ရှိနိုင်သည့်အတွက် သွားလာမှု ခက်ခဲနေကြောင်း သိရသည်။



ကွန်ကရစ်တံတားကိုနယ်စပ်စည်ပင်မှငွေကျပ် ၁၈ သိန်း ကျေးရွာမှ ငွေကျပ် ၁၃၂ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ကျော် ကုန်ကျထားပြီး လက်ပံကုန်းကျေးရွာတွင် အိမ်ခြေ ၃၀၀ ကျော်၊ လူဦးရေ ၁၂၀၀ ကျော်၊ အလယ်တန်းကျောင်းရှိပြီး အဓိကစီးပွားရေးဖြစ်သော လယ်ယာလုပ်ငန်း၊ ဘောက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကွန်ကရစ်တံတားကို ပြန်လည်ပြုပြင်ထားသော်လည်း ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသွားလာရာတွင် အန္တရာယ်ရှိနိုင်သဖြင့် တံတားအသစ်ပြန်လည်တည်ဆောက်ပေးရန် လိုလားနေကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။ **မျိုးလှိုင် (တွံတေး)**

# အသိပညာပေးယာဉ်ဖြင့် ဟောပြောပွဲများဆောင်ရွက်

**သထုံ ဖေဖော်ဝါရီ ၁၀**

ပြည်သူလူထုအကြား မူခင်းဆိုင်ရာ အသိပညာပေးရရှိစေရန် ဆောင်ရွက်လျက်ရှိရာ ကျိုက်မရောမြို့နယ် ကဒါးကျေးရွာအုပ်စု ကြံခင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖေဖော်ဝါရီ ၉ ရက်က မူခင်းအသိပညာပေးယာဉ်ဖြင့် ပညာပေးပြသခဲ့သည်။

အဆိုပါ မော်တော်ယာဉ်ပြခန်းယာဉ်နှင့်အတူ လိုက်ပါလာသော မွန်ပြည်နယ် မူခင်းအကူတပ်ဖွဲ့မှ ဒုတိယရဲမှူးတင်ဦးနှင့်အဖွဲ့ ၊ မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်တင်မောင်ဆွေနှင့် ချောင်းနှစ်ခွနယ်မြေရဲစခန်းမှူး ရဲအုပ်တင်ချိုတို့က မူခင်းအသိပညာပေးဟောပြောမှုများပြုလုပ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ လေ့လာခဲ့ကြကြောင်း သိရသည်။ **နန္ဒကျော်စွာ**



# တည်ငြိမ်အေးချမ်းပါစေ သူငယ်ချင်းတို့ရဲ့ ပအိုဝ်းမြေ

မြင့်စိုး (နတလ)

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၆ ရက်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့သို့ ရင်းမှီရပ်ကွက်ရှိ မြသိန်းတန်စာသင်တိုက် သမဂ္ဂသုခကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာပွဲကို အကြောင်းပြု၍ ရောက်ဖြစ်ခဲ့သည်။ လွန်ခဲ့သည့်ခြောက်နှစ်လောက်ကလည်း တစ်ကြိမ်ပြန်လည်ခြေချခွင့်ရခဲ့သည်မို့ ပင်လောင်းမြို့လေးနှင့်ပတ်သက်သော စိတ်ခံစားမှုကတော့ သိပ်ပြီးထူးခြားသည်ဟု မထင်မိပါ။ သို့တစေ ကျွန်တော့်စိတ်အာရုံတွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ဖြစ်တည်နေခဲ့သော ချင်ခြင်းတစ်ခုကိုတော့ဖြင့်၊ သည်ခရီးမှာ အပြီးဖြည့်မှ ဖြစ်ချေတော့မည်တမုံ့။ အဘယ်သို့သော ချင်ခြင်းတပ်မက်မှုမျိုးပါနည်း။ ဒါကလည်း ထူးထူးခြားခြားတော့ မဟုတ်လှပါ။ ပင်လောင်းမြို့မှ ၂၅ မိုင်ခန့်ကွာဝေးသော နောင်ပိုးကျေးရွာလေးသို့ တစ်ခေါက် မရောက်ရောက်အောင် ပြန်သွားချင်စိတ်တွေ ဖြစ်ပေါ်နေခဲ့ခြင်းပါတည်း။ ထိုရွာကလေးသည် ပင်လောင်း-ဖယ်ခုံ-မိုးဗြဲ-လွိုင်ကော် ကားလမ်းမကြီးပေါ်တွင် တည်ရှိကာ ကြားထဲမှာ ရင်းမှီ၊ နန်းထာ၊ ဆောင်းပြောင်းစသော ကျေးရွာများကို ဖြတ်ကျော်သွားရသေး၏။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၏ စီစဉ်ပေးမှုဖြင့် မိတ်ဆွေတချို့လိုက်ပါပြီး ထိုနေ့နံနက်ပိုင်းမှာပဲ နောင်ပိုးရွာဘက်သို့ ထွက်ခဲ့သည်။ ပြန်တွက်ကြည့်လျှင် ၁၉၈၄-၁၉၈၅ ခုနှစ်လောက်မှာ ပင်လောင်းဒေသအတွင်း စစ်ဆင်ရေးတာဝန်ဖြင့် ရောက်ခဲ့သော နောင်ပိုး၊ ဆောင်းပြောင်း၊ ပီကင်း၊ လတိန်၊ လအိဒေသများ။ ပြန်မရောက်သည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ။

ဆောင်းပြောင်းကျေးရွာကိုအရောက် ကားကို ဖြည်းဖြည်းမှန်မှန် ဖြတ်မောင်းရင်း စာသင်ကျောင်းကလေးရှိရာဘက်သို့ ငေးကြည့်မိလိုက်တော့ တစ်ချိန်တုန်းက မူလတန်းကျောင်းကလေးသည်ပင်လျှင် အခြေခံပညာအထက်တန်းကျောင်းကြီး ဖြစ်လို့နေပါပေါ့လား။ ရွာဟုဆိုလိုက်ရသော်ငြား ကလော၊ အောင်ပန်းနှင့် ပင်လောင်းကြားက တီကျစ်၊ နောင်တရားတို့ကဲ့သို့ပင် မြို့ကလေးတစ်ခုအသွင် ပြောင်းလဲလို့နေပါပြီ။ ကြည်နူးဝမ်းသာဖွယ်ကောင်းလေစွ။ နောင်ပိုးကျေးရွာသို့မရောက်မီ တောင်ကြားလေးတစ်ခုကို ဖြတ်ရသည်။ ယင်းတောင်ကြားလေးကိုအဖြတ် ကြီးမားသောဆင်ရုပ်ကြီး (ကျောက်တုံးကိုပဲ ထုဆစ်ထားပုံရပါသည်)ပေါ်မှာ ထုံးသင်္ကန်းတဖွေးဖွေးနှင့် စေတီလေးတစ်ဆူကို ဖူးတွေ့လိုက်ရ၏။ ဟိုးရှေ့တွင် မြင်တွေ့နေရသည်ကတော့ နွားတစ်ကောင်၏ ဘို့ကြီးနှင့်တူသော တောင်ညို့ညို့ကြီးတစ်ခု။ အမှန်မှာလည်း ရှမ်းဘာသာစကားအရ နောင်ပိုးဆိုသည်မှာ နွားလဘို့တောင်ကို ခေါ်ခြင်းဖြစ်ပါသည်။ နွားလဘို့တောင်အနီးကရွာ (သို့မဟုတ်)နောင်ပိုးရွာပဲပေါ့။



နောင်ပိုးကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပါပြီ။ ကျေးရွာအိမ်ခြေကတော့ အနည်းငယ် တိုးသည်ဆိုရုံမျှသာ။ စုစုပေါင်း အိမ်ခြေ ၈၀ ခန့် ရှိသည်ဆို၏။ သို့တစေ ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားရသည့် မြင်ကွင်းတစ်ခုကတော့ ယခင်နှစ်ပေါင်း ၃၀ စွန်းစွန်းလောက်ဆီက ကျွန်တော်တို့ ယာယီတပ်စွဲစခန်းချခဲ့ဖူးသော စခန်းကုန်းနေရာလေးမှာ ရောမ ဘုန်းတော်ကြီးကျောင်းကြီးတစ်ကျောင်းကို ဘွားခနဲ တွေ့မြင်လိုက်ရ၍ပါတည်း။ ရွာ၏အိမ်ခြေ ၈၀ နှင့်မမျှသော နှစ်ထပ် ဘုန်းတော်ကြီးကျောင်းဆောင်ကြီး။ ဩော် တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုသည့် စကားပုံတစ်ခု ဖြစ်တည်ပေါ်ပေါက်လာမှုက သာမန်ညောင်ညမဟုတ်ကြောင်း လက်တွေ့သက်သေခံ ညွှန်ပြနေသလားလို့တောင် ဖျတ်ခနဲ အတွေးဝင်လိုက်မိ၏။

ယခင်တည်ရှိခဲ့ဖူးသော ခေါင်ကတုတ်ကျင်းနေရာတွေ၊ ဆက်သွယ်ရေးမြောင်းနေရာတွေ၊ တပ်စိတ်လိုက် နေရာယူထားသော တဲနေရာတွေ၊ ပြောင့်အထပ်ထပ်နှင့် တပ်ခြံစည်းရိုးပုံစံတွေ တစ်ခုမျှမရှိတော့။ ထိုမြင်ကွင်းများအစား ဘာသာတရား၏ အရိပ်အာဝါသအောက်မှာ အရာရာသည် တိတ်ဆိတ်အေးချမ်း ငြိမ်သက်လျက်။ တစ်ချိန်က သည်နေရာ သည်ဒေသတွေမှာ ဗကပတွေ(ရလလဖအဖွဲ့နှင့် ပူးတွဲလျက်) ဖြတ်သွား ဖြတ်လာရှိခဲ့ကြသည်၊ သည်နေရာ သည်ဒေသတွေသည်လည်းပဲ တစ်ချိန်က စစ်ဆင်ရေးဧရိယာများ ဖြစ်ခဲ့ကြသည်ဆိုသည်ကို ယခုနေ့ခေတ်လူငယ် တော်တော်များများ သိကြမည်မဟုတ်တော့ပါ။ ကြားဖူးကြမည်လည်း မဟုတ်တော့ပါ။

ယခု ဘုန်းတော်ကြီးကျောင်း (ယခင်တပ်စခန်းကုန်း)၏ တောင်ဘက်တွင် လယ်ကွင်းပြင်ကျယ်ကြီးတစ်ခု ရှိနေသည်၊ လက်ပံပွင့် နီနီရဲရဲတွေကတော့ ဟိုမှာဒီမှာ မြင်တွေ့နေရဆဲဖြစ်၏။ ကျယ်ပြောလှသော ရိုးပြတ်တောတွေ၊ မိမိဇာတိမြေကို ပြန်လည်အမှတ်ရစရာ လက်ပံပွင့်နီနီရဲရဲတွေကြောင့်ပဲ လွန်ခဲ့သည့် နှစ် ၃၀ ကျော်လောက်က တပ်စခန်းကုန်းမှဆင်းသွားပြီး ထိုအနီးအနားတစ်ဝိုက်တွင် ဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။ မိမိတစ်ဦးတည်းပဲသွား၍ ရိုက်ချင်သည့် ဓာတ်ပုံရိုက်ကာ ပြန်ခဲ့ရုံမျှဆိုပါလျှင် နောင်ပိုးကျေးရွာကို ကျွန်တော်၏ဘဝတစ်လျှောက်လုံး၌ ထူးထူးခြားခြား အမှတ်ရနေမည်မဟုတ်ပါ။ သို့သော် ထိုနေ့က ဓာတ်ပုံရိုက်သည့်လယ်ကွင်းထဲသို့ ညီငယ်ဒုတိယဗိုလ်လေးတစ်ဦး၊ အလုပ်သင်ဗိုလ်လေးတစ်ဦးတို့ကပါ လိုက်လာကြသည်။ သူတို့လည်း ဓာတ်ပုံရိုက်ချင်သည်...တဲ့။ တိုက်တိုက်ဆိုင်ဆိုင် တစ်ဦးချင်းလည်း ရိုက်ပေးခဲ့သည်။ တစ်ဦးနှင့်တစ်ဦး လည်ပင်းဖက်နေသည့် နှစ်ယောက်တွဲဓာတ်ပုံကိုလည်း ရိုက်ပေးလိုက်မိသည်။ ထို့နောက် ပင်လောင်းမြို့ရှိ စစ်ဗျူဟာမှူးထံ သွားရောက်သတင်းပို့နေသော မိမိတို့တပ်ရင်းမှူး ပြန်လာခါနီးပြီဖြစ်၍ သူတို့နှစ်ယောက်ကိုပါ ခေါ်ပြီး စခန်းသို့ ပြန်လာခဲ့ကြသည်။ စခန်းနားရောက်ခါနီးမှ ထိုအရာရှိငယ်လေး နှစ်ဦးက ရွာထဲသို့ ခေတ္တသွားလိုကြောင်း ပြောလာရာ မြန်မြန်သွား မြန်မြန်ပြန်လာကြရန် မှာကြားလိုက်၏။ တပ်စခန်းထဲသို့အရောက် မိမိလုပ်စရာရှိသည်များကို လုပ်ကိုင်နေစဉ် နာရီဝက်မျှပင်မကြာဟု ထင်ပါသည်။ ဖောင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ ရဲဘော်တစ်ယောက်ယောက် မတော်တဆကျည်ထွက်သည်ဟုပဲ စိတ်ထဲမှာ မှတ်ထင်လိုက်၏။

စခန်းနားရောက်ခါနီးမှ ထိုအရာရှိငယ်လေးနှစ်ဦးက ရွာထဲသို့ ခေတ္တသွားလိုကြောင်း ပြောလာရာ မြန်မြန်သွား မြန်မြန်ပြန်လာကြရန် မှာကြားလိုက်၏။ တပ်စခန်းထဲသို့အရောက် မိမိလုပ်စရာရှိသည်များကို လုပ်ကိုင်နေစဉ် နာရီဝက်မျှပင်မကြာဟု ထင်ပါသည်။ ဖောင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ ရဲဘော် တစ်ယောက်ယောက် မတော်တဆကျည်ထွက်သည်ဟုပဲ စိတ်ထဲမှာမှတ်ထင်လိုက်၏။ ကျွန်တော့်အထင် တစ်ဝက်မှန်၍ တစ်ဝက်မှားခဲ့သည်။ စောစောက ထွက်သွားသည့် အရာရှိလေးနှစ်ဦးအနက်မှ အလုပ်သင်ဗိုလ်လေးသည် ဝဲဘက်လက်ဖဝါးမှာ သွေးသံတရွဲရွဲဖြင့် အပြေးအလွှားရောက်လာသည်

ကျွန်တော့်အထင် တစ်ဝက်မှန်၍ တစ်ဝက်မှားခဲ့သည်။ စောစောကထွက်သွားသည့် အရာရှိလေးနှစ်ဦးအနက်မှ အလုပ်သင်ဗိုလ်လေးသည် ဝဲဘက်လက်ဖဝါးမှာ သွေးသံတရွဲရွဲဖြင့် အပြေးအလွှားရောက်လာသည်။ သူ့လက်ကို ထိသွားရုံမျှမက ဒုတိယဗိုလ်လေးကိုလည်း ထိမှန်၍ လဲကျနေခဲ့ကြောင်းပြောသဖြင့် ဆေးအရာခံဗိုလ်ကြီးကိုခေါ်ကာ ရွာထဲသို့ အပြေးအလွှားသွားကြည့်ကြသည်။ အခင်းဖြစ်ပွားသည့်နေရာသို့ ကျွန်တော်တို့ရောက်သွားချိန်မှာ ဒုတိယဗိုလ်လေး၏ အသက်ကိုပင် မမီတော့ချေ။

ဖြစ်စဉ်ကို အကျဉ်းချုံးပြောရပါက အဆိုပါအရာရှိလေးနှစ်ဦးသည် ရွာထဲမှ ကျောင်းဆရာမလေးနှစ်ဦးရှိရာ နေအိမ်သို့သွားခဲ့သည်။ လူငယ်သဘာဝ ရင်းရင်းနှီးနှီး စကားတွေပြောကြရင်းက ဘယ်လိုကနေဘယ်လို စကားစပ်မိပြီး ပစ္စတိုလ်သေနတ် ဖြုတ်ခြင်းတပ်ခြင်းတွေကို သင်ကြားပေးသည်အထိ ရောက်သွားကြသည်မသိ။ အပြိုင်အဆိုင် ပြိုင်ခဲ့ကြသည်ဆို၏။ ထိုသို့ ဖြုတ်တပ်နေရင်းက အလုပ်သင်ဗိုလ်လေးဘက်က ဆရာမ၏ သေနတ်သည် မောင်းတစ်ဝက်တင်သွားခဲ့သည်။ ယင်းသို့ဖြစ်လျှင် ကျည်အိမ်ကိုပြန်တပ်ပြီးမှ လုံခြုံရေးခလုတ်ကလေးကို ဖြုတ်ချနိုင်မည်ဖြစ်ရာ ကျည်အိမ်ပြန်တပ်ချိန်၊ ဆရာမ၏လက်ညိုးက သေနတ်မောင်းခလုတ်ကို ဆွဲထားချိန်၊ လုံခြုံရေးခလုတ် ဖြုတ်ချချိန်၊ တစ်ပြိုင်တည်းဖြစ်သွားခဲ့ကြောင်း သိရသည်။ ဖောင်းခနဲ ကျည်ထွက်ပြီး ပြောင်းဝမှာဆုပ်ကိုင်ထားသော အလုပ်သင်ဗိုလ်လေး၏ လက်ဖဝါးကိုဖောက်သည်။ ၎င်းကျည်ကပင် ရှေ့တွင်ထိုင်ပြီး ဖြုတ်ခြင်း တပ်ခြင်းသင်ပြနေသည့် ဒုတိယဗိုလ်လေး၏ ဝဲဘက်ရင်အုံကို ဆက်လက်ဖောက်ထွက်သွားပါတော့သည်။ အထက်ဌာန ညွှန်ကြားချက်များအရ လိုအပ်သလို အရေးယူဆောင်ရွက်မှုတွေ ပြုခဲ့ရသည်။ တစ်ဦးက အသက်ဆုံးပါးပြီး ကျန်တစ်ဦးက စစ်စည်းကမ်းအရ အရေးယူခံရသည်။

နောင်ပိုးကျေးရွာသို့ရောက်ခိုက် ဒုတိယဗိုလ်လေး၏ အလောင်းပြင်ထားခဲ့ဖူးသည့် ပိန္နဲပင်ကြီးကိုမော့ကြည့်ရင်း သူတို့အားလုံးကို သတိရနေမိသည်။ ထိုအကြောင်းများနှင့်ပတ်သက်၍လည်း ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆုအတွက် တင်သွင်းရာ၌ စည်းကမ်းလိုက်နာဘေးကင်းကွာ အမည်ဖြင့် စာစုတစ်ခု ရေးဖြစ်ခဲ့၏။ အမြဲထာဝရ သတိရနေမိပါသည် နောင်ပိုးရေ။

ပင်လောင်းမြို့သို့ ယခုတစ်ခေါက် သွားခဲ့ရာတွင် ခါတိုင်းလို ပျော်ဘွယ်လမ်းခွဲမှတစ်ဆင့် ကလောလမ်းသို့ တက်ခြင်းမဟုတ်ဘဲ နေပြည်တော်မှ လိန်းလီ-ပင်လောင်းလမ်းအတိုင်း သွားခဲ့ခြင်းဖြစ်သည်။ လိန်းလီတံတားကို တွေ့ဖူး မြင်ဖူး ဖြတ်ဖူးချင်နေသည်မှာလည်း အတော်ကြာခဲ့ပေပြီ။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်က ကျွန်တော်တို့ ခေတ္တရောက်ဖူးခဲ့သည့် လိန်းလီရွာကလေးနှင့် လိန်းလီကြိုးတံတားကလေးတစ်စင်း၏ အနေအထားကို ပြန်လည်မှန်းဆကြည့်လို၍ ဖြစ်ပါသည်။ လက်တွေ့မြေပြင်အခြေအနေမှာမူ လိန်းလီရွာကလေးအား ရွာသစ်အဖြစ် နေရာပြောင်းရွှေ့ထားကြောင်း တွေ့ရပြီး ကြိုးတံတားလေးရှိမည့်နေရာကိုတော့ လိန်းလီတံတားသစ်ကြီးပေါ်မှ မှန်း၍ကြည့်ခဲ့ရသည်။ တစ်ချိန်က မြင်ကွင်းဟောင်းတွေ အိမ်အိုအိမ်ဟောင်းတွေ မရှိကြတော့။ အားလုံး မြင်ကွင်းသစ်၊ နေရာသစ်၊ အိုးအိမ်တိုက်တာသစ်တွေနဲ့ ဖြစ်ခဲ့ပြီ။ အခြေခံပညာ မူလတန်းလွန်ကျောင်းကလေးကိုလည်း ထည်ထည်ဝါဝါ တွေ့ခဲ့ရ၏။




ယနေ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံးအား လွှမ်းခြုံကြည့်လျှင် နေရာတိုင်းနေရာတိုင်းမှာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို အထိုက်အလျောက် ရနေပြီဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း သမားရိုးကျ မိရိုးဖလာ စိုက်ပျိုးနည်း၊ စိုက်ပျိုးသီးနှံများမှခွဲထွက်၍ ခေတ်မီနည်းစနစ်များရယူကာ နှစ်တို၊ နှစ်ရှည် သီးနှံပင်များ စိုက်ပျိုးလျက်ရှိကြသည်။ တည်ငြိမ်အေးချမ်းလျက်ရှိသော မိမိတို့ဒေသအတွင်းသို့ မူးယစ်ဆေးဝါးအန္တရာယ် ဝင်ရောက်မလာစေရေးအတွက်လည်း ရဟန်းရှင်လူ ပြည်သူအပေါင်းက ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်လျက်ရှိကြကြောင်းလည်း တွေ့ခဲ့ရ၏။

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ရှိ ပရဟိတကျောင်း၌ အတူနေထိုင်ကြရင်း ပညာသင်ကြားခဲ့ဖူးသော ကျောင်းနေဖက် သူငယ်ချင်းများစွာရှိရာ ပင်လောင်းဒေသမှသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီးတစ်ခုလုံး ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းလျက်။ ။

# ကားလို့စ်တီဗက်ရဲ့ ရှန်ဟိုင်းရှန်ဟွာအသင်း အာရှချန်ပီယံလိဂ်မှ ထွက်ခဲ့ရ

တရုတ်ကလပ်ကို ပြောင်းရွှေ့သွားတဲ့ အာဂျင်တီးနား နာမည်ကြီး တိုက်စစ်မှူး ကားလို့စ်တီဗက်ရဲ့ ရှန်ဟိုင်း ရှန်ဟွာအသင်းဟာ ဘရစ်စဘိန်းအသင်းရဲ့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီး အာရှချန်ပီယံလိဂ်ကနေ စောစီးစွာ ထွက်ခဲ့ရပါတယ်။ ငွေကြေး ပုံအောပြီး သုံးစွဲခဲ့တဲ့ တရုတ်ကလပ်ဟာ ဩစတြေးလျကလပ် ဘရစ္စဘိန်းကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဆန်းဒါးလန်း နည်းပြဟောင်း ပိုယက်စ်ကိုင်တွယ်တဲ့ ရှန်ဟွာနဲ့ တီဗက်ဇ်တို့ဟာ အာရှလိဂ်မှ ထွက်ခဲ့ရတဲ့အတွက် ပရိသတ်တွေကို တောင်းပန်ခဲ့ရပါတယ်။ ရှန်ဟွာအသင်းဟာ ပြီးခဲ့တဲ့ တရုတ်စူပါလိဂ်မှာ နံပါတ် ၄ နေရာသာ ရခဲ့ပါတယ်။ ချန်ပီယံ ကွမ်ကျိုး အဲဗားဂရိတ်အသင်းနောက်မှ ၁၆ မှတ် အကွာမှ လိုက်ခဲ့ရပါတယ်။ ဒီဇင်ဘာလက ကားလို့စ်တီဗက်ကို ပေါင်သန်း ၇၀ နဲ့ ဝယ်ယူပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၆၁၅၀၀၀ ပေးခဲ့ပါတယ်။ ဒါဟာ ကြေးစားဘောလုံးသမား သမိုင်းမှာတော့ လုပ်ခလစာ အမြင့်ဆုံးဖြစ်ပါတယ်။ ကားလို့စ်တီဗက်အနေနဲ့ တရုတ်ကလပ်ရှန်ဟွာနဲ့အတူ အောင်မြင်မှုတွေရရှိဖို့ ဆက်လက်ကြိုးစားပေးရမယ့် အနေအထားဖြစ်ပါတယ်။



# အက်ဖ်အေဖလားပြိုင်ပွဲ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့ လက်စတာ

လက်စတာအသင်းဟာ အက်ဖ်အေဖလား ပြန်ကန်ပွဲအဖြစ် ဒါဘီအသင်းနဲ့ ကစားရာမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပါတယ်။ ယာနီယာရီရဲ့ လက်စတာအသင်းဟာ နောက်တစ်ဆင့်မှာ မီဝေါအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ ခြေစွမ်းပြကစားခဲ့သူကတော့ လက်စတာအသင်းရဲ့ လူငယ်ကစားသမား ဒီမာရီယာဂရေးပဲ ဖြစ်ပါတယ်။ သူဟာ အနိုင်ဂိုးသွင်းယူပေးခဲ့သလို အခြားကစားသမားတွေအတွက်လည်း ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးခဲ့ပေမယ့် ဒီနှစ်မှာတော့ အမှားများနေပါတယ်။ အက်ဖ်အေဖလား နောက်တစ်ဆင့်ပြိုင်ပွဲဖြစ်တဲ့ ပဥ္စမဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်မှာ ဘန်လေနဲ့ လင်ကွန်း၊ မစ်ဒယ်ဘရော့နဲ့ အောက်စဖို့ဒ်၊ မီဝေါလ်နဲ့ လက်စတာ၊ ဟွတ်ဒါဖီးနဲ့ မန်စီးတီး၊ ဝုဖ်ဘတ်နဲ့ ချယ်လ်ဆီးတို့ ကစားကြမှာဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်မှာတော့ ဖူဟမ်နဲ့စပါး၊ ဘလက်ဘန်းနဲ့ မန်ယူတို့ ကစားပြီး ဆွတ်တန်နဲ့ အာဆင်နယ်တို့ကတော့ ဖေဖော်ဝါရီ ၂၀ ရက်မှာ ကစားကြမှာ ဖြစ်ပါတယ်။






# ခြင်္သေ့ပြာတွေ ဆက်လက်အောင်ပွဲခံမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၅)

ပရီမီယာလိဂ်ပွဲစဉ် (၂၅)ရဲ့ လက်ကျန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၂ ရက်မှာ ကစားကြမှာဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ပြေးနေတဲ့ ချယ်လ်ဆီးတို့က ဘန်လေကွင်းမှာ သွားကစားရမယ့်အနေအထားက အမှတ်ပြည့်ရရှိရေးအတွက် သေချာလုနီးပါးဖြစ်နေတာမို့ ဒီနှစ် ပရီမီယာလိဂ်ဖလားရယူနိုင်ရေးအတွက် ခိုင်မာတဲ့ ခြေတစ်လှမ်း ထပ်လှမ်းလိုက်ဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးတို့ကလည်း ဘုန်းမောက်ကွင်းမှာ သွားကစားရပေမယ့် အောင်ပွဲခံတေးကို ဟစ်ကြွေးနိုင်ဖို့ အားထုတ်မှာဖြစ်တဲ့အတွက် ပွဲကောင်းတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**ဘန်လေနှင့် ချယ်လ်ဆီး**

ခြေစွမ်းပုံမှန်ရအောင် ကြိုးစားနေတဲ့ ဘန်လေတို့က လောလောဆယ်မှာ ခြေစွမ်းအတက်အကျတော့ရှိနေပါတယ်။ ဘန်လေက အဝေးကွင်းထက် အိမ်ကွင်းအားသာချက်ရှိပြီး နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ သုံးပွဲစလုံး နိုင်ပွဲရယူထားနိုင်ပါတယ်။ ဘန်လေတိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးသွင်းစွမ်းဆောင်မှု ကျဆင်းနေပေမယ့် သုံးပွဲမှာ ငါးဂိုးတော့ သွင်းယူထားနိုင်ခဲ့ပါတယ်။ ဘန်လေတို့က ခံစစ်ပိုင်း ကျစ်လျစ်ပြီး ခိုင်မာတောင့်တင်းတာမို့ ချယ်လ်ဆီးတိုက်စစ်မှူးတွေ ဒီပွဲမှာ ခက်ခဲပါလိမ့်မယ်။ ချယ်လ်ဆီးတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လီဗာပူးနဲ့ တစ်ဂိုးစီသရေပွဲကလွဲပြီး အားလုံးနိုင်ပွဲရထားခဲ့ပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူးတွေက နောက်ဆုံးငါးပွဲမှာ ၁၁ ဂိုးအထိ သွင်းယူထားနိုင်သလို ခံစစ်ပိုင်းကလည်း ပေးဂိုး နှစ်ဂိုးသာရှိထားတာမို့ စွမ်းဆောင်မှုကောင်းနေပါတယ်။ ချယ်လ်ဆီးတို့ ဒီနှစ် ပရီမီယာလိဂ်ဖလားကို ယူဖို့အကောင်းဆုံးအနေအထား တစ်ရပ်ကို ဆောင်ကြဉ်းထားနိုင်ပြီမို့ ပွဲတိုင်းအမှားအယွင်းခံတော့မှာ မဟုတ်ပါဘူး။ အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးရဲ့ ခြေစွမ်းက ကောင်းမွန်တာမို့ အခုပွဲဟာလည်း ချယ်လ်ဆီးတို့ အမှတ်ပြည့်ရယူမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်က ချယ်လ်ဆီးတို့က သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့တာမို့ အခုပွဲဟာလည်း ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်း အောင်ပွဲခံမယ့်ပွဲပါပဲ။

**ဆွမ်ဆီးနှင့် လက်စတာ**

တန်းဆင်းဇုန်နား ရောက်ရှိနေတဲ့ အသင်းနှစ်သင်းရဲ့ အားပြိုင်ရုန်းထမှုကို တွေ့မြင်ရပါလိမ့်မယ်။ ဆွမ်ဆီးတို့က အိမ်ကွင်းမှာဆိုရင် အသင်းကြီးတွေကိုတောင် နိုင်အောင် ကစားနိုင်တဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ရှိနေပါတယ်။ ဆွမ်ဆီးဟာ ပြီးခဲ့တဲ့ လီဗာပူးနဲ့ အဝေးကွင်းပွဲစဉ်မှာ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့သလို ဆောက်သမ်တန်ကိုလည်း အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ဆက်တိုက် နိုင်ပွဲရယူထားနိုင်ခဲ့ပါတယ်။ ဆွမ်ဆီးရဲ့ အားနည်းချက်က ခံစစ်ပိုင်း ယိုယွင်းမှုဖြစ်ပြီး ပြိုင်ဘက်အသင်းရဲ့ အုပ်စုဖွဲ့ တိုက်စစ်ဆင်မှုကို အမှားအယွင်း ကင်းကင်းနဲ့ ထိန်းချုပ်ဟန့်တားနိုင်ခြင်းမရှိပါဘူး။ လက်စတာတို့ကလည်း ရှုံးပွဲ၊ သရေပွဲတွေချည်းဆက်တိုက်ကြုံတွေ့နေရတဲ့အချိန်မှာ ဒါဘီကောင်တီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အောင်ပွဲခံ စိတ်ဓာတ်တော့ ကစားသမားတွေဆီမှ ပြန်လည်ကိန်းအောင်းနေပြီ ဖြစ်ပါတယ်။ လက်စတာနဲ့ ဆွမ်ဆီးတို့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ လက်စတာက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့တာမို့ အခုပွဲမှာ လက်စတာကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**ဘုန်းမောက်နှင့် မန်စီးတီး**

တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးနဲ့ ပွဲတူ ၁၀ မှတ်ကွာဟနေတဲ့ မန်စီးတီးတို့က ဇွဲမလျှော့ဘဲ ပွဲတိုင်းနိုင်ပွဲရယူရေးကို ဆက်လက်အားထုတ်နေပါတယ်။ ပွဲစဉ်အချို့မှာ ရလဒ်တွေ ယိမ်းယိုင်ခဲ့ပေမယ့် အခုတလော နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားနိုင်ပါတယ်။ မန်စီးတီးမှာ တိုက်စစ်၊ ခံစစ်မျှတကာ ဟန်ချက်ညီနေတာမို့ အသင်းလိုက် ကစားအားတက်လာနေပါတယ်။ မန်စီးတီးရဲ့ တိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်တာမို့ နောက်ဆုံးငါးပွဲမှာ ၁၄ ဂိုးသွင်းယူထားနိုင်ခဲ့ပါတယ်။ ဘုန်းမောက်တို့ကတော့ ခြေစွမ်းပိုင်း တိုးတက်မလာဘဲ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့အပြင် ခံစစ်မှူးတွေကလည်း အမှားအယွင်းများနေပြီး နားလည်မှုလည်း လွဲချော်နေတတ်ကြပါတယ်။ ပြိုင်ဘက်အသင်းက အုပ်စုဖွဲ့ ထိုးဖောက်တိုက်စစ်ဆင်တဲ့အခါ ဘုန်းမောက်ခံစစ်ဟာ တည်ငြိမ်မှု ပျက်ပြားပြီး အလွဲလွဲအချော်ချော်တွေ ပြုလုပ်တတ်တာမို့ ဒီပွဲမှာတော့ မန်စီးတီးတိုက်စစ်အောက်မှာ ပြိုလဲမယ့် အခြေအနေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ နိုင်ပွဲသာလိုအပ်နေတဲ့ မန်စီးတီးတို့က ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ယူပြီး အိမ်ပြန်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

# စီးရီးအေမှာ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နေတဲ့ ဂျူဗင်တပ်စ်

အီတလီ စီးရီးအေမှာ နိုင်ပွဲဆက်တိုက် အနိုင်ရခဲ့တဲ့ ဂျူဗင်တပ်စ်အသင်းအနေနဲ့ အမှတ်ပေးဇယားမှာ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်က ခရိုတုန်းအသင်းရဲ့အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့ပြီးနောက် ဂျူဗင်တပ်စ်တို့ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ခရိုတုန်းအသင်းကို အနိုင်ရတဲ့ပွဲဟာ ဂျူဗင်တပ်စ်ရဲ့ ခြောက်ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ အီတလီစီးရီးအေဖလားနဲ့ ဂျူဗင်တပ်စ်အသင်းဟာ လွန်ခဲ့တဲ့ နှစ်များကတည်းက အတူရှိနေခဲ့ကြပါတယ်။ ဒီနှစ်မှာလည်း ဂျူဗင်တပ်စ်တို့ စီးရီးအေ ချန်ပီယံဖြစ်ဖို့ နီးလာတဲ့အနေအထားဖြစ်ပါတယ်။ မန်ဇူကစ်နဲ့ ဂွန်ဇာလိုဟီဂူအင်တို့ရဲ့ ဂိုးတွေနဲ့ ဂျူဗင်တပ်တို့ နိုင်ပွဲဆက်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်တို့ ဒီပွဲမှာ အနိုင်ရခဲ့ပေမယ့် အပြင်းအထန်ကြိုးစားခဲ့ရတာပါ။ ဒီပွဲရဲ့ အနိုင်ပွဲရလဒ်ကြောင့် ဂျူဗင်တပ်စ်တို့ အမှတ်ပေးဇယားမှာ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



# မကွေးမြို့နယ်ရှိ ဆရာစံနှင့်သခင်ဖိုးလှကြီး ရုပ်တုများကို မွမ်းမံမည်

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အုန်းတွဲကျေးရွာအုပ်စု ယင်းချောင်းတံတားထိပ်ရှိ ဆရာစံရုပ်တုနှင့် သခင်ဖိုးလှကြီး ရုပ်တုကြီးများအား သမိုင်းတန်ဖိုး ယုတ်လျော့မသွားစေဘဲ မွမ်းမံသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၏ ပြောကြားချက်အရ သိရသည်။

"ပထမအဆင့်အနေနဲ့ ရုပ်တုနဲ့ ရုပ်တုရင်ပြင်ကို ဒီနေ့သန့်ရှင်းရေး လုပ်တယ်။ လယ်သမား၊ အလုပ်သမားတွေကို ဂုဏ်ပြုတဲ့ အထိမ်းအမှတ်အနေနဲ့ စိုက်ထူထားတဲ့ ဆရာစံနဲ့ သခင်ဖိုးလှကြီး ရုပ်တုတွေကို သမိုင်းတန်ဖိုး ယုတ်လျော့မသွားစေဘဲ မူလလက်ရာတွေကို ထိခိုက်မခံဘဲနဲ့ ပြုပြင်မွမ်းမံမှုတွေ လုပ်ပါမယ်။ တောင်သူလယ်သမား၊ အလုပ်သမား အရေးတော်ပုံတွေဟာ လွတ်လပ်ရေးလမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့ပြီး လူထုကို စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကျေးဇူးတရားတွေကို ကျေးဇူးဆပ်ရာရောက်အောင်လို့ အခုလို ပြန်လည်ပြုပြင်မွမ်းမံရတာပါ"ဟု ဝန်ကြီးက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောသည်။



ရုပ်တုနှင့် ရုပ်တုထားရှိရာကုန်းမြေ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေး၊ မြို့နယ်ဆောက်လုပ်ရေး လမ်းတံတားဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ အုန်းတွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။ အဆိုပါနေရာကို မွမ်းမံပြင်ဆင်ပြီးနောက် ခရီးသွားပြည်သူများ အပန်းဖြေနားနေစရာ၊ အညာမြေဒေသ၏ အငွေ့အသက်များကို ခံစားနိုင်စရာ နေရာတစ်ခုအဖြစ် ဖန်တီးသွားရန်လည်း ရည်ရွယ်ကြောင်း ဝန်ကြီးက ဆိုသည်။

"ဦး အရဟံ သစ္စာကတိတွေနဲ့ ဂဠုန်သရဏံ ဂစ္ဆာမိ ကြပေတော့"ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထောက်ခံအားပေးခဲ့သည့် သုပဏ္ဏက ဂဠုန်ရာဇာတွဲခံ ဆရာစံနှင့် အလုပ်သမားလူတန်းစား၏ခေါင်းဆောင် မာ့က်စ်ဝါဒကိုယုံကြည်သူ အာဇာနည် သခင်ဖိုးလှကြီး ရုပ်တုနှစ်ခုသည် အဆိုပါနေရာတွင် တွဲလျက်တည်ရှိကာ တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားနှစ်ခု၏ အရေးပါမှုကို ဖော်ညွှန်းထားသည့် တိုင်းဒေသကြီး၏ ပြယုဂ်တစ်ခုဖြစ်သောကြောင့် မွမ်းမံပြုပြင်မှုများ လုပ်ဆောင်မည့်အပေါ် ဒေသခံများက ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် စကားရည်လုပွဲ ကလေးတက္ကသိုလ်၌ ကျင်းပ

**ကလေး ဖေဖော်ဝါရီ ၁၀**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲနှင့် စကားရည်လုပွဲများကို ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကလေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားပြီး ကလေးတက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဆရာဦးအောင်ဆန်းလင်းက ပြည်ထောင်စုလမ်း တို့လျှောက်လှမ်း ခေါင်းစဉ်ဖြင့် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် စကားရည်လုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လူကြီးများ၏အခန်းကဏ္ဍသည် ပို၍အရေးကြီးသည် ဟူသော ခေါင်းစဉ်အပေါ် အဆိုဘက်နှင့် အချေဘက် နှစ်သင်းခွဲကာ ယှဉ်ပြိုင်ခဲ့ကြပြီး ဟောပြောပွဲနှင့် ပြိုင်ပွဲသို့ ကလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ချင်းတွင်းသား**

# ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံနှင့် စာအုပ်စာစောင်များ ပြသဂုဏ်ပြု

**မိုင်းယု ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်အောင်ဆန်း(၁၀၂) နှစ်ပြည့် မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မိုင်းယုမြို့ ပြည်သူ့စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၈ ရက်ကကျင်းပခဲ့သည်။

ပြပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးစိုးက ပြပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ခင်းကျင်းပြသထားသော ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

**မိုင်းယု(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့်ဆက်စပ်လျက်ရှိသည့် ထန်းတပင်တိုးဂိတ်တွင် လုံခြုံရေးတိုးမြှင့်ထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိသည့် ထန်းတပင်မြို့နယ် တိုးဂိတ်တွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်နေသော အဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ မြို့ဝင်/မြို့ထွက်ယာဉ်များကို ဖိဖိစီးစီး စစ်ဆေးရှာဖွေ မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့အဝင်နေရာ ဖြစ်တဲ့အတွက် ဖောက်ခွဲဖျက်ဆီးရေးသော်လည်းကောင်း၊ အခြားလုံခြုံရေးပိုင်းဆိုင်ရာနဲ့ တရားမဝင်ကုန်စည် ပစ္စည်းတွေနဲ့ပတ်သက်ပြီး စစ်ဆေးပါတယ်။ မူးယစ်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေး၊ ကုန်စည်စစ်ဆေးရေးအဖွဲ့နဲ့ ထန်းတပင်ရဲတပ်ဖွဲ့ပူးပေါင်းပြီး ဆောင်ရွက်တာပါ။ ဖေဖော်ဝါရီ ၈ ရက်ကနေ ၁၀ ရက်နေ့အထိ စစ်ဆေးသွားမှာပါ။ မြို့အဝင် တစ်ဖွဲ့၊ အထွက်တစ်ဖွဲ့ စစ်ဆေးနေပါတယ်"ဟု စစ်ဆေးရေးဂိတ်မှ ရဲအုပ်ဝဏ္ဏဝင်းက ပြောသည်။




ယခုဆောင်ရွက်နေသော လုံခြုံရေးစစ်ဆေးမှုများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်အတွင်းမှ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့တွင် ဆိုင်ကယ်နှင့်ယာဉ်များကို နေ့စဉ် စစ်ဆေးမှုများ ဆောင်ရွက်နိုင်ပါက မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်တွင် ဒုစရိုက်မှုများ သိသာစွာ ကျဆင်းသွားစေမည်ဖြစ်ကြောင်း ထန်းတပင်တိုးဂိတ်တွင် လုံခြုံရေးဆောင်ရွက်နေသော ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးသို့ ဧရာဝတီတိုင်းဒေသကြီးမှ ဝင်ပေါက်ဖြစ်သော ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ် တိုးဂိတ်များတွင် လုံခြုံရေးကို ညပိုင်း ၆ နာရီမှ နံနက် ၅ နာရီအထိ နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်နိုင်ပါက ဒုစရိုက်မှုနှင့် မူးယစ်ဆေးဝါးမှုများ သိသာစွာ ကျဆင်းသွားစေမည်ဖြစ်ပြီး စစ်ဆေးရာတွင် ဆိုင်ကယ်များကိုသာ ရှာဖွေခြင်းထက် ယာဉ်အမျိုးမျိုးကို စေ့စပ်စွာဖြင့် ရပ်တန့်စစ်ဆေးနိုင်ပါက ရက်(၁၀၀)စီမံကိန်းကာလအတွင်းက ဒုစရိုက်မှု သိသာစွာကျဆင်းသွားသည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများလည်း စိတ်အေးချမ်းသာမှု ရရှိစေမည်ဖြစ်သည်။ (၁၆၄)

# ချည်မျှင်ရှည်ဝါအထွက်နှုန်းတိုးတက်ရေးအတွက် တောင်သူပညာပေး ဆွေးနွေးပွဲပြုလုပ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မောက်လောက်ကျေးရွာရှိ မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်(၈)စံပြကွက် ဧက ၁၀၀ ၌ ဝါပိဿာ ၁၀၀၀ ထွက်ရှိရေး တောင်သူပညာပေးဆွေးနွေးပွဲနှင့် ရွှေတောင်(၈) ဝါမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ငြိမ်းက ဧက ၁၀၀ တွင် တစ်ဧကပိဿာ ၁၀၀၀ ထွက်ရှိရေးအတွက် ပြုပြင်ပြောင်းလဲရမည့်အချက်များဖြစ်သည့် စိတ်ဓာတ်ပြောင်းလဲရေး၊ မျိုးပြောင်းလဲရေး၊ နည်းပညာပြောင်းလဲရေး၊ လယ်ကွက်ပုံသဏ္ဌာန်ပြောင်းလဲရေးနှင့် ဝါအထွက်တိုးစေရန် စက်မှုလယ်ယာစနစ်ကို ဦးစားပေးဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းမာက ဝါစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုပါ ဧက ၁၀၀ ၌ စိုက်ပျိုးရန်အတွက် အမွှေးချွတ်ဆေးလူးပြီး အဆင့်မြှင့် ရွှေတောင် (၈) ချည်မျှင်ရှည်ဝါမျိုးများကို တောင်သူ ၅၈ ဦးအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စားသုံးသူကာကွယ်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**ကလေး ဖေဖော်ဝါရီ ၁၀**

စားသုံးသူ အကာအကွယ်ပေးရေးနှင့် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေး ဟောပြောပွဲကို ကလေးမြို့ Community Center ၌ ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကလေးမြို့ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်သန်းသန်းဝင်းက အန္တရာယ်ရှိသော အစားအစာများကို စားသုံးခြင်း၏ ဆိုးကျိုးများကို ရှင်းလင်းဟော ပြောပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းထိုက်အောင်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့ကြသည်။

**ဂျူနိုင်း**

# ဂေဘားတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ် လက်မှုပညာပစ္စည်းများပြုလုပ်ခြင်းပြိုင်ပွဲ ကျင်းပ

**လိပ်သို ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ငပိုးလေးကျေးရွာ၌ ဂေဘားတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်များနှင့် ရိုးရာလက်မှုပညာများ မပျောက်ပျက်ရေးနှင့် ရိုးရာလက်မှုပညာဖြင့် အသုံးအဆောင်အများ ပြုလုပ်ခြင်းဖြင့် ဝင်ငွေရရှိစေရေးအတွက် ရည်ရွယ်ပြီး ဂေဘားတိုင်းရင်းသားရိုးရာ လက်မှုပညာပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

ဂေဘားတိုင်းရင်းသားရိုးရာ လက်မှုပညာပြိုင်ပွဲတွင် လိပ်သိုမြို့ မိုင်းလွန်ကျေးရွာအုပ်စုတွင်းမှ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၂ ရွာမှ ဂေဘားတိုင်းရင်းသားများက ရိုးရာလက်မှုပညာဖြင့် ပြုလုပ်သော ပစ္စည်းများဖြစ်သည့် ပလိုင်း၊ နောက်လွယ်၊ ထန်းရွက်မိုး၊ ဖျာ၊ တောင်း၊ စကော၊ ကြက်ဥခြင်း၊ ကြက်ခြင်း၊ စပါးလိပ်ဖျာ၊ ဘီးတောင်၊ ကွမ်းအစ်ခြင်း၊ ခါးလွယ်အိမ်၊ ယုက်သက်၊ ရေဘူး လက်မှုပညာပစ္စည်း အမျိုးအစား ၁၅ မျိုးခန့်ကို အသင်းလိုက် ပါဝင်ပြသ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်သော ရိုးရာအသုံးအဆောင် ပစ္စည်းများကို ဒိုင်လူကြီးများက အကဲဖြတ်အမှတ်ပေးခဲ့ကြကာ ပထမဆုကို ငပိုးကြီးကျေးရွာအသင်း၊ ဒုတိယဆုကို မိုင်းလွန်အောက်ကျေးရွာအသင်း၊ တတိယဆုကို လေလော်ဒေးကျေးရွာအသင်းနှင့် နှစ်သိမ့်ဆုကို တိုးတက်ကျေးရွာအသင်းတို့က ရရှိခဲ့ပြီး ဆုရရှိသော ကျေးရွာအသင်းအဖွဲ့များအား ခရစ်ယာန်ဘာသာ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် လိပ်သိုမြို့ သီလရှင်ကျောင်းမှ မာသာကြီးတို့က ဆုများချီးမြှင့်ပေးခဲ့သည်။

ဘားအံခရိုင် လိပ်သိုမြို့ မိုင်းလွန်ကျေးရွာအုပ်စုအတွင်း နေထိုင်သော ဂေဘားတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ မပျောက်ပျက်စေရန်နှင့် ထိန်းသိမ်းမြှင့်တင်ရေးအတွက် ရည်ရွယ်ပြီး တစ်နှစ်လျှင် ရိုးရာဓလေ့ပြိုင်ပွဲတစ်မျိုးစီကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း သိရသည်။



**လိပ်သို(ပြန်/ဆက်)**

## ကွန်ပျူတာပညာရှင်အသင်း နည်းပညာသင်တန်းများဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ကွန်ပျူတာနှင့် ဆက်သွယ်ရေးနည်းပညာများကို စိတ်ဝင်စားသော လူငယ်များအတွက် နည်းပညာသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး ဖွင့်လှစ်လျက်ရှိရာ Basic Wireless Networking နည်းပညာ သင်တန်းနှင့် Linux Foundation သင်တန်း နှစ်ခုကို ဖေဖော်ဝါရီ ၁၈ နှင့် ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Basic Wireless Networking သင်တန်း အမှတ်စဉ်(၂)ကို ဝိုင်ယာလက်စ်နက်ဝပ်နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များနှင့် လုပ်ငန်းခွင်ဝင်ရောက်မည့် ဝိုင်ယာလက်စ်နက်ဝပ် ပညာရှင်များအတွက် အထောက်အကူပြုစေရန် ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ IT Industry အတွင်း လက်တွေ့အသုံးချနိုင်သော ဝိုင်ယာလက်စ်နည်းပညာများ၊ လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချလျက်ရှိသော စံနှုန်းများ၊ နက်ဝပ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် Interference များ၊ Radio Frequency Behavior များအကြောင်း စသည်တို့ကို ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့်အတူ စာတွေ့အပြင် လက်တွေ့ပိုင်းကို ဦးစားပေးကာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ Networking ပညာရပ်ကို အခြေခံသိရှိထားပြီးသူများသာ တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက် (စနေ၊ တနင်္ဂနွေ) လေးရက်ကြာသင်တန်းဖြစ်ကာ ဆရာ ဦးဟိန်းစိုးက သင်ကြားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၇၀၀၀၀ ဖြစ်ကြောင်း သိရသည်။

Linux Foundation သင်တန်းကို Open Source နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ICT ဆိုင်ရာ နည်းပညာပိုင်းတွင် တွင်ကျယ်လာသော Open Source နည်းပညာနှင့်အတူ ဆာဗာပိုင်းများတွင် အသုံးများလာသော Linux Server နှင့် Administrator Level များသို့ တတ်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သော Linux အခြေခံ နည်းပညာ များကို ကျွမ်းကျင်ပိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတတ်ရောက်ခြင်းဖြင့် Linux ၏ အခြေခံသဘောသဘာဝ၊ အသုံးဝင်ပုံအနေအထား၊ Linux နည်းပညာရပ်များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အဆင့်မြင့်ပညာရပ်များကို အခြေခံပိုင်နိုင်စွာဖြင့် အခက်အခဲမရှိ လေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ Linux နည်းပညာကို စိတ်ဝင်စားပြီး အောက်ခြေမှစ၍ တစ်ဆင့်ချင်း လေ့လာလိုသူများ၊ စိတ်ဝင်စားသော်လည်း Self Study အဖြစ် လေ့လာရန် ခက်ခဲနေသူများ တက်ရောက်သင့်ကြောင်း၊ သင်တန်းချိန်မှာ ဖေဖော်ဝါရီ ၂၀ မှ ၂၃ ရက်အထိ လေးရက်သင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၆၆၀၀၀ ဖြစ်ကြောင်း သိရသည်။

သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုသူများအနေဖြင့် လှိုင်မြို့နယ် MICT Park၊ အဆောင်(၉) မြေညီထပ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်ပြီး သင်တန်းတက်ရောက်ရန်အတွက် သင်တန်းဖွင့်ရက်မတိုင်မီ တစ်ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## တယ်လီနော၏ 4G ကွန်ရက်ကို မော်လမြိုင်နှင့်ဘားအံတွင် ထပ်မံတိုးချဲ့ထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**



တယ်လီနောမြန်မာ၏ 4G ကွန်ရက်ကို ယခင်က မြို့ကြီး ၁၅ မြို့၌ ဝန်ဆောင်မှုပေးထားခဲ့ရာမှ ဇန်နဝါရီလကုန်ပိုင်းအတွင်းက မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့၌ ထပ်မံတိုးချဲ့ခဲ့သဖြင့် ယခုအခါ တယ်လီနော4G ကွန်ရက်ရရှိနိုင်သော မြို့ကြီး ၁၇ မြို့ရှိလာပြီဖြစ်ကြောင်း သိရသည်။

တယ်လီနောသည် ဇန်နဝါရီ ၂၆ ရက်က မော်လမြိုင်မြို့၌ 4G ကွန်ရက် စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းအထိမ်းအမှတ်အဖြစ် တယ်လီနော ဝန်ထမ်းများသည် တယ်လီနော၏ဝန်ဆောင်မှုများကို အသုံးပြုသူများနှင့် ဖြန့်ချိရောင်းချသူများ သိရှိစေရန် မော်လမြိုင်မြို့နေရာအနှံ့အပြားတွင် လိုက်လံရှင်းလင်းပြောကြားခဲ့ကြကာ တယ်လီနောဆင်းကတ်အသုံးပြုနေသူများ၏ ဆင်းကတ်အဟောင်းများကိုလည်း မြန်နှုန်းမြင့် USIM ဆင်းကတ်များဖြင့် လဲလှယ်ပေးခဲ့ကြောင်း သိရသည်။ ကရင်ပြည်နယ် ဘားအံမြို့တွင် 4G ကွန်ရက်ကို ဇန်နဝါရီ ၂၉ ရက်က ထပ်မံတိုးချဲ့ခဲ့ခြင်းဖြစ်ပြီး ကွန်ရက်တိုးချဲ့ဖြန့်ကြက်ခြင်း အထိမ်းအမှတ် အစီအစဉ်များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ တယ်လီနောက နိုင်ငံတစ်ဝန်းကျင်းပနေသည့် ဆင်းကတ် မှတ်ပုံတင်နေ့များကို ပိုမိုထိရောက်စေရန် တယ်လီနော ဝန်ထမ်းများက မှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းပြခဲ့ပြီး အသုံးပြုသူများ ချက်ချင်း မှတ်ပုံတင်သွင်းနိုင်ရန် ကူညီပေးခဲ့ကြသည်။ တယ်လီနောသည် သုံးစွဲသူများ ၎င်းတို့၏ ဆင်းကတ်များကို လွယ်ကူစွာ မှတ်ပုံတင်နိုင်ရန်အတွက် အွန်လိုင်းမှ ကိုယ်တိုင်မှတ်ပုံတင်နိုင်သော ချန်နယ်များကို မိတ်ဆက်ပေးထားပြီး ဖြစ်သည့်အပြင် လိုအပ်သော အထောက်အထားများနှင့် verification ကုတ်နံပါတ် လက်ခံနိုင်သည့် အသုံးပြုဆဲ ဆင်းကတ်တို့ရှိပါက မိသားစုဝင်များ၊ မိတ်ဆွေများအတွက်ပါ ကိုယ်စား မှတ်ပုံတင်ပေးနိုင်မည်ဖြစ်သည်။

"တယ်လီနောသုံးစွဲသူတွေအနေနဲ့ အကောင်းဆုံး အင်တာနက်အသုံးပြုမှု အတွေ့အကြုံတွေကို ရရှိနိုင်စေဖို့ မြို့ကြီးတွေနဲ့ မြို့ငယ်တွေမှာပါ ကွန်ရက်အရည်အသွေး ပိုမိုကောင်းမွန်အောင်နဲ့ 4G ကွန်ရက်တိုးချဲ့မှုတွေကို အစဉ်တစ်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် လပိုင်းအတွင်းမှာ နောက်ထပ်မြို့တွေမှာလည်း 4G ကွန်ရက်ကို ဆက်လက်တိုးချဲ့သွားဖို့ ဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာ ကျွန်တော်တို့အနေနဲ့ ထပ်လောင်းပြောကြားလိုတာကတော့ ပိုမိုမြန်နှုန်းမြင့်တဲ့ စွမ်းဆောင်ရည်ရှိပြီး စစ်မှန်တဲ့ 4G ဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့ရာ 1800 MHz ကြိမ်နှုန်း ပေးအပ်မှုက အလွန်အရေးပါတယ်ဆိုတဲ့ အချက်ပါပဲ။ ကျွန်တော်တို့အနေနဲ့ အစိုးရနဲ့ ဆွေးနွေးတိုင်ပင်မှုတွေကို ဆက်လက်ပြုလုပ်နေပြီး လအနည်းငယ်အတွင်းမှာ ထူးခြားမှုတွေရှိလာမယ်လို့လည်း မျှော်လင့်ထားပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

တယ်လီနောမြန်မာသည် လက်ရှိအချိန်တွင် အသုံးပြုသူများအတွက် 2G၊ 3G နှင့် 4G ဝန်ဆောင်မှုများကို ကြိမ်နှုန်း 900 MHz နှင့် 2100 MHz တို့ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝေးလံခေါင်းပါးသော ဒေသများ အပါအဝင် မြန်မာနိုင်ငံရှိ မြို့နယ်အားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကွန်ရက်လွှမ်းခြုံထားနိုင်ပြီးဖြစ်ကြောင်း သိရသည်။ ယနေ့အချိန်အထိ တယ်လီနောသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကာ ကွန်ရက်လွှမ်းခြုံမှုနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရန်နှင့် 4G ဝန်ဆောင်မှုများ တိုးချဲ့ပေးအပ်သွားနိုင်ရန်အတွက် ဆက်လက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တယ်လီနော၏ 4G ဝန်ဆောင်မှုများကို ရရှိနေသော မြို့ကြီး ၁၅ မြို့မှာ ပဲခူးတိုင်းဒေသကြီးတွင် ပြည်မြို့၊ ပဲခူးမြို့နှင့် တောင်ငူမြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နှင့် ထားဝယ်မြို့၊ မကွေးတိုင်းဒေသကြီးတွင် တောင်တွင်းကြီးမြို့၊ အောင်လံမြို့နှင့် ပခုက္ကူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာမြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၊ နေပြည်တော်တွင် ဒက္ခိဏသီရိမြို့၊ လယ်ဝေးမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့နှင့် ပျဉ်းမနားမြို့တို့ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

**Mobile Review**

## အရည်အသွေးကောင်းပြီး ဈေးနှုန်းသင့်တော်တဲ့ Sony SmartWatch 3

အန်းဒရွိုက်ဖုန်းတွေနဲ့အတူ ချိတ်ဆက်သုံးရတဲ့ စမတ်နာရီတွေကို ပြည်တွင်းမှာ စိတ်ဝင်စားမှုများလာတာကြောင့် ပြည်တွင်းဈေးကွက်ကို စမတ်နာရီ အမှတ်တံဆိပ်အမျိုးမျိုး ဝင်ရောက်လျက်ရှိပါတယ်။ နာမည်ကြီးအမှတ်တံဆိပ် စမတ်နာရီတွေက ဈေးနှုန်းပိုင်းမှာ အတော်လေးမြင့်မားသလို အမှတ်တံဆိပ်မရှိတဲ့ စမတ်နာရီတွေကျတော့ ဈေးသက်သာပေမယ့် အရည်အသွေးပိုင်းမှာ နိမ့်ကျတာကြောင့် သုံးလို့မကောင်းတာတွေ ရှိပါတယ်။

ဒီအထဲမှာ အရည်အသွေးပိုင်း ကောင်းမွန်သလို ဈေးနှုန်းလည်းမများဘဲ အမှတ်တံဆိပ်ပိုင်းမှာလည်း နာမည်ကြီးအမှတ်တံဆိပ်ဖြစ်တဲ့ Sony ရဲ့စမတ်နာရီ SmartWatch 3 ကို တစ်နှစ်အတွင်း Review အဖြစ် ပြန်လည်ဖော်ပြလိုက်ပါတယ်။




SmartWatch 3 ဟာ အန်းဒရွိုက်ဖုန်းတွေနဲ့ ချိတ်ဆက်သုံးရုံသာဖြစ်ပြီး နာရီထဲမှာ ဆင်းကတ်ထည့်သုံးလို့မရတဲ့ စမတ်နာရီအမျိုးအစားဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်တာက ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလကတည်းက ဖြစ်တဲ့အတွက် အခုဆို တစ်နှစ်လောက်ရှိပြီဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစားက ၁ ဒသမ ၆ လက်မ၊ ကိုယ်ထည်က ၅၁ × ၃၆ မီလီမီတာရှိပြီး အထူက ၁၀ မီလီမီတာရှိလို့ အရွယ်အစားကြီးတဲ့အထဲမှာ ပါဝင်ပါတယ်။ အလေးချိန်က သားရေလက်ပတ်ကြိုးအပါအဝင် ၇၆ ဂရမ်ရှိလို့ လက်မှာပတ်ထားဖို့ ပေါ့ပေါ့ပါးပါးနဲ့ အဆင်ပြေပါတယ်။

နေရောင်အောက်မှာ ကြည့်နိုင်အောင် Transflective display ပါဝင်ပြီး ရုပ်ထွက်ပိုင်းအနေနဲ့ 320 x 320 resolution ရှိပါတယ်။ ရေဒဏ် ဖုန်ဒဏ်ခံနိုင်အောင် ပြုလုပ်ထားပြီး ရေအောက် ၁ ဒသမ ၅ မီတာမှာ နာရီဝက်လောက် အထားခံနိုင်ပါတယ်။ TFT capacitive touchscreen က မျက်နှာပြင်ကို ထိတွေ့အသုံးပြုရာမှာ လွယ်ကူစေမှာဖြစ်ပါတယ်။ Quad core 1.2GHz CPU, RAM 512 MB နဲ့ အင်တာနယ်မင်မိုရီ 4GB ပါဝင်ပြီး မင်မိုရီကတ် ထည့်သုံးလို့ မရပါဘူး။

SmartWatch 3 မှာ ပါဝင်တဲ့ Sensors စနစ်တွေကနေ ဝတ်ဆင်ထားသူရဲ့ လမ်းလျှောက်နှုန်း၊ နှလုံးခုန်နှုန်းစတဲ့ ကျန်းမာရေးအခြေအနေတွေကို စောင့်ကြည့်နိုင်သလို နာရီကို အန်းဒရွိုက်ဖုန်းတွေနဲ့ ချိတ်ဆက်ပြီး ဖုန်း ပြောတာ၊ ဖုန်းထဲက Notification တွေကြည့်တာ၊ ဖုန်းထဲက အပလီကေးရှင်းတွေကို နာရီကတစ်ဆင့် အသုံးပြုတာ၊ နာရီထဲက သီချင်းတွေကို နားထောင်တာတွေ ပြုလုပ်နိုင်ပါတယ်။ ဖုန်းထဲက ဒေတာတွေကို ထုတ်ယူဖို့၊ ထည့်သွင်းဖို့ USB ပေါက် ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာ Li-Po 420 mAh ဘက်ထရီ ပါဝင်လို့ အသင့်အနေအထားမှာ လေးရက်လောက်ထားနိုင်ပြီး လုပ်ဆောင်ချက်တွေကို အသုံးပြုနေရင် နှစ်ရက်လောက် သုံးနိုင်ပါတယ်။

အားနည်းချက်အနေနဲ့ကတော့ ကင်မရာသုံးလိုသူတွေအတွက် အပျော်တမ်းရိုက်လို့ရတဲ့ ကင်မရာမျိုးတောင် ပါဝင်ခြင်းမရှိတာနဲ့ နာရီဒီဇိုင်းဟာ ရိုးရိုးနာရီပုံမပေါက်ဘဲ ကြည့်လိုက်တာနဲ့ စမတ်နာရီမှန်း သိသာနေတာဖြစ်ပါတယ်။ ကိုယ်ထည်နဲ့ လက်ပတ်ကြိုးအရောင်အနေနဲ့ နိုင်ငံတကာဈေးကွက်မှာ ခုနစ်မျိုးအထိ ထုတ်လုပ်ထားပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ အညိုရောင်နဲ့ အနက်ရောင်ကိုသာ တွေ့ရပြီး ဈေးနှုန်းက ကျပ် ၁၉၀၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**

## နောက်လအထိဆက်သုံးနိုင်သော Data Packs များကို ပေါင်းကူးအမည်ဖြင့် အူရီဒူးမှမိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အူရီဒူးမြန်မာ၏ မိုဘိုင်းအင်တာနက် Data Packs များ ဝယ်ယူပြီး သုံး၍မကုန်သဖြင့် ကျန်ရှိသောဒေတာများ နောက်လတွင် ဆက်အသုံးပြုနိုင်မည့် ဝန်ဆောင်မှု အစီအစဉ်သစ်များကို ပေါင်းကူး Data Packs အမည်ဖြင့် အူရီဒူးမြန်မာက ဖေဖော်ဝါရီ ၇ ရက်က စတင်မိတ်ဆက်ခဲ့သည်။

လစဉ်အသုံးပြုနိုင်သော ပေါင်းကူး Data Packs များကို အမျိုးအစား ရှစ်မျိုးဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး အနည်းဆုံးမှာ တစ်လအတွက် ဒေတာပမာဏ ၈၀၀ မဂ္ဂါဘိုက်ကို ၉၉၉ ကျပ်ဖြစ်ကာ အများဆုံးမှာ 130 GB အထိဖြစ်သည်။ အဆိုပါ အင်တာနက် Packs များကို ရက်၃၀ ကြာ အသုံးပြုနိုင်မည်ဖြစ်ပြီး ရက် ၃၀ အတွင်း သုံး၍ မကုန်လျှင်လည်း ကုန်ဆုံးသည့်ရက်မှ ခုနစ်ရက်အတွင်း နောင်ထပ် Data Pack တစ်ခုကို ထပ်မံဝယ်ယူလိုက်ပါက လက်ကျန်ဒေတာများကို ဆက်လက် သယ်ဆောင်သွားကာ ထပ်မံဝယ်ယူလိုက်သော အင်တာနက်အစီအစဉ်အသစ်နှင့်အတူ လက်ကျန်ဒေတာများကိုပါ အသုံးပြုနိုင်မည်ဖြစ်၍ ဒေတာများ ဆုံးရှုံးသွားခြင်း မရှိတော့ဘဲ အသုံးပြုနိုင်မည်ဖြစ်သည်။ ဝယ်ယူသော Data Packs များဖြင့် ဝန်ဆောင်မှုများကို ကန့်သတ်ထားခြင်းမရှိဘဲ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အူရီဒူးသုံးစွဲသူများအနေဖြင့် *140# သို့ ခေါ်ဆိုကာ အဆိုပါ လစဉ်သုံးအင်တာနက်အစီအစဉ်ကို စာရင်းသွင်းရယူနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms.Charity Safford က "သုံးစွဲသူတွေအနေနဲ့ အူရီဒူးရဲ့အင်တာနက်ဒေတာဝန်ဆောင်မှုတွေကို စိတ်ကြိုက်အသုံးပြုနိုင်မှာဖြစ်လို့ အခုလို ပိုကောင်းပိုတန်တဲ့ အင်တာနက်ကို အသုံးပြုနိုင်တဲ့ ပေါင်းကူး Data Pack က ထူးခြားဆန်းသစ်တဲ့ ဝန်ဆောင်မှုပါ။ ဒီအစီအစဉ်ဟာ လွယ်ကူတယ်။ ပြီတော့ သုံးစွဲသူတွေ အသုံးမပြုရသေးတဲ့ ဒေတာတွေကို ဆုံးရှုံးမှုမရှိစေဘဲ နောက်လကို သယ်သွားနိုင်တယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ သုံးစွဲသူတွေ ပိုကောင်းတဲ့ အကျိုးအမြတ် ရရှိစေဖို့အတွက် ဖုန်းငွေဖြည့်လိုက်ရုံနဲ့ အခမဲ့ဖေ့စ်ဘုတ်၊ အခမဲ့ဗိုက်ဘာ၊ အခမဲ့ BeeTalk နဲ့ အူရီဒူးအချင်းချင်း အခမဲ့ ဖုန်းခေါ်ဆိုခွင့်တွေကို ရရှိအောင် ပြုလုပ်ပေးထားတာပါ"ဟု ပြောသည်။

လစဉ်သုံး ပေါင်းကူး Data packs ကို စာရင်းသွင်းရယူအသုံးပြုခြင်းဖြင့် အူရီဒူးသုံးစွဲသူများအတွက် ထပ်ဆောင်းအကျိုးရလာဒ်များအနေဖြင့် ဖုန်းငွေဖြည့်သွင်းလိုက်သည်နှင့်တစ်ပြိုင်နက် Facebook, Viberနှင့် Bee Talk တို့ကို အခမဲ့အသုံးပြုခွင့်နှင့် အူရီဒူးအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့်များ ရရှိမည်ဖြစ်ကာ ဖြည့်သွင်းလိုက်သည့်ငွေဖြင့် ပေါင်းကူး Data Packs အစီအစဉ်ကို ဝယ်ယူအသုံးပြုနိုင်သည့်အပြင် အူရီဒူး၏ အခြားသော ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုများကိုပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်စရာအဖြာဖြာ

(ဒေါ်ဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် အထောက်အကူပြုသင်ခန်းစာများကို အပိုင်း (၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြသွားပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း (က)နှင့် အပိုင်း (ခ)ဟူ၍ (၂)ပိုင်းခွဲခြားပြီး မေးလေ့ရှိသည်။ **အပိုင်း (က)**တွင် မေးခွန်းနံပါတ် (၁)နှင့် (၂)မဖြေမနေရဖြေဆိုရမည့် မေးခွန်း (၂)ပုဒ် ပါရှိပါသည်။ မေးခွန်း (၂)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ် (၃)ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။ မေးခွန်းနံပါတ် **၁။(က)**သည် ဖော်ပြချက် (၁၀)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကိုကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် **၁။ (ခ)**သည် ဖော်ပြချက် (၅)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဤမေးခွန်းသည်လည်း ဘာသာရပ်ကိုနားလည်ကျေညက်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် **၁။ (ဂ)**သည် ဖော်ပြချက် (၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊ (ခ)နှင့် (ဂ)အဖြေ (၃)မျိုးပေးထားပြီး ယင်းထဲမှအဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကိုပေးထားသည့် (က)၊ (ခ)နှင့် (ဂ)ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ(၃)ခုစီနှင့် အခန်း(၆)ခန်းအတွက်(၁၈)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)**တွင် စုစုပေါင်းမေးခွန်း (၄)ပုဒ်မေးထားပြီး ထို (၄)ပုဒ်ထဲမှ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၄)ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့သည် မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ (က)တွင် အမှတ် (၂၀)ပေးသည့် မေးခွန်းရှည် (၁)ပုဒ်ကိုမေးထားပြီး (ခ)တွင် (၁၀)မှတ်ပေးသည့် မှတ်စုတို (၄)ပုဒ်ကို မေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ (ခ)ကို ရွေးချယ်ပါက ပေးထားသည့်မှတ်စုတို (၄)ပုဒ်အနက် နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ (က) နှင့် မေးခွန်းခွဲ (ခ) (၂)ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ (က)ကိုဖြေဆိုပါက မေးခွန်းခွဲ(ခ)ကိုဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ(ခ)ကို ဖြေဆိုပါက မေးခွန်းခွဲ(က)ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ(၂၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၆)**မှာ တွက်ချက်မှုနှင့်ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသောစာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့်ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကိုဆန်းစစ်သောဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ(က)၊ (ခ)နှင့်(ဂ)မှနှစ်သက်ရာ (၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀) မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း(၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ်(၁) နှင့်(၂)မဖြေမနေရဖြေဆိုရမည့် မေးခွန်း(၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာမေးခွန်း(၃)ပုဒ်၊ စုစုပေါင်း မေးခွန်း(၅)ပုဒ်ကိုဖြေဆိုရမည်ဖြစ်သည်။

**ဖြေဆိုပုံဖြေဆိုနည်း**

ဒုတိယပိုင်းအနေဖြင့် မေးထားသောမေးခွန်း(၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရနိုင်ရန် ဖြေဆိုပုံဖြေဆိုနည်းများကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသော ဖော်ပြချက်ကမှား(သို့)မှန်ဖြစ်သည်ကို ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ ဖြေဆိုသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- 'ထုတ်လုပ်မှုအင်အားစုတစ်ခုဖြစ်သော မြေယာဆိုသည်မှာ မြေကြီးသက်သက်ကိုသာဆိုလိုသည်။'ဟူသောဖော်ပြချက်တွင်အဖြေက'**မှား'ဖြစ်သည့်အတွက် 'မှား'**ဟုသာဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ်(၁၀)မှတ်ဖြစ်သည်။

**မေးခွန်း(၁-ခ)**ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ပေးထားသောစာကြောင်းတွင် ဖြေဆိုသူက လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကို သာနံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ-'ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ အဓိကလုပ်ဆောင်ချက်များမှာ အပ်ငွေလက်ခံခြင်းနှင့်—တို့ဖြစ်သည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ **'ချေးငွေထုတ်ချေးခြင်း'** ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန် ဖြစ်သည်။ ဤတွင်လည်း မေးခွန်းပြန်လည်ရေးသားရန်မလိုပါ။ များသောအားဖြင့် ဝေါဟာရများကို အဓိကမေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ စာကြောင်း(၁)ခုလျှင် (၁)မှတ်ဖြင့်(၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ဤမေးခွန်းတွင်ပေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကိုရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ-'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ(က)၄ချက် (ခ)၅ချက် (ဂ)၆ချက် ရှိသည်။' ဟူသောမေးခွန်း၏ အဖြေမှန်မှာ **(က)**၄ချက် ဖြစ်သည်။ မေးခွန်း(၁-ဂ) မေးခွန်းနံပါတ်သေး(၁) (က)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း(က) မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ထည့်သွင်းပေးထားသဖြင့် ကျောင်းသား/သူများအနေဖြင့် ကြိုတင်လေ့လာထားနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာဖြေဆိုရန် လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းနှင့် စာလုံးပေါင်းမှားယွင်းမှုများပါက အမှတ်လျော့ကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန်လိုပါသည်။

ဥပမာ- **'အိမ်ထောင်စုဝယ်လိုအား'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုမေးပါက 'ကုန်စည်တစ်ခုအတွက် တစ်ဦးချင်းသို့မဟုတ် အိမ်ထောင်စုဝယ်လိုအားဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း တစ်စုံတစ်ရာသောဈေးနှုန်း၌ လူပုဂ္ဂိုလ်သို့မဟုတ် အိမ်ထောင်စုတစ်ခုက ထိုကုန်စည်ကိုဝယ်ယူမည့်အရေအတွက် ဖြစ်သည်။'ဟု ဖြေဆိုရမည့်အစား 'ဈေးကွက်ဝယ်လိုအားဆိုသည်မှာ ဈေးကွက်အတွင်းရှိ တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဝယ်လိုအားများကို စုပေါင်းထားခြင်းပင်ဖြစ်သည်။'ဟူ၍ **'ဈေးကွက် ဝယ်လိုအား'**၏ အဓိပ္ပာယ်ကိုဖြေဆိုခြင်းသည် မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ထို့ကြောင့် ယင်းဖြေဆိုမှုအတွက် အမှတ်လုံးဝမရရှိနိုင်ပါ။

ထို့အတူ **'ထပ်ဆင့်တိုးတန်ဖိုးခွန်'**၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို 'ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသောတန်ဖိုးများအပေါ်တွင် ကောက်ယူသည့် အခွန်ဖြစ်သည်။'ဟု ဖြေဆိုရမည့်အစား 'ထပ်ဆင့်တိုးတန်ဖိုးဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု၏တန်ဖိုးဖြစ်သည်။'ဟု **ထပ်ဆင့်တိုးတန်ဖိုး** ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာလေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန် လိုအပ်ပါသည်။ ထို့ပြင် ဖြေဆိုသူများ၏ စာပေါင်းမှားယွင်းမှုများကလည်း တစ်ခါတစ်ရံ အဓိပ္ပာယ်မပေါ်လွင်သည်အထိ ဖြစ်တတ်သဖြင့် စာလုံးပေါင်းဆိုးရွားစွာ မှားလာပါကလည်း ဤမေးခွန်းတွင် အမှတ်လျော့နိုင်ကြောင်း သတိပေးလိုပါသည်။

ပေးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက် (၁၈)ခုထဲမှ နှစ်သက်ရာ (၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁) ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် မှားယွင်းပါက(၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

**အပိုင်း (က)**တွင် မေးထားသောမေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀) မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂) ကို တိကျမှန်ကန်စွာဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)**တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့ကို မေးခွန်းပုံစံဆင်တူစွာ မေးထားပါသည်။ (က)တွင် အမှတ် (၂၀)မေးခွန်းရှည်ကိုမေးထားပြီး သို့မဟုတ်ခံကာ(ခ)တွင် မှတ်စုတို (၄)ခုမေးထား၍ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါအခန်း (၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီး မေးနိုင်သဖြင့် ဖြေဆိုသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုသည့်အခါ မေးထားသည့်အကြောင်းအရာ၏အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁) ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ-ထုတ်လုပ်မှုအင်အားစု (သို့) ကုန်ထုတ်အင်အားစုများကိုမေးပါက ထုတ်လုပ်မှုအင်အားစု (သို့)ကုန်ထုတ်အင်အားစုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး အမျိုးအစား (၃)မျိုးကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအမျိုးအစား (၁)ခုချင်းစီကို ရှင်းပြရပါမည်။

(၂၀) မှတ်တန်မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ - ဈေးကွက်ဝယ်လိုအားကို ပြဋ္ဌာန်းထားသောအချက်များကိုမေးပါက ဈေးကွက်ဝယ်လိုအား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၆)ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းပြဋ္ဌာန်းချက် (၁)ချက်ချင်းစီကို ရှင်းပြရပါမည်။

မေးခွန်းနံပါတ် (၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က) (ခ) (ဂ) ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရမည်ဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကိုတိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ - 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သောစကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းတစ်ခုချင်းစီအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့်ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။ 'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းဖြေဆိုသင့်သည်။

ထို့အတူ 'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သောစကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရရှိပါမည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းတို့ကိုဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ် (၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂) အားမျှခြေတွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကိုရှာစေသည့်မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိ ဈေးကွက်အားမျှခြေအခြေအနေတွင် ဝယ်လိုအား (သို့) ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်ကို ပုံနှင့်တကွဖြေဆိုရမည်ဖြစ်သည်။ ပုံများရေးဆွဲပြီး ရှင်းလင်းချက်များရေးသားဖြေဆိုရပါမည်။

(၃) ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး တွက်ချက်စေသောမေးခွန်းတွင် မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကိုပြုလုပ်သင့်ပါမည်။ ဥပမာ - အလျော့အတင်းဆိုင်ရာမေးခွန်းဆိုပါစို့၊ အလျော့အတင်းဆိုင်ရာတွက်ချက်မှုတွင် ဝယ်လိုအား၏ ဈေးနှုန်း

စာမျက်နှာ ၂၃ သို့

စာမျက်နှာ (၂၂) မှ

အလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအား အလျော့အတင်းဟူ၍ (၄)မျိုး မေးနိုင်ပါသည်။ ယင်းမေးခွန်းကိုဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေရပါမည်။ ထို့နောက် ပုံသေနည်းကိုဖြေပါမည်။ ထို့နောက် ပေးထားသောကိန်းဂဏန်းကို အစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင် ရရှိလာသောအဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0) ထွက်ရှိခြင်းများအတွက် သဘောတရားများကို အခြေခံ၍ သုံးသပ်သွားရန်ဖြစ်သည်။

(၄) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာမေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာတွင် မေးထားသည့်တွက်ချက်နည်း (ကုန်ထွက်၊ ဝင်ငွေ၊ အသုံးစရိတ်)တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထည့်သွင်းဖြေဆိုရန်လိုပါသည်။ ထို့နောက် တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNPနှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသောကိန်းဂဏန်းများ၏ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အဆင့်လိုက် တွက်ချက်ပြရန်လိုပါသည်။

(၅) ငွေကြေးအရေအတွက် သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကိုရှာရန် မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက်စည်းကြပ်သည့်အခွန်နှုန်းကို တွက်ချက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု (၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကို ရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကိုသုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး အိမ်ထောင်စု (၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်ကာ သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့် အခြားနှစ် (၂)ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃) နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁)နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါအခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ဖြစ်ပြီး ကျန် (၂)နှစ်အတွက် ထွက်ရှိသောအဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော (သို့) ကျဆင်းသော ကုန်ဖလှယ်မှုဟုသုံးသပ်ပြီး (၁၀၀) ထက်များပါက အခွင့်သာသော (သို့) တိုးတက်သောကုန်ဖလှယ်မှု ဟု သုံးသပ်ဖြေဆိုရပါမည်။

ဥပမာ - နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၀၇ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၀၇ | ၁၀၀ | ၁၀၀ |
| ၂၀၁၁ | ၁၀၅ | ၁၂၀ |
| ၂၀၁၅ | ၁၅၀. ၈ | ၁၄၅ |

(၁) ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။

(၂) ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။ ဟူသောမေးခွန်းကို ဖြေဆိုပါက

- ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကိုဖြေဆိုရန်
- တွက်ချက်ရန်မှာ

၁။ အခြေခံနှစ် ၂၀၀၇ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၀၀/၁၀၀) × ၁၀၀ = ၁၀၀

၂။ ၂၀၁၁ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၀၅/၁၂၀) × ၁၀၀ = ၈၇. ၅

၃။ ၂၀၁၅ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး = (၁၅၀. ၈/၁၄၅) × ၁၀၀ = ၁၀၄

- တွက်ချက်မှုကို သုံးသပ်ရန်

၁။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကုန်ဖလှယ်မှုအချိုးကျသဖြင့် အခွင့်မသာသော (သို့) ကျဆင်းသော ကုန်ဖလှယ်မှုအချိုးဖြစ်ပြီး ပို့ကုန်မှရငွေဖြင့် သွင်းကုန်တင်သွင်းမှု လျော့ကျစေပါသည်။

၂။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကုန်ဖလှယ်မှုအချိုးတိုးသဖြင့် အခွင့်သာသော (သို့) တိုးတက်သော ကုန်ဖလှယ်မှုအချိုးဖြစ်ပြီး ပို့ကုန်မှရငွေဖြင့် သွင်းကုန်တင်သွင်းမှုတိုးစေပါသည်။ ဟု ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကိုဖြေဆိုရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ ဖြေဆိုသူကျောင်းသားကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

# စစ်ဘေးရှောင်ယာယီ ခိုလှုံရေးစခန်းသစ်တွင် သောက်သုံးရေနှင့် အမိုးအကာများ လိုအပ်နေ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာတွင်အသစ်ဖွင့်လှစ်ထားသော စစ်ဘေးရှောင်ယာယီခိုလှုံရေးစခန်းရှိ ပြည်သူများအတွက် သောက်သုံးရေနှင့် အဆောက်အအုံများအတွက် အမိုးအကာများ လိုအပ်နေကြောင်း သိရသည်။

"လက်ရှိအဆောက်အအုံ ငါးလုံးဆောက်နေတယ်။ နှစ်လုံးကတော့အမိုးအကာ လုပ်ပြီးသွားပြီ။ ကျန်တဲ့အဆောက်အအုံ သုံးလုံးအတွက် အမိုးမိုးဖို့ လိုအပ်နေသေးတယ်။ ရေကတော့ စခန်းအပြင် ရေတွင်းကနေသွားပြီးတော့ ယူနေတဲ့အတွက်ကြောင့် အခက်အခဲရှိနေတယ်လို့" စခန်းတာဝန်ခံ ဦးဝေါ်တားက ပြောသည်။ "စတင်ရောက်ရှိတဲ့အချိန်ကစပြီး ပြည်နယ်အစိုးရ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွေကနေ လာရောက်ထောက်ပံ့ပေးနေတဲ့အတွက်ကြောင့်သာ စားဝတ်နေရေးကျန်းမာရေးကလေးတွေ အတွက်ပညာရေးမှ အခက်အခဲမရှိဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ စစ်ဘေးရှောင် ယာယီခိုလှုံရေးစခန်းတွင် စစ်ဘေးရှောင်စခန်းနှစ်ခုမှ အိမ်ထောင်စု ၄၅ စု လူဦးရေ ၃၀၀ တို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## မီးဖိုမီး အသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂)လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြှိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံ အကြား အပူခံအကာအရံများ ထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**



## တိုက်ခန်းသစ်ရောင်းရန်

၁။ သာကေတ၊ကြည်ပင်မြွှင့်သဘော်ဆိပ်ရှေ့အောင်သုခလမ်း၊(18'x54')မြေညီ၊ ပထမထပ်၊ပွမထပ်။
၂။ တောင်ဥက္ကလာပ၊ ရတနာလမ်းထိပ်၊ အေဒဟာလမ်း၊(15'x54') ဒုတိယထပ်။
Ph:09-73096497,09-790888090,09-250415559

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။

*ပေ ၁၀၀ ပတ်လည်၊ နှစ် (၆၀)ဂရန်အမည်ပေါက် အမှတ် (၃)လမ်းမအနီး၊ ကာယ (၄)လမ်းမင်္ဂလာဒုံ။
*၂ ထပ် တိုက်ခံအိမ်၊ ၂၀x၆၀ပေ၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ သိသုမာကျောက်ပ် ၀၉ ၇၇၂၇၀၀၅၅၂







တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများအတွက်

## ဂုဏ်ထူးဦးအောင်ခိုင်

2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

## FUTURE COOL

Air-Con၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်/ပြုပြင်/ရောင်း/ဝယ်/လဲလှယ်ခြင်းနှင့် (Servicing) ဆေးကြောခြင်းလုပ်ငန်းများကို အာမခံ ဖြင့် အိမ်အရောက် အမြန်ဆုံးဝန်ဆောင်မှုပေးပါသည်။
Air-Con Split Type Brand New
တပ်ဆင်ပြီးဈေးနှုန်း၊ 1HP 255,000 ks
၃နှစ်အာမခံ
Air-Con ကျွမ်းကျင်ဝန်ထမ်းများအမြန်အလိုရှိသည်။
တောင်ဥက္ကလာ - 09-421018706, 09-252296238
တာမွေ - 09-254875932, 09-252427475

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၃၈၅၅၉ WONLON 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်မွေး ၁၄/ပသန(နိုင်)၀၆၈၉၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန (ပုသိမ်)

## Smile Card Member များအတွက်

၁.၇.၂၀၁၆ မှ ၃၁.၁၂.၂၀၁၆ အတွင်း Gandamar Wholesale နှင့် Ruby Mart များတွင် Smile Card ဖြင့် ဝယ်ယူအားပေးခဲ့သော Customer များအနက် သတ်မှတ်ချက်နှင့်အကျုံးဝင်သူများအား Reward များပြန်လည်ချီးမြှင့်မည်ဖြစ်ပါသဖြင့် Smile Card ပြုလုပ်ခဲ့သော သက်ဆိုင်ရာ Gandamar Wholesale နှင့် Ruby Mart တို့တွင် ၁.၂.၂၀၁၇ မှ ၃၀.၄.၂၀၁၇ အထိ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စုံစမ်းရန် ဖုန်း-၆၅၇၃၂၁၀ လိုင်းခွဲ(၃၁၂)

Maths & English Special Summer Program!!

Special Discount until the end of February

Level Check Free! (၃)လပြတ် သင်တန်း ကျောင်းဝင်ကြေး Free!

Mathematics

ကိုယ်တိုင်နားလည်ပြီး တွက်ချက်နိုင်သော စွမ်းရည်ရအောင် အဓိကသင်ကြားပေးသော သင်တန်း

English

နိုင်ငံရပ်ခြားရှိ ဆရာ၊ဆရာမများနှင့် တစ်ဦးချင်းသင်ကြားစနစ်ဖြင့် သင်ကြားပေးနေသော One by One အင်္ဂလိပ်စာသင်တန်း

37 years in Japan

Gakken Education Centre

Japan ပညာရှင်များ ပြုစုထားသော ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသည်။

Yankin School (ရွှေအုန်းပင်အိမ်ရာ) ☎ 01-559256/01-8605310

Hledan School (4F,Hledan Centre) ☎ 01-2307803

Website >> www.gakken-ace.com

Email >>>> info@gakken-ace.com

Facebook > gakken education

Gakken Maths





## ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ၊ ပထမထပ်၊ (A-247) အားလုံး ပြင်ဆင်ပြီး ၁၅'× ၄၀' ပေ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။

စုံစမ်းရန်–၀၉၅၀၀၀၆၃၃၊ ၀၉–၅၁၅၁၅၃၄၆၊ ၀၉–၅၁၅၄၀၆၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

ရမည်းသင်းမြို့နယ်တရားရုံးတော်၌

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်–၉

ဦးသိန်းဝင်း နှင့် မတင်တင်ခိုင်

တရားလို တရားပြိုင်

ရမည်းသင်းမြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ မကျီးကုန်း(မြောက်ရွာ) နေ တရားပြိုင် မတင်တင်ခိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးသိန်းဝင်းက ချေးငွေ ၄၇၀၀၀၀၀ိ/–(ကျပ်လေးဆယ့်ခုနစ်သိန်း) အနက်ပေးဆပ်ရန် ကျန်ငွေ၃၃၃၀၀၀၀ိ/–(ကျပ်သုံးဆယ့်သုံးသိန်းသုံးသောင်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်–၂၈၄

ဦးသန့်ဇင်ထွန်း နှင့် ၁။ ဒေါ်ခင်မာရီ
၂။ ဒေါ်အေးစန္ဒာထွေး
၃။ ဒေါ်ဥမ္မာထွေး
၄။ ကိုကျော်ဖုန်းမိုး

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၂၃၈/က၊ ဒုတိယထပ်နေ(၂)တရားပြိုင်ဒေါ်အေးစန္ဒာထွေးနှင့် (၄)တရားပြိုင်ကိုကျော်ဖုန်းမိုး(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ(၉)အရ ကျူးကျော်သူများအား ဖယ်ရှား၍ တိုက်ခန်းလက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၆၂၀၂)၊ ဧရိယာ( ) ဧကရှိ ဒေါ်ခင်မေဦး (ဘ)ဦးထွန်းကျန် ၁၂/မရက(နိုင်)၁၂၁၄၀၃ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ချောစုရတနာ (ဘ)ဦးထွန်းကျန် ၁၃/လရန(နိုင်)၀၀၀၂၁၁ မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက် အမှတ်(၁၄) အထက်တန်းကျောင်းတွင် နဝမတန်းတက်ရောက်နေသော မသန်းသန်းနွယ်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဆွေ ဖြစ်ပါကြောင်း။

**ဦးကျော်ဆွေ**

## အမည်မှန်

ဦးမောင်ဝင်း၏သမီးရမည်းသင်းမြို့၊ နဘူးကျင်းအုပ်စု၊ ကံကြီးကျေးရွာ၊ အထက တွဲဖက် နဝမတန်း(B) မှ မပြုံးပြုံး၏ အမည်မှန်မှာ ပုံစံ ၆၆ အရ မအိစန္ဒာ ဖြစ်ပါကြောင်း။

**မအိစန္ဒာ**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထကနှောကန် နဝမတန်း(B) မှ မသန်းသန်းချစ်နှင့် အလက(ခွဲ) ပျော်ဘွယ် သတ္တမတန်းမှ မောင်မင်းမင်းချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၉/မလန(နိုင်)၁၃၀၇၁၇ ဖြစ်ပါကြောင်း။

**ဦးအောင်လွင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

အင်းစိန်မြို့နယ်တရားရုံးတော်၌

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်–၉

မောင်ဥက္ကာမျိုး နှင့် မစုမြတ်မွန်

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် ၉၂၈နေ တရားပြိုင် မစုမြတ်မွန် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးလိုမှု လျှောက်ထားစွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကစွပ်စွဲသည့်ရက်တွင်သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေဆုမွန်ကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက နှောကန် နဝမတန်း(B)တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း ၉/မလန(နိုင်)၁၂၇၇၇၀ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

## မြေရောင်းရန်

ဒဂုံမြို့သစ်၊ ပိုင်ဆိုင်မှုကောင်း၊ ပေ(၄၀×၆၀)၊ ၃၇ သိန်း၊ ပွဲစားလုံးဝမလိုပါ။

**ဖုန်း–၀၉–၄၅၈၆၅၀၅၈၇**

## ရောင်းမည် ညှိနှိုင်း

၁။ လက်ရှိလည်ပတ်ဝင်ငွေရှိနေသော အဆင့်မြင့်ဧည့်ရိပ်သာ (မော်လမြိုင်မြို့)အချက်အချာကျသောနေရာ၊ ဘိုးဘွားပိုင်မြေ၊ အရှုပ်အရှင်းကင်း

၂။ ကျိုက္ကဆံလမ်း၊ တာမွေ (ရန်ကုန်)ခုနစ်လွှာ၊ ပြင်ဆင်ပြီး၊ အသင့်နေနိုင်

**ဖုန်း–၀၉–၇၈၅၄၀၅၁၆၅၊ ၀၉–၇၈၇၁၅၃၈၇၄**

PRECIOUS
GEMS & JEWELLERY
9th Anniversary Sales
February (18 , 19)
နှစ်ရက်တည်းသာ
Colour D,E,F Clarity IF, VVS1 ရှိသော စိန်များကိုသာ အသုံးပြု၍ Thai ပန်းထိမ်ပညာရှင်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများအား စိန်ချိန်၊ စိန်အရည်အသွေး၊ ရွှေချိန်၊ ရွှေအရည်အသွေးများကို အာမခံဖြင့် ရောင်းချပေးနေပါသည်။
Promotion ရက်အတွင်း အထူးဈေးနှုန်း(Discount)များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။
အမှတ်(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းလမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၆၆၄၅၊ ၀၉-၇၃၀၁၃၀၆၀

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**ချာချီးယား ခဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)

## အခါးရည်ပိုင်းဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲအတိုင်း ၂၀၁၇-ခုနှစ် "ပြည်ထောင်စုနေ့" အခါးရည်ပိုင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများနှင့် မိသားစုဝင်များ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရိုးရာအစားအစာ ကောက်ညှင်းပေါင်း၊ တို့ဟူးကြော်၊ အကြော်စုံ၊ အခါးရည်၊ ယာကုန်များဖြင့် ဧည့်ခံပါမည်

အစီအစဉ်
- နေ့ရက် - ၁၂-၂-၂၀၁၇ (ပြည်ထောင်စုနေ့)
- အချိန် - နံနက်(၉)နာရီ
- နေရာ - ဓနုတိုင်းရင်းသားခန်းမရုံ

အမှုဆောင်အဖွဲ့
www.facebook.com/DanuFamily Yangon

ဦးမောင်မောင်တင်(ဘ)ဦးတင်မောင် ၅/စကန(နိုင်)၀၃၁၄၈၂ နှင့်

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ မင်းစံရပ်နေ ဒေါ်ကြူကြူဆွေ(ဘ)ဦးညွှန့်ဆောင် ၅/စကန(နိုင်)၀၁၅၁၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်တားမြစ်ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူဆွေနှင့် ဦးမောင်မောင်တင်တို့သည် လွန်ခဲ့သည့် (၁၅)နှစ်ခန့်က ပေါင်းသင်း ခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပြီးဖြစ်ပါသည်။ ၂၉-၉-၂၀၁၆ ရက်က ကွာရှင်းခဲ့ပြီး ၂၈-၁၀-၂၀၁၆ ရက်တွင် နှစ်ဦးပိုင်အိမ်တွင် နှစ်ဦးသဘောတူ ပြန်လည်ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။ ၇-၁၁-၂၀၁၆ ရက်တွင် ဦးမောင်မောင်တင်သည် ငွေကျပ်သိန်း ၇၀နှင့် ကားယူပြီး ၁၂ ရက်ခန့် ထွက်သွားခဲ့ပါသည်။ ကားနှင့်လူပြန်လာပြီး ပြန်လာသည့်ရက်မှစ၍ ယနေ့အချိန်ထိ ဒေါ်ကြူကြူဆွေအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါသည်။ ထို့ကြောင့် နှစ်ဦးပိုင်ပစ္စည်းများဖြစ်သော-

၁။ Kluger ကလူဂျာ 9I/9813 တစ်စီး

၂။ ၃၉ယ/၈၀၅၂၉ (၁၂၅)ဆိုင်ကယ်တစ်စီး၊ ၁ယ/၃၃၄၁၇ စူပါကတ်တစ်စီး

၃။ စစ်ကိုင်းမြို့၊ မိုးဇာမှန်ကျောင်း ဆိုင်ခန်းအမှတ် ၂၃/၂၄ တက်နေရောင် ဓာတ်မြေသြဇာ စိုက်ပျိုးရေးဆေးဆိုင် ဆိုင်ခန်းနှင့်ဆိုင်ခန်းပေါ်ရှိ ရောင်းချနေသော ပစ္စည်းစုစုပေါင်း ခန့်မှန်းတန်ဖိုး သိန်း ၅၀၀ ခန့်

၄။ စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ မင်းစံရပ်ရှိ ကွင်းအမှတ် ၁၁/က၊ ဦးပိုင်အမှတ် ၅/၁၉၉၅၊ ဧရိယာ ၀ဒသမ၇၃၀ဧကရှိ ဦးကြည်အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ သုံးခန်းပတ်လည်အာစီ(၂)ထပ်တိုက် အဆောက်အအုံ၊ ကားဂိုဒေါင်

၅။ ရေခဲသေတ္တာ၊ တီဗွီ၊ အောက်စက်၊ စောင်းဘောက်၊ ဆက်တီ (၁)စုံနှင့် ပရိဘောဂအစုံတို့ ဖြစ်ပါသည်။ နှစ်ဦးပိုင်ပစ္စည်းများအား ဇနီးဖြစ်သူ ဒေါ်ကြူကြူဆွေ၏ ခွင့်ပြုချက်မရဘဲ အခြားသို့ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ နှစ်ဦးပိုင်ပစ္စည်းများအား ဒေါ်ကြူကြူဆွေမသိရှိဘဲ လွှဲပြောင်းပါက လွှဲပြောင်းသူနှင့် လက်ခံသူပါ တည်ဆဲတရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ဦးမောင်မောင်တင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူဆွေအား ဂုဏ်သိက္ခာကျဆင်းအောင် ထိခိုက်ပြောဆိုခြင်း မမှန်မကန်စွပ်စွဲပြောဆိုခြင်းများ ပြုလုပ်ပြောဆိုဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လမင်းထွန်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၅၂၉၇)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံး၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၈၀**

| | | |
|---|---|---|
| ဒေါ်နန်းအေးလှ | နှင့် | ၁။ ဒေါ်ခင်ဝင်း(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကိုကိုလေး) |
| | | ၂။ ဒေါ်လှလှရီ |
| | | ၃။ ဒေါ်နန်းစမ်းစမ်းဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၆၄ လမ်း၊ ၃၇×၃၈ လမ်းကြားနေ၊ အမှတ် (၁)တရားပြိုင် ဒေါ်ခင်ဝင်း(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကိုကိုလေး)နှင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၀×၅၁လမ်းကြား၊ အောင်ပင်လယ်ဘောလုံးကွင်းတောင်ဘက်၊ အောင်ပင်လယ်ရပ်နေ တရားပြိုင်အမှတ်(၂) ဒေါ်လှလှရီနှင့် တရားပြိုင် အမှတ် (၃)ဒေါ်နန်းစမ်းစမ်းဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးတိုင်းတရားရုံး၏ ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ် ၃၉၇တရားလို ဒေါ်ခင်ဝင်း(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကိုကိုလေး) နှင့် တရားပြိုင်(၁) ဒေါ်လှလှရီ၊ (၂)ဒေါ်နန်းစမ်းစမ်းဝင်း သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၉အရ ကျူးကျော်ဝင်ရောက်နေထိုင်သူများကို ဖယ်ရှားနှင်ထုတ်ပြီး လက်ရောက်ရလိုမှု၏ အမိန့်စီရင်ချက်နှင့် ဒီကရီနှင့်အဆိုပါ အမိန့်စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၇၀ လျှောက်ထားသူ ဒေါ်ခင်ဝင်းနှင့် လျှောက်ထားခံရသူများ ဒေါ်လှလှရီပါ-၂ တရားမပြင်ဆင်မှုတွင် ချမှတ်ခဲ့သည့် အမိန့်စီရင်ချက်နှင့်ဒီကရီများသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၁၄ရက် (၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ချိုချိုဝင်း ၁၀/ရမန(နိုင်)၁၈၇၂၂၄ ၏ Passport (No.မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၆၆၁၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Shwe Khine Soe Co,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/6906 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/1617 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6946 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၅၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၅၀**

| | | |
|---|---|---|
| ဦးရန်ပိုင်သိန်း | နှင့် | ဒေါ်စန်းမူ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်း၊ ၅၆×၅၇ လမ်းကြား င-၆နေ ဒေါ်စန်းမူ(ဘ)ဦးကုလား(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၅၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးရန်ပိုင်သိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ဝင်းတော်ဝင် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးမျိုးမြင့်သန်းနှင့် ဦးစိုးသိန်းတို့ကို ထုတ်ပယ်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ၃-၄-၂၀၁၅ရက်တွင် ဝင်းတော်ဝင်ကုမ္ပဏီလီမိတက်ကို ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၅၇/၂၀၁၅-၂၀၁၆(ရက) ဖြင့် မှတ်ပုံတင်ခဲ့ပါသည်။

၂။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် စွယ်တော်(၁)လမ်း၊ အမှတ် ၁၄၂၅၌ ဝင်းတော်ဝင်ကုမ္ပဏီလီမိတက်ကို တည်ထောင်ထားပြီး အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းသိန်း ၅/တဆန(နိုင်)၀၈၁၂၅၉၊ ဒါရိုက်တာ(၁)ဦးမျိုးမြင့်သန်း ၁၄/မမန(နိုင်)၂၀၂၅၇၁၊ (၂)ဦးစိုးသိန်း ၁၂/လမန(နိုင်)၀၁၉၃၈၈တို့က ဆောင်ရွက်ခဲ့ပါသည်။

၃။ ၂၀၁၅ခုနှစ် အောက်တိုဘာလမှစ၍ ဝင်းတော်ဝင်ကုမ္ပဏီလီမိတက်ဒါရိုက်တာများ (၁)ဦးမျိုးမြင့်သန်း၊ (၂)ဦးစိုးသိန်းတို့သည် ကိုယ်ပိုင်လုပ်ငန်းများကို သီးသန့်ခွဲခြားလုပ်ကိုင်နေသောကြောင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းသိန်းက ၇-၂-၂၀၁၇မှစ၍ ဒါရိုက်တာ ဦးမျိုးမြင့်သန်းနှင့် ဦးစိုးသိန်းတို့ကို ဝင်းတော်ဝင်ကုမ္ပဏီမှထုတ်ပယ်လိုက်ကြောင်း ဦးမျိုးမြင့်သန်းနှင့် ဦးစိုးသိန်းတို့ဆောင်ရွက်လုပ်ကိုင်မှုများသည် ဝင်းတော်ဝင်ကုမ္ပဏီနှင့် သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဦးဝင်းသိန်း** | **ဒေါ်ချယ်ရီမောင် LL.B** | **ဒေါ်လှလှဝင်း LL.B** |
| **ဖုန်း-၀၉-၈၆၂၃၃၈၀၊** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **၀၉-၅၁၆၄၈၂၁၊** | **(စဉ်-၄၂၉၄၈)** | **(စဉ်-၁၀၃၀၄/၂၇-၁-၂၀၁၅)** |
| **၀၉-၅၀၅၆၃၂၈** | **အမှတ်(၆)ရပ်ကွက်၊** | |
| | **လယ်ဝေးမြို့** | **လယ်ဝေးမြို့** |
| | **ဖုန်း-၀၉-၃၁၂၄၆၁၄၃** | **ဖုန်း-၀၉-၄၃၀၁၉၂၇၅** |

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/5864 Nissan NaVaRa D 40 P/U(4x4)R (Open Cab) ယာဉ်လက်ဝယ်ရှိသူ Golden Light Construction Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၇၂၊ မြေဧရိယာ ၀ဒသမ၀၁၅ ဧကကို ဦးဘခိုင် ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်ကို အဆင့်ဆင့်ရောင်းချခဲ့ရာ ဦးစချစ်သန်းမှ ဝယ်ယူခဲ့ပြီး၂၃-၁၁-၂၀၁၆ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဦးဘခိုင်အမည်မှ ဦးစချစ်သန်း ၁၄/ကပန(နိုင်)၀၁၇၈၄၁အမည်သို့ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရှိ မြေကွက်အမှတ်(ပ-၅၂၆)၊ ဧရိယာ ၀ဒသမ၀၈၂ဧက ဦးထွန်းဝင်း ၉/ပမန(နိုင်)၀၉၅၂၇၉ (ဘ)ဦးကျင်ခွေးအမည်ပေါက် ပါမစ်မြေကွက်ကို ဦးအိုက်ပီချင် ၁၃/လရန(နိုင်)၁၆၅၅၇၀၊ (ဘ)ဦးစိုင်းတင်စိန်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး ၄င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A(30)intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် (ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း(CEO, Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း(CMO, Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS,Grade-12)တို့၏ ချစ်လှစွာသောဖခင်သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၀၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)**

**ကြည်း-၂၁၃၆၄၊ D.S.A(30)intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း(CEO, Asian Fame Media Group)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း(CMO, Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS, Grade-12)တို့၏ချစ်လှစွာသောဖခင်၊ ဦးကျော်ကျော်စိန်-ဒေါ်နန်းရတနာဝင်း၊ ဦးအောင်မိုးကျော်-ဒေါ်နန်းရွှေဝါဝင်းတို့၏အစ်ကို ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တာယာစက်ရုံမိသားစု**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးသီဟအောင် CDC 81664 စာအုပ် ခရီးသွားရင်း ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၁၇၀၅၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ခင်ဦးမြို့နယ်၊ မြစ်တော်ကျေးရွာနေ မောင်သက်ခိုင်ဝင်း၏ ဖခင် ဦးဗိုလ်မာနှင့် ဦးမာ ၅/ခဥန (နိုင်)၀၄၀၆၄၆သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးဗိုလ်မာ(ခ)ဦးမာ**

### အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းကျေးရွာနေ ပထဝီမေဂျာဖြင့် နောက်ဆုံးနှစ်အောင်မြင်ပြီးသူ မောင်ဝေယံထွန်း၏ အမည်မှန်မှာ မောင်ထက်ဝေယံထွန်း ဖြစ်ပါသည်။

**မောင်ထက်ဝေယံထွန်း**

## ဦးတင်ထွန်း ၆/ဘပန(နိုင်)၀၂၀၇၄၃ နှင့် အများသိစေရန်ကြေညာချက်

ဦးတင်ထွန်း ၆/ဘပန(နိုင်)၀၂၀၇၄၃၊ ဒေါ်ဟာလီယာ ၆/ဘပန(နိုင်)၀၀၂၅၆၉တို့တွင် သားသမီးများအဖြစ် ဦးအေးထွန်း၊ ဦးတင်မောင်ထွန်း၊ ဒေါ်တင်တင်သွယ်၊ ဦးသောင်းထွန်း၊ ဦးကျော်ကျော်ထွန်းတို့ ငါးဦးထွန်းကားပြီး မိဘများနှင့် သားသမီးများအားလုံးမှာ စွန္နီအစ္စလာမ်ဘာသာဝင်များဖြစ်ကြပါသည်။ မိခင်ကွယ်လွန်ပြီးနောက် ဖခင်ဖြစ်သူ ဦးတင်ထွန်းက ပြုလုပ်ချုပ်ဆိုခဲ့သော အမွေခွဲဝေပေးသည့်စာချုပ်များမှာ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော အရပ်စာချုပ်များဖြစ်၍ တရားမဝင်ပါ။ ထို့ပြင် ဖခင်ဦးတင်ထွန်းသည် ဘုတ်ပြင်းမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးတင့်လွင် (တ/၂၆၇၇) ရှေ့မှောက်တွင် ၁၉-၃-၂၀၁၂ ရက်စွဲဖြင့် ပြုလုပ်သော-

(၁) ဘုတ်ပြင်းမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့၊ မင်္ဂလာဈေး ကမ္ဘောဇဘဏ်တို့တွင် ပူးတွဲဖွင့်ထားသော ဘဏ်စုဆောင်းငွေများအား ကွယ်လွန်သောအချိန် မြေး (၁၁)ဦးအား ခွဲဝေပေးရန် ကတိသစ္စာပြုလွှာ။

(၂) ဦးကျော်ကျော်ထွန်း မိန်းမယူလျှင် ရွှေ (၅)ကျပ်သားပေးရန် (သို့မဟုတ်) သားသမီး (၅)ဦးခွဲဝေယူရန် ကတိသစ္စာပြုလွှာ။

(၃) ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အိမ်အမှတ် (၂၅)နှင့် ၄က်သိုက်အမွေအဖြစ် လွှဲပြောင်းပေးသည့် ကတိသစ္စာပြုလွှာ။

(၄) ဟာဂျီဦးအေးထွန်းနှင့် ဒေါ်တင်တင်သွယ်တို့အား အမွေဝေစုလွှဲပြောင်းပေးသည့်ကတိသစ္စာပြုလွှာ။

(၅) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေမြယာအိမ်ရာ၊ တိုက် (၇/ဘီ)အခန်းအား သားသမီး (၄)ဦးအား အမွေလွှဲပြောင်းပေးသည့် ကတိသစ္စာပြုလွှာ။

(၆) ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အိမ်အမှတ်(၃၃)၊ အိမ်အမှတ်(၃၅)တို့အား အမွေလွှဲပြောင်းသည့် ကတိသစ္စာပြုလွှာ။

(၇) ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ် (၃၇)အား ဟာဂျီဦးအေးထွန်း၊ ဒေါ်တင်တင်သွယ်တို့အား ခံစားခွင့်ပြုရန် ကတိသစ္စာပြုလွှာ။

(၈) သားကြီး ဦးအေးထွန်းအား တာဝန်လွှဲအပ်ခြင်းကို ရုပ်သိမ်း၍ အမွေခွဲဝေခြင်းအား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း ကတိသစ္စာပြုလွှာ။

(၉) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၆)လမ်း၊ အမှတ် (၂၇၇)၊ ငါးထပ်တိုက်နှင့် အိမ်ရာမြေကို ဦးတင်မောင်ထွန်းအား အမွေအဖြစ်သတ်မှတ်ပေးသည့် ကတိသစ္စာပြုလွှာတို့မှာ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေတို့အရ တရားမဝင်ပါ။

ထို့ပြင် ကတိသစ္စာပြုလွှာများမှာ သက်သေခံဥပဒေအရ သက်သေခံဝင်သော စာရွက်စာတမ်းများလည်း မဟုတ်ပါ။ အစ္စလာမ်ဘာသာတွင် အမွေရှင်ကွယ်လွန်ချိန်တွင်သာ ကျန်ရစ်သောပစ္စည်းများကိုသာ အမွေစားအမွေခံများက ခွဲဝေခံစားခွင့်ရှိသော်လည်း ဖခင်ဦးတင်ထွန်းက မကွယ်လွန်မီ အစ္စလာမ်တရားတော်နှင့်မညီဘဲ မိမိသဘောဖြင့် ကြိုတင်ခွဲဝေမှုမှာလည်း အစ္စလာမ်တရားတော်နှင့် ဆန့်ကျင်လျက်ရှိပါသည်။ အထူးသဖြင့် သားဖြစ်သူ ဦးသောင်းထွန်းအား မေတ္တာဖြင့်အပိုင်ပေးကမ်းသော အမှတ် (၃၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဘုတ်ပြင်းမြို့အိမ်၊ မြေနှင့်၄က်သိုက်လုပ်ငန်းမှ ထွက်ရှိသောအကျိုးအမြတ်ကို ၂၀၁၁ ခုနှစ်မှစ၍ ရှစ်နှစ်အထိ သားသမီးသုံးဦးနှင့်ဖခင်တို့ အကျိုးခံစားရန် အားလုံးသဘောတူထားသည်ကို ဖခင်က တိတ်တဆိတ် အချိန်မတိုင်မီ မေတ္တာဖြင့်ပေးကမ်းစာချုပ်ပြုလုပ်ပေးခြင်း၊ ထိုသို့ပေးရာတွင် ဦးကျော်ကျော်ထွန်း လက်ရှိနေထိုင်သည့် အိမ်အစိတ်အပိုင်းပါဝင်နေသော်လည်း မြေဧရိယာအကျယ်အဝန်းအားလုံး လွှဲပြောင်းပေးသည်ဟု ချုပ်ဆိုသောစာချုပ်ကို ၂၀၁၆ ခုနှစ်တွင်မှသာ ကိုကျော်ကျော်ထွန်းက သိရှိလာရခြင်းဖြစ်ရာ အပိုင်ပေးကမ်းခြင်းမှာလည်း အငြင်းပွားဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် အစ္စလာမ်တရားတော်နှင့်လည်းကောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ၊ သက်သေခံဥပဒေတို့နှင့်လည်းကောင်း ဆန့်ကျင်၍ ဖခင်၏အမွေစီမံဆောင်ရွက်မှုများမှာ တရားမဝင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ကျော်ထွန်း** | **ဦးချစ်လွင် B.Com (A.A), D.E.P, R.L** |
| **၆/ဘပန(နိုင်)၀၀၀၀၃၇** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၅၉)** |
| **ဖုန်း-၀၉-၅၆၄၁၅၈၁** | **အမှတ် - ၁၉၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄** |

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A (30) intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက် (၅၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်း၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် (ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း (CEO, Asian Fame Media Group)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း (CMO,Asian Fame Media Group)၊ မောင်မျိုးသီဟသော် (YIS,Grade-12) တို့၏ချစ်လှစွာသော ဖခင်၊ ဦးအောင်ကျော်ဘို-မမိုးမိုးကျော်၊ ဦး နေမျိုးကျော်-ဒေါ်လှဲ့လှဲ့ခိုင်တို့၏ ညီ/မောင်၊ ဗိုလ်မှူးကြီးနိုင်မင်းကျော်- ဗိုလ်မှူးကြီးဒေါက်တာအေးမင်းဦး၊ ဦးဇော်ထွန်းလွင်-ဒေါ်ဝင်းပပကျော်တို့၏ အစ်ကိုသည် ၉-၂-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)

**ကြည်း-၂၁၃၆၄၊ D.S.A(30)intake**

**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီနက်လမ်း၊ အမှတ် ၈၂/၈၃နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ဒုတိယသား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း (CEO,Asian Fame Media Group) ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း (CMO,Asian Fame Media Group)၊ မောင်မျိုးသီဟသော်(YIS, Grade-12) တို့၏ချစ်လှစွာသောဖခင်၊ ဦးကျော်ကျော်စိန်-ဒေါ်နန်းရတနာဝင်း၊ ဦးအောင်မိုးကျော်-ဒေါ်နန်းရွှေဝါဝင်းတို့၏အစ်ကို၊ မမိုးသက်ထား၊ မောင်စည်သူကျော်ဝင်းတို့၏ဘကြီးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမင်းဦး**

**ကြို့ပင်ကောက် (ရွှေသမင်ဆေးတိုက်)**

**ကြို့ပင်ကောက်မြို့နယ်အသင်း နာယက**

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၉၊ ၇မိုင်၊ ပြည်လမ်းနေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်းသည် ၇-၂-၂၀၁၇ရက် နံနက် ၂း၃၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့**

### ပျောက်ဆုံးကြောင်း

ဦးနောလ်ကျုံး(ဘ) ဦးသေးအိမောင် ၅/ခပန(နိုင်)၀၁၃၀၉၈၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၁၇၄၆၉၃**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အောင်ဇေယျာ အထက(ခွဲ)နဝမတန်း(C)မှ မတင်ဇာမြင့်၊ အလက(လေတပ်) သတ္တမတန်းမှ မစုစုထွေး၊ ပဥ္စမတန်းမှ မသီတာထွေးတို့၏ဖခင်အမည်မှန်မှာ ဦးဘုန်းမြင့် ၁၂/ခရန(နိုင်)၀၀၁၇၀၃ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဟ/၁၀၁၅ Xin Li Fu သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၅/မရန(နိုင်)၂၆၅၇၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ဃ/၇၀၅၇၉ Honda Wave NF 110 TM ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူမြင့် ၁၃/တခလ(နိုင်)၀၆၄၃၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၂၈၀၂ Chin Dwin Group, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုမို့ခိုင် ၅/ကနန(နိုင်)၀၃၀၄၃၃ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

### အမည်မှန်

ဦးကျော်နိုင်ဦး၏သမီး တာချီလိတ်မြို့၊ ဆန်ဆိုင်း(အထက) ပဥ္စမတန်း (D) မှ မဟေသူအောင်၏အမည်မှန်မှာ မဟံအိဇင် ဖြစ်ပါကြောင်း။

**မဟံအိဇင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၇၆၇၉ Chin Dwin Group P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန်း ၅/မရန(နိုင်)၀၃၂၅၃၁ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/2355 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ သံပုရာကျင်းကျေးရွာနေ မောင်မဲ (ဘ)ဦးရွှေပြည့် ၅/အရတ(နိုင်)၁၂၃၁၅၈ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၄၄၄၀၅၁၅၆၅**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2115 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တစန္ဒမဟာထေရ် (ကွမ်ဖော်ကျောင်း)**

**ကျေးရွာသံဃမဟာနာယက ဥက္ကဋ္ဌ**

**ပိုင်ကျုံမြို့နယ်ခွဲ၊ ကရင်ပြည်နယ်**

**သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၃)ဝါ**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကွမ်ဖော်ရွာ၌ သီတင်းသုံးနေထိုင်တော်မူသော ကွမ်ဖော်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒမဟာထေရ်သည် (၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၀၂နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်) ၁၆-၂-၂၀၁၇ရက်တွင် စံကျောင်းတော်ချဂူသွင်းမည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်၊ သံဃာတော်များအား၊ တပည့်ဒါယကာ၊ ဒါယိကာများ အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးရန်အောင်(ခ)ဦးနီတွတ် (ကျုံပျော်မြို့)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟို လမ်း၊ အမှတ်၅၇၊ သဇင်ဂေဟာ၊ တိုက် A၁-၂နေ (ဦးတင့်စိန်-ဒေါ်အေးညွန့်)တို့ ၏သား၊ (ဦးလှစိန်-ဒေါ်လှရှင်)တို့၏ သားသမက်၊(ဦးကျင်တင်)-ဒေါ်ကျင်ရီ၊ (ဦးမြညွန့်)-ဒေါ်အေးသီတာ၊ ဦးဖေဝင်း-ဒေါ်သန်းသန်းတို့၏ညီမောင်၊ (ဦးထွန်းတင်-ဒေါ်အေးမေ)၊ ဦးကြီးမောင်-ဒေါ်သန်းတင့်တို့၏အစ်ကို၊ ဒေါ်မာလာရီ၏ခင်ပွန်း၊ ကိုကျော်မျိုးလွင်၊ ကိုနေမျိုးလွင်၊ မမြတ်စုဝင်းလွင်တို့၏ဖခင်၊ မမွန်းမွန်း၏အဘိုးသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမင်းဦး**

**ရွှေသမင်ဆေးတိုက်၊ ကြို့ပင်ကောက်မြို့**

**အသက် (၆၃)နှစ်**

(YPGG) ဂေါက်သီးရိုက်အသင်း၏ အသင်းသား ကိုစိုးငြိမ်းလွင်-မအိမ်စည်မောင်တို့၏ဖခင် ဦးစိုးမင်းဦးသည် ၇-၂-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၂း၃၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(YPGG)**

**ဂေါက်သီးရိုက်အသင်း**

## ကချင်ပြည်နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်သမဝါယမဦးစီးဌာနရုံးနှင့် မြို့နယ်သမဝါယမဦးစီးဌာနရုံးများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး၊ လစာနှုန်း(၁၅၀၀၀၀-၂၀၀၀-၁၆၅၀၀၀) ရာထူး (၂၁)နေရာခန့်အပ်ရန်အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ (၂၀-၂-၂၀၁၇)ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရပါမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ၃၁-၁-၂၀၁၇ရက်တွင် အသက်(၂၀)နှစ်ထက် မကျော်စေရ၊ ဌာနတွင်း ဖြေဆိုသူများအား (၃၅)နှစ်ထက်မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။

(င) ကချင်ပြည်နယ်အတွင်း မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။

၂။ သတ်မှတ်ရက်ထက်နောက်ကျ၍ လျှောက်ထားသူများ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်သမဝါယမဦးစီးဌာန၊ ဖုန်း-၀၇၄-၂၂၃၇၁သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

**သစ်မာသစ်လုံး အထူးအိတ်ဖွင့်တင်ဒါ**

**ကြော်ငြာအမှတ်၊ ၀၁/၂၀၁၆-၂၀၁၇**

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ တင်ဒါစိစစ်ရောင်းချရေးကော်မတီမှ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးဒေသရှိ သတ-ဖ သစ်မာသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အထူးအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီ

(ခ) **ရောင်းချမည့်သစ်(သစ်လုံး) အမျိုးအစားနှင့်တန်ပမာဏ** - သတ-ဖ အုပ်စု(၂) ထင်းရှူး ၅၉၈၃ ဒသမ ၅၈၆တန် စကားဝါ ၁၀၁၂ဒသမ၇၃၀တန်
- သတ-ဖအုပ်စု(၅) တောင်ချယ်ရီ ၄၇ဒသမ ၅၆၈တန်

(ဂ) **ရောင်းချမည့်နေရာ** - အစည်းအဝေးခန်းမ(၃)၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၂။ အသေးစိတ်အချက်အလက်များအား ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် အောက်ဖော်ပြပါဖုန်းပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
၀၇၄-၂၉၅၁၆၊ ၀၇၄-၂၂၃၃၁၊ ၀၇၄-၂၂၁၃၃၊ ၀၇၄-၂၂၅၂

**တင်ဒါစိစစ်ရောင်းချရေးကော်မတီ**

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

ဘုရား၊ ရဟန်း ဒါယိကာမကြီး
**ဒေါ်ကြင်မြိုင်**
အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ နှင်းဆီလမ်း၊ အမှတ် ၁၁၉နေ (ဦးကောက်-ဒေါ်အေးခင်)တို့၏သမီး၊ ဦးတင်ညွန့်၏ဇနီး၊ သမိုင်း(၄)လမ်းနေ(ဦးစိန်လှိုင်)-ဒေါ်နွဲ့ရီတို့၏အစ်မ၊ တောင်ငူမြို့နေ ဦးထွန်းအောင်၊ ဒေါ်ခင်စိန်၊ ဒဂုံမြို့နေ ဦးထွန်းတင်-(ဒေါ်မြသောင်း)၊ ဒေါ်လှရီ၊ ဒေါ်ကျင်လှိုင်တို့၏အစ်မ၊ ဒေါ်သန်းသန်းမူ(မ/၁၃၊ မရမ်းကုန်း၊ ငြိမ်း)၊ ဦးတင်ထွဋ်(ကျောက်မျက်)-ဒေါ်သီတာ၊ ဒေါ်ရီရီတင်(သစ်တော၊ ငြိမ်း)၊ ဦးအောင်ထွဋ်(ရန်ကုန်တိုင်း၊ ကြို့ကုန်း၊ သစ်တော)-ဒေါ်နွယ်နွယ်ဦး၊ ဦးသိန်းထွဋ်(ပန်းလှိုင်ဂေါက်ကွင်း-U.O ဌာန)တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးသောင်းဇင် (ဘီးလင်းမြို့၊ ကော့ကဒွတ်ကျေးရွာ)**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး
(ပြန်ကြားရေးဝန်ကြီးဌာန၊ ငြိမ်း၊ ၁၆/၃ ကံ့ကော် သ/မ ဥက္ကဋ္ဌ)
အသက်(၇၇)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ကျေးရွာနေ (ဦးဘိုးရောက်-ဒေါ်အုန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကံ့ကော်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ အမှတ် ၃၄၇နေ ဒေါ်ခင်မြရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်ဦး-ဒေါ်နုနုအေး၊ ဦးသက်ဇင်-ဒေါ်ဌေးဌေးလွင်၊ ဦးထွန်းထွန်းဇင်-ဒေါ်စန်းစန်းဝင်း၊ ဦးညီညီဇင်-ဒေါ်ဥမ္မာ၊ ဦးမင်းသူဇင်-ဒေါ်ဝါဝါမြင့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၁၁း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)**
ဌာနမှူး၊ တိ-ကုဌာနနှင့် ကျန်းမာရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ သား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) - ဒေါ်ခင်ချိုဦးတို့၏ သားသမက်၊ ဒေါ်နန်းကလျာဝင်း၏ခင်ပွန်း ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)-ဇနီး ဒေါ်ခင်သန့်စင်နှင့်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်ဝင်းသန်း**
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
အသက်(၅၃)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်လောင်းမြတ်မွန်ဝင်းစိမ်း၊ ရေကြောင်းရဲတပ်ဖွဲ့မှ ရဲတပ်သား သူရဝင်းစိမ်းတို့၏ဖခင် ရဲအုပ်ဝင်းသန်းသည် ၁၀-၂-၂၀၁၇ရက် နံနက် ၈း၀၅နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဌာနကြီးမှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်တပ်ဖွဲ့ဝင်များ
နိုင်ငံ ဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

ရဟန်းဒါယိကာမကြီး
**ဒေါ်ဝင်းနိုင်** အသက်(၆၁)နှစ်
သားဖွားဆရာမ(ငြိမ်း)၊ ဖျာပုံမြို့

ဖျာပုံမြို့နယ်နေ (ဦးကုလား-ဒေါ်နု)တို့၏သမီး၊ ခရမ်းမြို့နယ်၊ ရိုးကြီးခင်တန်းကျေးရွာနေ (ဦးစံထွန်း)-ဒေါ်မြသိမ်းတို့၏သမီးချွေးမ၊ ဆရာလေး ဒေါ်သုတ(ဒေါ်သန်းသန်းဝင်း)၊ (ဒေါ်လှဲ့လှဲ့ဝင်း)၊ ဒေါ်အေးမိတို့၏ညီမ၊ ဦးအေးသန်း-ဒေါ်ချယ်ရီ၊ ဒေါ်မာလာ၊ ဒေါ်ခင်ညွန့်ဝေတို့၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၂၊ ပထမထပ်နေ ဦးမြင့်အောင်(ပုဇွန်တောင်တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောဇနီးသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၅း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
**ဒေါ်တင်ဝင်း**
(မြိတ်၊ ကော့သောင်း)
အသက်(၇၀)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နေ (ဦးလှဒင်-ဒေါ်အုံးမေ)တို့၏သမီး၊ ကော့သောင်းမြို့နေ(ဦးကြည်စိန်)၏ဇနီး၊ ကိုစိုးအောင်-မစန်းစန်းတင့်၊ ကိုထွန်းထွန်း-မကြူကြူစိုး၊ ကိုကျော်နိုင်-မမြမြဝင်းတို့၏မိခင်၊ မဇူးဇူးနှင်း၊ မလှဲ့ယမင်းခင်၊ မမေအိမ်နွေး၊ မောင်ကောင်းစွမ်းနိုင်၊ မောင်ကျင်းကျင်း၊ မသန်းသန်းတို့၏အဘွားသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၀ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှအသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**ဦးသိန်းမင်းဇော်**
B.Sc (Geology)
ဒု-လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
ကျောက်မျက်
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၁၀၆၄နေ ဦးခင်မောင်ဝင်း(ငှက်ပျောတိုက်ဖျက်ရေးမှူး၊ ငြိမ်း)-ဒေါ်တင်သန်းတို့၏သား၊[ဦးဘရှုံး၊ ရဲအုပ်၊ငြိမ်း)-ဒေါ်ငွေအောင်]တို့၏သားသမက်၊ ဒေါ်ခင်သက်ထား၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းပိုင်စိုး-မလွင်လွင်အောင်၊ကိုအောင်မင်းဟိန်း၊ မမေသူဟိန်းတို့၏ချစ်လှ စွာသောဖခင်၊ မောင်ဇွန်ဝေယံ(အမက-၁၊ ဗဟန်း)၏အဘိုးသည် ၁၀-၂-၂၀၁၇ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်နွဲ့နွဲ့သက်**
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဩဘာလမ်း၊ အမှတ် ၄၅ (ပထမထပ်-ညာ)နေ (ဦးသက်-ဒေါ်ခင်မြ)တို့၏သမီး၊ (ဦးစိန်မြင့်၊ ညွှန်ချုပ်၊ ငြိမ်း၊ ဘခရ)၏ဇနီး၊ ဒေါ်ချိုချိုမြင့်၊ ဦးသန်းအောင်-ဒေါ်ညိုညိုမြင့်၊ ဒေါ်ခင်ဆွေမြင့်တို့၏မိခင်၊ ကိုလင်းတင်ဝင်းထယ်-မမြသီတာ၊ ဒေါက်တာပွင့်မြတ်အေး(လက်ထောက်ဆရာဝန်၊ စံပြဆေးရုံ)တို့၏အဘွား၊ သမီးလေး၏ဘွားဘွားကြီးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးအောင်မောင်း (သန်လျင်)**
အသက်(၈၅)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အမှတ် ၃၄၊ ရွှေဝါလမ်းနေ (ဒေါ်သိန်းကျင်)၏ခင်ပွန်း၊ ဒေါက်တာနုနုအောင်(အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဇော်ဝင်းထွန်း(မြန်မာ့ရေနံ)-ဒေါ်သန်းသန်းဌေး၊ ဦးဇော်လင်းနိုင်-ဒေါ်သိန်းသိန်းအောင်(မော်ဘီနည်းပညာတက္ကသိုလ်)၊ ဒုရဲမှူးဒေါ်ကြည်ကြည်အောင်(နေပြည်တော်)၊ ဦးထွန်းထွန်းဝင်း-ဒေါ်ထွေးထွေးအောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှသန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဒေါ်ဦးသိန်းမြ (B.Ed) စစ်တွေ**
အထပြ(ငြိမ်း)၊ ထ(၂)စစ်တွေ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ ထ(၄)စစ်တွေ
အသက်(၇၁)နှစ်

စစ်တွေမြို့၊ ၇လမ်း၊ တရားသီးစုရပ်ကွက်နေ (ဦးမောင်သာထွန်း-ဒေါ်နှင်းအေးခိုင်)တို့၏သမီး၊ (ဦးရွှေတိုင်-ဒေါ်ဒေါနဖြူ)တို့၏သမီးချွေးမ၊ ဦးမောင်သိန်းခိုင်(အထပြ၊ ငြိမ်း၊ ထ-၂၊ စစ်တွေ)၊ (စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ချစ်လှစွာသောဇနီး၊ ဒေါ်အေးယုခိုင်-ဦးမျိုးထွန်းအောင်၊ ဦးမျိုးသန့်နိုင်-ဒေါ်ခင်သူဇာစိုးတို့၏ချစ်လှစွာသောမိခင်၊ မမြတ်သီရိထွန်း၊ မဆုမြတ်ကေဇင်၊ မောင်ဉာဏ်ထူးလှိုင်(ခ)သားချစ်တို့၏အဘောင်ရှင်သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် စစ်တွေမြို့၊ တရားသီးစုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင်နေအိမ်မှ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ တပည့်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်ဦးသိန်းမြ (B.Ed) စစ်တွေ**
အထပြ(ငြိမ်း)၊ ထ(၂)စစ်တွေ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ ထ(၄)စစ်တွေ
အသက်(၇၁)နှစ်

စစ်တွေမြို့၊ ၇လမ်း၊ တရားသီးစုရပ်ကွက်နေ (ဦးမောင်သာထွန်း-ဒေါ်နှင်းအေးခိုင်)တို့၏သမီး၊ ဒေါ်ခင်စောရွှေ-(ဦးဦးမောင်)၊ ဒေါ်နှင်းမြစိန်(ခ)ဒေါ်မမူ-ဦးမောင်ညွန့်စိန်၊ ဒေါ်စောမြင့်(ခ)ဒေါ်ဖြူလေး၊ (ဒေါ်ကျော့ကျော့)-ဦးစံအေး၊ ဒေါ်ချိုချို၊ (ဗိုလ်ကြီးဇော်ဝင်း)-ဒေါ်မြသူဇာအောင်၊ ဒေါ်အေးမူ၊ ဦးဇော်နိုင်-ဒေါ်ငြိမ်းငြိမ်းလှိုင်၊ ဒေါ်တိုးတိုးထွန်း-ဦးဇော်ဝင်းနိုင်တို့၏အစ်မ၊ ဦးမောင်သိန်းခိုင်(အထပြ၊ ငြိမ်း၊ ထ-၂၊ စစ်တွေ)၊ (စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ချစ်လှစွာသောဇနီး၊ တူ၊တူမ ၁၃ယောက်တို့၏အကြီးရှင်သည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၇း၃၀နာရီတွင် စစ်တွေမြို့၊ တရားသီးစုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်နေအိမ်မှ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဒေါ်တင်ဝင်း**
(မြိတ်-ကော့သောင်း)
အသက်(၇၀)

မြိတ်မြို့နေ(ဦးလှဒင်-ဒေါ်အုံးမေ)တို့၏သမီး၊ကော့သောင်းမြို့နေ(ဦးကြည်စိန်)၏ဇနီး၊ ကိုစိုးအောင်-မစန်းစန်းတင့်၊ ကိုထွန်းထွန်း-မကြူကြူစိုး၊ ကိုကျော်နိုင်-မမြဝင်းတို့၏မိခင်၊ ဇူးဇူးနှင်း၊ လှဲ့ယမင်းခင်၊ မေအိမ်နွေး၊ မောင်ကောင်းစွမ်းနိုင်၊ မောင်ကျင်းကျင်း၊ မသန်းသန်းတို့၏အဘွားသည် ၁၀-၂-၂၀၁၇ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၀နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးအေးကျော်**
(အိုး/အိမ်၊ ငြိမ်း)
(Suntac Co.,Ltd.)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ TCC ရိပ်သာလမ်းသွယ်၊ အမှတ် ၅၀၁/စီ ၁နေ ဦးညွန့်မောင်-ဒေါ်ကြင်မြတို့၏သား၊ ဦးမြစော-ဒေါ်ကြည်၊ ဒေါ်စုစု(ခ)ဒေါ်ခင်စုတို့၏ ညီ/မောင် ဒေါ်ခင်သိန်းမြင့် (အိုးအိမ်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးချမ်းမြေ့ကျော် (Suntac E & C) - ဒေါ်ဆုမွန်ဦးတို့၏ ဖခင်၊ မောင်အောင်ဘုန်းမြတ်ဦး၏အဘိုးသည် ၁၀-၂-၂၀၁၇ရက် ညနေ ၄း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးသန်းဝင်း**
အသက်(၅၀)

ဟိုပင်မြို့နှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊တာရဲတန်းရပ်၊ လမ်း ၈၀၊ ၃၇×၃၈လမ်းကြား၊ အမှတ် ၆၄၀နေ (ဦးစိန်ဆောင်း-ဒေါ်နှင်းရီ)တို့၏သား၊ ဒေါ်ဇပရယ်ဆိုင်းနွယ်-ဦးရှိုင်းကျော်ဖြိုးပြည့်၊ ဦးမင်းဇင်-ဒေါ်အိအိထွန်း၊မောင်အေးကျော်ဇင်၊ မောင်ကျော်ဇင်ဝင်းတို့၏ဖခင်၊ မမေရီအိကျော်ဇင်၊ မောင်မင်းခန့်ကျော်ဇင်တို့၏အဘိုး၊ ဒေါ်ဖော်နဂျီးတောင်၏ချစ်လှစွာသောခင်ပွန်းသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၈နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လမ်း ၈၀ နေအိမ်မှ အေးရိပ်ငြိမ်ခရစ်ယာန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးခင်မောင်လေး(ခ)**
**မောင်မောင် (ခရမ်းမြို့)**
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၄၅၅၊ လေးလွှာနေ (ဦးစိုး-ဒေါ်သန်းမြ)တို့၏သား၊ သန်လျင်မြို့နေ ဦးလှဦး-ဒေါ်သန်းနွဲ့တို့၏သားသမက်၊ ဦးမြင့်အောင်-ဒေါ်စန်းမြင့်ကြည်၊ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ပြုံးတို့၏ညီ/မောင်၊ မောင်ပြည့်ဖြိုးမောင်၊ မောင်ပြည့်တိုးနောင်တို့၏ဖခင်၊ ဒေါ်တင်မင်းသွယ်၏ခင်ပွန်းသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
**ဒေါ်ခင်ခင်စီ (ပန်းတနော်)**
စား/ဖျော်(ငြိမ်း)
အသက်(၉၃)နှစ်

ပန်းတနော်မြို့နေ မြို့အုပ်မင်း(ဦးမြ-ဒေါ်ဖွားဖြူ)တို့၏သမီး၊ မောင်ကျော်ဝင်း-မမာမာဌေး၊ မောင်မြင့်နိုင်စိုး-မသူဇာတင့်၊ မောင်ငြိမ်းဝင်းအောင်-မနှင်းနှင်းနိုင်၊ မောင်အောင်အောင်-မဥမ္မာတင့်၊ မောင်ကျော်ကျော်တင့်-မစန်းစန်းနွယ်၊ မောင်ဇော်လွင်ဦး-မမိုးမိုးဝင်း၊ မောင်အောင်ကျော်မိုး-မဝင်းဝင်း၊ မောင်အောင်ကျော်စိုး-မဇင်မာထွန်း၊ မောင်စိုးမိုးအောင် (MTM CO. LTD)-မဝင်းစန္ဒာမြင့်၊ မရွှေယမင်းဦး [စ-နှစ်၊P.H.(M.M.U)]တို့၏ဘွားဘွားကြီးသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၁၉၊ သုံးလွှာ(B) နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

**ဆရာကြီး ဦးရွှေဖြိုး**
(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)
အထက(၁)တောင်ကြီး
အထက(၁)ကလော
အထကရွာမ အင်းလေး
အထက(၁)လှိုင်လင်တို့၏
ကျောင်းအုပ်ကြီး
အသက်(၈၉)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နယ်မြေ(၁၆)၊ သန္တာလမ်း၊ အမှတ် ၉၆နေ (ဦးမောင်ကြီး-ဒေါ်ငြိမ်းမေ)တို့၏သား၊ (ဒေါ်အေးကြင်)၊ (ဒေါ်ဖွားသန့်)တို့၏မောင်၊(ဦးငွေစိုး)၊(ဒေါ်ခင်မြသန်း)၊ ဦးညွန့်ဇော် - ဒေါ်အေးလှဲ့အောင်တို့၏ အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ ဘကြီး၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဦးသန်းလွင်**
(မူးသာကျေးရွာ၊ ခင်ဦးမြို့)
အသက်(၈၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ ၈လမ်းနေ (ဦးဘကြီး-ဒေါ်ဇင်)တို့၏သား၊ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊(ဦးထွန်းခင်)-ဒေါ်သန်းညွန့်၊ ဦးသန်းအောင်-ဒေါ်မြင့်ကြည်၊ဦးချိုဝင်း(သူဇာနွယ်ပွဲရုံ)တို့၏ အစ်ကိုသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**မောင်သိန်းမင်းသစ်**
Final Part (1)
ဆေးတက္ကသိုလ်(၁)
အသက်(၂၁)နှစ်

မကွေးမြို့နေ ဦးကြည်လှိုင်-(ဒေါ်မြရှင်)တို့၏မြေး၊ဦးအာကာ-(ဒေါ်ကြည်လှ)၊ ဒေါ်ကြည်မြ၊ ဦးခင်မောင်လွင်-ဒေါ်ခင်ထွန်း၊ ဦးခင်မောင်ကြည်၊ ဦးရဲဝင်းစိုး-ဒေါ်ကြည်ကြည်ဌေး၊ ဦးဝင်းဦး-ဒေါ်မိမိနိုင်၊ဒေါ်မြင့်မြင့်လှိုင်၊ဒေါက်တာအောင်ဖေဝင်း-ဒေါက်တာရတနာထွန်း၊ ဦးစန်းဝင်း - ဒေါ်ဌေးဌေးဝင်းတို့၏တူ၊ ကွမ်းခြံကုန်းမြို့နေ (ဦးသာခင်-ဒေါ်သန်းကြည်)တို့၏မြေး၊ ဦးမြင့်သိန်း-ဒေါ်မေသစ္စာခင်၊ ဦးမြင့်သန်း-ဒေါ်တင်တင်စိုးတို့၏တူ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ နှင်းဆီဥယျာဉ်လမ်း၊ အမှတ် ၈၀နေ ဦးခင်မောင်သန်း (စက်ရုံမှူး၊ အမှတ်-၂၄၊ အကြီးစားစက်ရုံ) - ဒေါ်မြင့်မြင့်ဝေ (ကထိက၊ ဓာတုဗေဒ NDRC)တို့၏တစ်ဦးတည်းသောသားသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၁၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တကောသလ္လဓဇ မဟာထေရ်**
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၅၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ စိန်ရိပ်သာဓမ္မသုခကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လဓဇ မဟာထေရ်သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအားအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း
**စန္ဒရားကွန်းဇော် (ရန်ကုန်မြို့)**
အသက်(၇၂)နှစ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူ ဒေါ်လှဲ့လှဲ့ဝင်း(တက္ကသိုလ်လှဲ့လှဲ့)၏ခင်ပွန်း စန္ဒရားကွန်းဇော်သည် ၈-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်ဆွေနှင့် ဒေါ်နီလာသွင် မိသားစု

ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)**
ဌာနမှူး၊ တိ-ကုဌာနနှင့် ကျန်းမာရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိသားစုသဖွယ် ချစ်ခင်ရင်းနှီးရပါသော ညီမလေး ကလျာ၏ ချစ်ခင်ပွန်း ညီလေး ကိုသူရိန်ကျော် ကွယ်လွန်သွားခြင်းအတွက်မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်ဆွေနှင့် ဒေါ်နီလာသွင် မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်ခင်စီ(ပန်းတနော်) အသက်(၉၃)နှစ်**
စား/ဖျော်(ငြိမ်း)

ပန်းတနော်မြို့နေ မြို့အုပ်မင်း (ဦးမြ-ဒေါ်ဖွားဖြူ)တို့၏သမီး၊ (ဦးစိန်တင့်)-ဒေါ်ဌေးလှိုင်(ငါးဦးစီး၊ ငြိမ်း)၊ (ဦးကြည်ဝင်း-ဒေါ်မေဖြူအေး) (ပုလဲနှင့်ငါး၊ ငြိမ်း)၊ (ဦးစိန်အောင်၊ သစ်တော၊ ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဦးသစ်လွင်(ပြည်လုံးချမ်းသာ)-ဒေါ်မေသန်းအေး(ငါးဦးစီး၊ ငြိမ်း)၊ ဦးမောင်မောင်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်မေသန်းဌေး(ဆက်သွယ်ရေး၊ ငြိမ်း)၊ ဒေါ်မေမြအေး(ဆက်သွယ်ရေး၊ ငြိမ်း)၊ ဆရာဦးချိုမင်း-ဒေါ်မေနွယ်အေး (အထက-၆၊ ဗိုလ်တထောင်)၊ (ဦးတက်ထွဋ်)တို့၏ချစ်လှစွာသောမိခင်သည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၈း၄၅နာရီတွင် စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၁၉၊ သုံးလွှာ(B)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးသန်းလွင်** (မူးသာကျေးရွာ၊ ခင်ဦးမြို့)
အသက်(၈၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ ၈လမ်းနေ (ဦးဘကြီး-ဒေါ်ဇင်)တို့၏သား၊ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ ဦးသန်းရင်-ဒေါ်တင်ညွန့်၊ ဦးစိန်တုတ်-ဒေါ်စိန်ရင်တို့၏အစ်ကို၊ ဗိုလ်မှူးကြီးအောင်ဝင်း၊ ညွှန်/ချုပ်(ငြိမ်း) မြို့/အိုး-ဒေါ်မူမူတင်၊ ဒေါ်ခင်မာလွင် [အမက(မူးသာ) ကျောင်းအုပ်ကြီး၊ ငြိမ်း]၊ ဒေါ်သီတာလွင်(သူဇာနွယ်ပွဲရုံ၊ ရေဦး)၊ ဦးဝင်းလွင်-ဒေါ်နီလာဝင်း၊ ဒေါ်သန်းသန်းရီ(အထက-၁၊ ရေဦး)၊ ဒေါ်စန္ဒာဝင်း(ထွေ/အုပ်၊ ရေဦး)၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်တို့၏ဖခင်၊ ဦးဇေယျာမင်း(လ/ထညွှန်မှူး၊ ပို့/ဆက်၊ ဝန်ကြီးဌာန)-ဒေါက်တာမေဇွန်အောင်ဝင်း(ကထိက၊ ဆေး-၁၊ မျက်စိဆေးရုံ)၊ ဒေါက်တာအောင်ထက်ဝင်း-ဒေါက်တာမူမူရှိန်၊ မောင်လှိုင်ဖြိုး၊ မောင်ကောင်းစံ၊ မောင်ဘုန်းမြတ်သူတို့၏အဘိုး၊ ဦးဝင်းသန်း-ဒေါ်ကေသီဦးတို့၏ဘကြီး၊ မောင်ခန့်ထက်မင်း၊ ဒေါက်တာဝဏ္ဏာထွန်း၊ မစုဝေထွန်းတို့၏အဘိုးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)တွင် ရေဦးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးခင်မောင်**
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၈)ရပ်ကွက်၊ တိုက် ၄၊ အခန်း ၁၇နေ(ဒေါ်သန်းလှ)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စီမံ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ခင်သန်းအိ(စာရင်းစစ်၊ ငြိမ်း)၊ ဒေါ်အိအိသန်း(မူအုပ်)၊ ဦးသိန်းဇင်-ဒေါ်သန်းသန်းမာ၊ ဦးမြင့်စိုး-ဒေါ်စမ်းစမ်းမော်၊ ဦးအောင်ဇင်ဦး-ဒေါ်စမ်းနွဲ့တို့၏ဖခင်၊ မြေး ၂၀တို့၏အဘိုးသည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်ခင်မေတင့်**
အသက်(၈၂)နှစ်

မန္တလေးမြို့၊ ၈၂လမ်း၊ ရသာတန်းရပ်နေ (ဦးဗကြည်-ဒေါ်တင်ပု)တို့၏သမီး၊ ကျောက်သွေးတန်းရပ်နေ (ဦးဘရှင်-ဒေါ်သက်သက်)တို့၏သမီးချွေးမ၊ (ဦးအောင်အောင်)-ဒေါ်နွဲ့နွဲ့တင်၊ ဦးနိုင်ဝင်း-ဒေါ်ချိုမာအေး၊ ဗိုလ်မှူးခင်မောင်မြင့်(ငြိမ်း) ဌာနမှူး၊ မြို့/မြေ (MCDC)-ဒေါ်နှင်းယု၊ ဒေါက်တာဦးဝင်းမြင့်(ပါမောက္ခ ဌာနမှူး၊ ငြိမ်း)-ဒေါက်တာဒေါ်ထားယု (ပါမောက္ခ ဌာနမှူး၊ ပထဝီဝင်ဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်) ဒေါက်တာဒေါ်ဝင်းမာ (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ ဦးဇော်မင်းကြည်(ရွှေဝံဆီစက်)-ဒေါက်တာဒေါ်သက်ယု[ပါမောက္ခဌာနမှူး (IR)ဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်]တို့၏မိခင်၊ မြေး ၁၃ယောက်၊မြစ်ရှစ်ယောက်တို့၏အဘွား၊ မန္တလေးမြို့၊ ၆၂လမ်း၊ ၂၃×၂၄လမ်းကြား၊ မဟာဇေယျာဘုံရပ်နေ ဗိုလ်မှူးသန်းတင်(ငြိမ်း)၏ဇနီးသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ၆၂လမ်း၊ ၂၃×၂၄လမ်း နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာ-ထိုင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲကော်မတီ(JCC)ဥက္ကဋ္ဌ မစ္စတာ အာခွန်သန်ပစ်ထရာပိုင်ဆိ (H. E. Mr. Arkhom Termpittayapaisith) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ် များ၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံအကြား ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း

*စာမျက်နှာ ၅ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)



# ရွှေတိဂုံထမနဲထိုးပြိုင်ပွဲ အသင်းပေါင်း ၃၆ သင်း ပါဝင်ဆင်နွှဲ





**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဒသမအကြိမ် ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲထိုးပွဲနှင့် ထမနဲလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ထန်းပင်ကုန်းကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ပြီး ထမနဲထိုးပြိုင်ပွဲဝင် အသင်းအဖွဲ့ပေါင်း ၃၆ သင်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

"ရွှေတိဂုံ စေတီတော်မြတ်ကြီးရဲ့ အရိပ်တော်ကို ခိုလှုံကာ မိမိတို့ တတ်ကျွမ်းတဲ့ပညာရပ်များနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ အခွန်ထမ်းများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဝေယျာဝစ္စ

*စာမျက်နှာ ၅ ကော်လံ ၂* ▲

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားနှင့် ပြည်ထောင်စုနေ့ ညစာစားပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ အဆိုပါနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် ဖျော်ဖြေမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများကို ည ၆ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာအဖြာဖြာ

စာမျက်နှာ (၂၂၊ ၂၃)တွင် ဖော်ပြပါရှိသည်

## ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားအပြည့်အဝရရှိရန် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

*စာ - ၈*

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ မြေပြိုမှုဖြစ်ပွား လူခုနစ်ဦး သေဆုံး

*စာ - ၁၀*

**ရွှေပြည်နန်း** သနပ်ခါး
" ဝက်ခြံ မိတ်ကင်း ရနံ့သင်း၊ မွှေးကြိုင်လန်းဆန်း ရွှေပြည်နန်း "

ကျွန်မအမည်ဒေါ်တင်မေရီဖြစ်ပါတယ်။ ရွှေပြည်နန်းသနပ်ခါးဘူး စပေါ်ကတည်းကလိမ်းခဲ့တာ အခုထိပါပဲ။ ငယ်စဉ်ကမျက်နှာနှင့်ခန္ဓာကိုယ်မှာ မိတ်ဖုကြီးတွေပေါက်ခဲ့ပါတယ်။ သနပ်ခါးရည်ကျဲကိုသွေးပြီးလိမ်းခဲ့ရပါတယ်။ ကံ့ကော်ဝတ်ဆံကို သနပ်ခါးရည်ကျဲမှာ ထည့်သွေးပြီးရောလိမ်းရင် ပျောက်တယ်ဆိုလို့လိမ်းတာ ယားတာတော့ပျောက်ပြီး မိတ်ကတော့ သက်သာလိုက် ပြန်ထွက်လိုက်နဲ့ သံသရာလည်နေခဲ့ပါတယ်။ နွေရာသီရောက်မှာကို အလွန်ကြောက်မိပါတယ်။ မမျှော်လင့်ဘဲ ရွှေပြည်နန်းကထုတ်တဲ့ **ကံ့ကော်ဝတ်ဆံသနပ်ခါး**ကိုတွေ့တော့ အရမ်းဝမ်းသာမိပြီး နေ့စဉ်လိမ်းခဲ့တာ ယနေ့ထိပါဘဲ။ မိတ်လည်းမထွက်တော့ဘူး။ နွေရာသီရောက်မှာလဲ မကြောက်တော့ဘူး။ ရွှေပြည်နန်းသနပ်ခါးကို နှစ်ပေါင်းများစွာလိမ်းခဲ့လို့လားမသိဘူး။ ရင်းနှီးတဲ့ သူတော်တော်များများက အန်တီ့နားကပ်ရင်၊ အစ်မနားကပ်ရင်မွှေးနေတာပဲတဲ့။ ဘာရေမွှေးသုံးလဲလို့တောင် မေးယူရတယ်။ ရွှေပြည်နန်းသနပ်ခါးပဲ အမြဲလိမ်းတယ်၊ မိတ်လည်းမထွက်၊ ဝက်ခြံလည်းမထွက်၊ ကိုယ်သင်းရနံ့ကလည်း အမြဲမွှေးကြိုင်နေတာပါပဲရှင် လို့ပြောလိုက်မိပါတယ်။ ပြည်တွင်းပြည်ပခရီးသွားလို့ကတော့ မပါမဖြစ်အမြဲယူဆောင်သွားတာ ရွှေပြည်နန်းသနပ်ခါးဘူးပါပဲ။ ခရီးကြမ်းမှာတောင် ရွှေပြည်နန်း သနပ်ခါးနံ့လေး မွှေးနေလို့ နေ့နေ့ညည အမောပြေစေပါတယ်။ ကိုယ်အရမ်းနှစ်သက်တဲ့ ပစ္စည်းကောင်းကြောင်းကို ရေးသားဖော်ပြခွင့်ရတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာမိန်းကလေးများ ရွှေပြည်နန်းသနပ်ခါးလိမ်းပြီး မွှေးရနံ့သင်းပျံ့မည်ဖြစ်ကြောင်း၊ နွေရာသီမိတ်ထွက်တက်သည့်သူများ အတွက် ကြောက်စရာလုံးဝမလိုကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဒေါ်တင်မေရီ
(ကျောင်းဆရာမဟောင်း)

**ဒေါ်တင်မေရီ (ကျောင်းဆရာမဟောင်း)၊ အမှတ် ၁၇ (ဥယျာ) ချမ်းသာလမ်း၊ စမ်းချောင်း။**

ထပ်ဆင့်ထောက်ခံအပ်ပါသည်
ဒေါ်ဥမ္မာဝင့်သက်ပိုင် (Candy Girls Cosmetics)၊ ရန်ကုန်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)